
www.burmeseclassic.com

# သတိုးဝေလ

## ကဝေ့ သေလို ခြောက်တဲ့ ဂူရေသီ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ငွေမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃


- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- တွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၄၊ ဒီဇင်ဘာလ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃

သတိုးဝေဒ ၊ စာရေးဆရာ
ကာဝေသေလို့ ခြောက်တဲ့တစ္ဆေ
သတိုးဝေဒ ၊ ရန်ကုန်၊
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၁၇၂၊ ၁၂.၅ × ၂၀ စင်တီမီတာ
ကာဝေသေလို့ ခြောက်တဲ့တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com






## နိဒါန်း

လသရောင်ကြောင့် သစ်ပင်ဝါးပင်တို့၏ အရိပ်က ရွာလည်လမ်းမပေါ်သို့ ထိုးကျနေ၏။ လူခြေတိတ်၍ အိပ်ချိန်တန်ပြီဖြစ်သောကြောင့် ကာလသားတစ်ဦးတလေ၏ ပုလွေသံမှအပ ရွာသည် တိတ်ဆိတ်နေ၏။

ရွာတောင်ဘက်နားရှိ သစ်သားခြေတံရှည်အိမ်တစ်လုံး၏ အောက်ဘက်နွားစားကျင်းနှင့် နွားချည်တိုင်များကြားတွင် တကုပ်ကုပ်အလုပ်ရှုပ်နေသော ဘိုးလေးစိန်သောင်းကတော့ တစ်စုံတစ်ရာကို မကျေမနပ်ဖြင့် တတွတ်တွတ် ရေရွတ်နေလေသည်။

ဘိုးလေးစိန်သောင်းက နွားခြင်မီးထည့်ရာမှ မီးခိုးတွေအူထွက်လာသည်အထိ ယပ်ခတ်ပေးလိုက်သည်။ ပြီးတော့မှ လင်းအိမ်မီးအိမ်ကို ကိုင်ကာ အိမ်ပေါ်သို့ တက်လာရင်း ဇနီးဖြစ်သူ ဖွားငွေကို လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းရဲ့ သားတော်မောင် ထွန်းခင်ကတော့ လုပ်လိုက်ပြန်ပြီ ဟေ့။ ညနေက နွားတွေသိမ်းလာတာ တစ်ကောင်ပါမလာဘူးလေ''

''ဟင် ‥ ဟုတ်လား။ ဘယ်အကောင်ကြီးတုန်းတော့''

''တိုးပွားလေ ‥ ပြီးခဲ့တဲ့အပတ်ကမှ သဖန်းချောင်က ဝယ်ထားတာ''

ဘိုးလေးစိန်သောင်းတို့နေထိုင်ရာ ထော်ပုံရွာနှဲ့ သဖန်းချောင်မှာ ရွာချင်းဆက်နေ၏။ ထော်ပုံဆိုသည်က မွန်ဘာသာစကားဖြစ်ပြီး နဘဲပင်ပေါက်ရာကုန်းဟု အမည်ရသော မြစ်ဝကျွန်းပေါ် ရွာတန်းရှည် ဖြစ်သည်။

အနီးဆုံးဖြစ်သော လပွတ္တာမြို့ဆီသို့ပင် ခြေလျင်ခရီးဖြင့် တစ်ညအိပ်ခန့် သွားရသော ဝေးလံခေါင်သီလှသည့် ရွာတန်းရှည်ဖြစ်လေသည်။ ကိုလိုနီခေတ်စီးပွားရေး နှိမ့်ကျမှုများကြောင့် မဝရေစာ စိုက်ပျိုးရှာဖွေစားသောက်ရသော ကျောမွဲလူတန်းစားများ နေထိုင်ကြ၏။

အခုလည်း ဆင်းရဲသားပိပိနွားတစ်ကောင်လုံး ပျောက်ဆုံးခြင်းအတွက် ဘိုးလေးစိန်သောင်းတစ်ယောက် ညည်းညူ၍ မဆုံးနိုင်အောင် နှမြောတသဖြစ်နေလေ၏။ ဇနီးဖြစ်သူ ဖွားငွေက –

''တိုးပွားကြီးက မျက်စိတွေ ဘာတွေလည်ပြီး သူ့အရင် သခင်ဟောင်းရှိတဲ့ သဖန်းချောင်ကို ပြန်သွားတာများလားတော်''

ဘိုးလေးစိန်သောင်းက တွေတွေငေးငေးဖြင့် စဉ်းစားလိုက်ပြီး ခေါင်းကို တစ်ချက်ညိတ်ကာ –

''အေး ‥ ဖြစ်နိုင်တယ်ဟ၊ ကဲပါလေ ‥ ပြောနေကြာပါတယ်။





ငါ ခေါင်းပေါင်းနေကျတဘက်လေး လှမ်းလိုက်စမ်းပါဦး မယ်ငွေရယ်။ သဖန်းချောင်ကို ငါ လိုက်သွားပြီး မေးဦးမြန်းဦးမှပါ''

''တော့်ဟာကလည်း ညကြီးမင်းကြီး သွားမလို့လားရှင်''

''သွားရမှာပေါ့ဟ ‥၊ မတော်လို့ နွားသူခိုးတွေနဲ့ တွေ့သွားရင် ဘယ်နှယ့်လုပ်မလဲ။ ဒါမှမဟုတ် မျက်စိလည်ပြီး တောထဲရောက်သွားရင် ဟင်းကောင် (ကျား) ဆွဲသွားလို့ ချိုနဲ့ခွာပဲ ကျန်လိမ့်မယ်။ ငါ လိုက်မှ ဖြစ်မှာပါပဲလေ။ မင့် သားတော်မောင်က အသုံးမှ မကျဘဲကို''

ဖွားငွေက ဖျောင်းဖျောင်းဖျဖျဖြင့် –

''အိုတော် ‥ လူလေးက ရုပ်ရေးရွာရေးလည်း လုပ်ရသေးတာကို။ ကထိန်ပွဲနီးပြီဆိုတော့ တစ်နေကုန်ပတ်ပြီး ရွာတန်းရှည်တစ်ဆယ့် နှစ်ရွာလုံး လိုက်အလှူခံရတာ ပင်ပန်းတာပေါ့တော်၊ အဲဒါကြောင့် မောမောနဲ့ သတိလက်လွှတ်ဖြစ်သွားတာနေပါလိမ့်မယ်''

ဟုတ်တော့လည်း ဟုတ်သည်၊ သူတို့ ရွာတန်းရှည်တစ်ခုလုံးက ဘုံကထိန်ပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကျင်းပလေ့ရှိသည်။ ထို့ကြောင့် သီတင်းကျွတ်လို့ ခြေခင်းလက်ခင်းသာပြီဆိုကတည်းက ရပ်ရေးရွာရေးလုပ်သော လူငယ်များက ရွာစဉ်လှည့်ပြီး အလှူခံလေ့ရှိကြ၏။

ဒိုးပတ်ဝိုင်းနှင့် အတီးအမှုတ်၊ အကအခုန်တွေလည်းပါသည်။ တစ်ပျော်တစ်ပါး ကကြခုန်ကြသည်။ ဝါးဖြင့် ဦးရှေ့ရှိပုံ အရုပ်ကြီး



www.burmeseclassic.com

ယက်လုပ်ကာ စက္ကူဖြင့် ကပ်၊ ပုံဖော်ထားကြသည်။ ပြီးတော့ အဲဒီအရုပ်ကြီးထဲ လူဝင်ပြီး ဘယ်ညာယိုင်ထိုးကာ ကရင်း ရွာစဉ်လှည့်အလှူခံကြ၏။

လူငယ်တွေပီပီ ပင်ပန်းတော့ အသောက်အစားလည်း နည်းနည်းပါးပါး ရှိနိုင်လောက်သည်ဟု ဘိုးလေးစိန်သောင်း တွက်ဆမိ၏။ အခုလည်း ထွန်းခင်တစ်ယောက် မူးမူးနှင့် အိမ်ပေါ်တွင် သိုးနေအောင် အိပ်ပျော်နေခြင်းဖြစ်မည်။

သို့သော် ဇနီးဖြစ်သူ ဖွားငွေ စိတ်မကောင်းဖြစ်မှာစိုးသဖြင့် ဘိုးလေးစိန်သောင်းက ဘာမှ ထပ်မပြောမနေတော့ဘဲ တဘက်တစ်ထည်ကို ခေါင်းပေါင်း ပေါင်း၍ ဖျင်စောင်ကြမ်းတစ်ထည်ကို ပခုံးပေါ်တင်ကာ မြွေပါးကင်းပါးခြောက်လှန့်ဖို့ နကန် (နွားရိုက်တုတ်) တစ်ချောင်းကိုင်ပြီး ခြံဝိုင်းထဲမှ ထွက်ခဲ့တော့၏။





လရောင်ပျောက်ကြား ကျနေသော ရွာလည်လမ်းအတိုင်း လျှောက်လာရင်း ဓမ္မာရုံရှေ့နားဆီရောက်တော့ ဓမ္မာရုံစောင့် ဦးသူတော်ကိုများတွေ့မလားလို့ ကြည့်လိုက်မိသေး၏။ သို့သော် မတွေ့ရ။ ခါတိုင်းဆိုလျှင် ဦးသူတော်က ဓမ္မာရုံရှေ့က တံစက်မြိတ်အောက်မှာ မီးဖိုကာ ရေနွေးကျိုရင်း ဖြတ်လာသမျှ လူတိုင်းကို အခါးရည်သောက်ဖို့ ဖိတ်ခေါ်ပြီး စကားစမြည်ပြောလေ့ရှိသည်။

အခုတော့ မီးပင်ထွန်းမထားချေ။ လူသူမရှိ ခြောက်ကပ်တိတ်ဆိတ်လွန်းတော့လည်း စိတ်ထဲမှာ ကြည့်ရတာတစ်မျိုးကြီးဖြစ်နေ၏။ ချောက်ချားစရာလိုလို ဘာလိုလို ..။

ဒီကြားထဲ ဘယ်နေရာကမှန်းမသိ ဆွဲဆွဲငင်ငင် အူလိုက်သောခွေးအူသံက ထွက်ပေါ်လာသေး၏။ ဘိုးလေးစိန်သောင်းက ဟိုဟိုဒီဒီကြည့်လိုက်တော့ ဓမ္မာရုံအပြင်ဘက် သရက်ပင်အောက်မှာ လုံးပတ်က လက်နှစ်ဖက်စာလောက်ရှိပြီး ဝါးတစ်ပြန်စာနီးနီး အရပ်မြင့်လှသော လူဖြူဖြူကြီးတစ်ယောက် မားမားရပ်နေသည်ကို တွေ့လိုက်ရတော့သည်။

www.burmeseclassic.com



"ဟင် ‥ ဘုရား ‥ ဘုရား"

ဘိုးလေးစိန်သောင်း ယောင်ပြီး ဘုရားတလိုက်မိသည်။ နောက် … သေသေချာချာ ကြည့်လိုက်တော့မှ ဝါးဖြင့် ယက်ပြီး စက္ကူကပ်ထားသော ဦးရှေ့ရိုးအရုပ်ကြီး ဖြစ်နေမှန်း တွေ့လိုက်ရသည်။

"ဟူး … နာနာဘာဝများလား အောက်မေ့လို့ ငါဖြင့် ရင်ကို ထိတ်သွားတာပဲ"

အလှူခံသည့်အခါ လှူဝင်ပြီး ကလေ့ရှိသည့် ဦးရှေ့ရိုးအရုပ်ကြီးက တစ်ဝက်တစ်ပျက် လရောင်အောက်တွင် ပြောက်တိပြောက်ကြား သာ မြင်နေရသည်။ အရုပ်ကြီး၏ ပါးစပ်ကတော့ ပြုံးနေ၏။ လက်ဖက်ပန်းကန်ပြားဝိုင်း အရွယ်ခန့်ရှိသော မျက်လုံးကိုလည်း ဆေးနက်ရောင်ဖြင့် ဝိုင်းစက်ထူထဲစွာ ရေးခြယ်ထားသည်။

ဘိုးလေးစိန်သောင်းက အရုပ်ကြီးကို ကြည့်ရင်း ကျောထဲစိမ့်သလိုလို၊ ကြက်သီးမွေးညင်းများ ထချင်သလိုလို ဖြစ်လာသောကြောင့် မျက်နှာလွှဲပြီး ရွာပြင်ဘက်ဆီသို့သာ ခပ်သုတ်သုတ် လျှောက်ခဲ့လေတော့သည်။

■





ညမိုးချုပ်နေပြီဖြစ်သောကြောင့် သဖန်းချောင်ရွာသို့ ဖြတ်လမ်းက သွားမိတော့မှပဲ ပိုဆိုးနေတော့သည်။ မျက်စိမှားပြီး တောထဲမှာ ချာချာလည်နေ၏။ ဆောင်းတွင်းကြီးဖြစ်သည့်တိုင် ဘိုးလေးစိန်သောင်း နဖူးမှာ ချွေးစို့နေတော့သည်။

အမောဖြေချင်လာသောကြောင့် ဘိုးလေးစိန်သောင်းက ပုခုံးပေါ်တင်ထားသည့် ဖျင်ကြမ်းစောင်ဖြင့် မျက်နှာပေါ်မှ ချွေးစက်များကို သုတ်လိုက်၏။ လက်နှစ်ဖက်ခန့်လုံးပတ်ရှိသော ကုက္ကိုပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ထိုင်ချလိုက်သည်။

"ဟူး ‥ ငါ့လခွေး သဖန်းချောင်ဘက်မရောက်ဘဲ ဖက်ယားတောဘက်ရောက်နေပြီထင်တယ်။ အင်း ‥ ဒုက္ခ ‥ ဒုက္ခ"

ဘိုးလေးစိန်သောင်းက ခါးပိုက်ထဲထည့်ယူလာသော ကွမ်းယာကို ပါးစပ်ထဲ ပစ်ထည့်ဝါးရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ တောရိပ်တောင်ရိပ် ချုံလွှမ်းရာဒေသဖြစ်သောကြောင့် ပိုးကောင်ပုရစ်ကောင်တို့ အော်မြည်နေသံ တစီစီကို ကြားရသည်။ ရံဖန်ရံခါ လေဝှေ့လိုက်သောအခါ သစ်ကိုင်းခက်လက်တွေ ယိမ်းနွဲ့သွားပြီး တရှဲရှဲမြည်သွားကြ၏။

www.burmeseclassic.com



ဟိုးအဝေးဆီမှ ချေဟောက်သံသဲ့သဲ့ကို ကြားရသည်။ တောကောင်ငယ်တို့မြူးထူးပြေးလွှားကြသံကိုလည်း ကြားရ၏။ တောထဲတောင်ထဲဆိုတော့ ဒီလိုပင် ကြားနေကျဖြစ်သည်။

ထိုစဉ် ရုတ်တရက်ဆိုသလို သဘာဝ၏ အသံတွေအားလုံး ရုတ်ချည်း တီခနဲ ပြတ်တောက်ကာ တိတ်ဆိတ်သွားသည်။ သေတ္တာတစ်လုံးထဲ ထည့်ပြီး အဖုံးပိတ်ခံထားရသလိုမျိုး ထူးထူးခြားခြား အသံမဲ့နေ၏။

လေကလည်း လုံးဝ မတိုက်ခတ်ဘဲ ဘာရွေ့လျားမှုမှ မရှိတော့သလို ငြိမ်သက်ရပ်တန့်နေသည်။ လေမတိုက်ဘူးဆိုကာမှ အပုပ်နံ့တစ်ခုက ထူးထူးခြားခြား ထောင်းခနဲ လွင့်ပျံ့လာ၏။

တောထဲသို့ ဝင်နေကျဖြစ်သော ဘိုးလေးစိန်သောင်းက အခုလို ဖြစ်နေပုံသည် သဘာဝမကျမှန်း တစ်စုံတစ်ရာ မှုမမှန်ကြောင်း ချက်ချင်းဆိုသလို ရိပ်မိလိုက်သည်။ သတိနဲ့ နေမှပဲဟု တွေးရင်း သူ့ကျောရိုးတစ်လျှောက် တောင့်တင်းသွား၏။

"ရှဲ . ."

တိရစ္ဆာန်တစ်ကောင်ကောင်က သစ်ပင်တွေကြား တိုးဝှေ့သွားသလို အသံကြားလိုက်ရသည်။ ဘိုးလေးစိန်သောင်းက ပျောက်နေသော သူ့နွားများလားဟု ခေါင်းထောင်ကြည့်လိုက်၏။

"တိုးပွားရေ . . တိုးပွား . . ဖေ့သားကြီး"

ဟု ခေါ်သံပြု၍ ထိုင်ရာမှ ထလိုက်ဖို့ ခြေလှမ်းပြင်သည်။ ထို မည်းမည်းသဏ္ဍာန်က ကိုင်းပင်တွေကြားထဲ တိုးဝင်သွား၏။





ထိုစဉ် –

"ဂစ် . . ဂစ် . . ဂစ်"

"ဟဲ့ . . ရှူး . . ရှူး . . နိမိတ်မရှိ နမာမရှိနဲ့"

ဦးခေါင်းပေါ်ရှိ သစ်ကိုင်းထက်မှ ငှက်ဆိုးတစ်ကောင်က မြည်တွန်လိုက်သဖြင့် ဘိုးလေးစိန်သောင်းက ခြောက်လှန့်မောင်းထုတ်လိုက်၏။

ငှက်ဆိုးက 'ဖလူး' ခနဲ ထပျံသွားချိန်တွင် ဘိုးလေးစိန်သောင်း ရုတ်တရက် ကြက်သီးများ ထသွား၏။

လက်ထဲက နကန်ကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း ကိုင်းပင်တွေကြားထဲ တိုးဝင်လိုက်သွားသည်။ ဘာမှ မတွေ့။

သို့သော် သူ့ကျောကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားရ၍ ပြန်လှည့်ကြည့်လိုက်သည်။ စောစောက သူထိုင်နေခဲ့သော ကုက္ကိုပင်ကြီး၏ ဘေးတွင် လူခပ်ကြီးကြီးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင် . ."

ရှေ့သို့ လေးငါးလှမ်းခန့် တိုးသွားပြီးသည့်အခါတွင်ကား ထိုသဏ္ဌာန်သည် လူမဟုတ်ဘဲ ဝါးဖြင့် အရုပ်ချိုးပြီး စက္ကူကပ်ထားသည့် ဦးရွှေရိုးအရုပ်ကြီးမှန်း တွေ့လိုက်ရလေသည်။

"ဟင် . . ဒီအရုပ်ကြီးက စောစောတုန်းက ဓမ္မာရုံဘေး သရက်ပင်အောက်မှာ ငါ တွေ့ခဲ့တာပါ။ ဒါကြီးကို ဟောဒီ တောထဲ ဘယ်သူထမ်းယူလာတာပါလိမ့် . ."

www.burmeseclassic.com



ဘိုးလေးစိန်သောင်းက လက်ထဲက နကန်တုတ်ကို ထောက်ကာ ထောက်ကာဖြင့် အရုပ်ကြီးရှိရာဆီသို့ လျှောက်လာမိလေ၏။

လရောင်အောက်တွင် သူ မြင်နေရသည့်စက္ကူရုပ်ကြီး၏ မျက်နှာက တစ်မျိုးကြီး ဖြစ်နေသည်။ အရုပ်၏ပါးစပ်က ပြုံးရယ်နေတာနှင့် မတူဘဲ ကြောက်စရာကောင်းအောင် သွားဖြဲပြသလိုဖြစ်နေ၏။

ဆေးသားအနက်ရောင် ထူထူပိန်းပိန်း ခြယ်ထားသည့် အရုပ်မျက်လုံးကို ကြည့်လိုက်တော့ မြင်ဖူးနေကျမဟုတ်သလို ခံစားရသည်။ အနက်ရောင်မျက်ဆံက မျက်လုံးအလည်တည့်တည့်တွင်မရှိဘဲ မျက်ဖြူလန်နေသလိုမျိုး အပေါ်သို့ ကပ်နေကြ၏။

ဘိုးလေးစိန်သောင်းက စူးစမ်းချင်စိတ်ဖြင့် ရှေ့သို့ သုံးလေးလှမ်းထပ်တိုးသွားသည့်အခါ စက္ကူရုပ်၏ မျက်လုံးအနက်ဆံက သူ့ကို လိုက်ကြည့်သလိုမျိုး ဖြည်းဖြည်းချင်း ရွေ့လျားသွားကြသည်။

သူ အံ့သြလွန်းသဖြင့် ကြက်သေ သေပြီး ကြည့်နေမိ၏။ ထိုစဉ် အရုပ်ကြီးက မျက်တောင်တစ်ချက် ခတ်လိုက်၏။

ဘိုးလေးစိန်သောင်း၏ လက်ထဲက နကန်ကြိမ်လုံး လွတ်ကျသွား၏။ အရုပ်ကြီးက သိသိသာသာပင် နောက်တစ်ကြိမ် မျက်တောင်ခတ်လိုက်သည်။

''ဟာ ..''

အကြောက်လွန်နေသော ဘိုးလေးစိန်သောင်းဆီသို့ အရုပ်ကြီးက တရွေ့ရွေ့ ချဉ်းကပ်လာသည်။ ထိုအခါမှပင် သေသေချာချာ ကြည့်မိတော့သည်။







အရုပ်ကြီးထဲမှာ လူဝင်နေခြင်း မဟုတ် ..။ အရုပ်၏ အောက်ပိုင်းတွင် ခြေထောက် လုံးဝမရှိဘဲ မြေကြီးအထက် တစ်တောင်ခန့်တွင် ဒီအတိုင်းလွတ်နေပြီး ဖြည်းဖြည်းချင်း ရွေ့လာခြင်း ဖြစ်သည်။

''အောင်မလေး .. လုပ်ကြပါဦးဗျ ..၊ သရဲ .. သရဲ''

ဘိုးလေးစိန်သောင်းကား အသံကုန်အော်ဟစ်ရင်း ခြေဦးတည့်ရာ ပြေးလေတော့သည်။ ဦးတည်ရာမဲ့ .. ပရမ်းပတာ ..။ သူ့ခန္ဓာကိုယ်ကို ခြေထောက်နှစ်ချောင်းက သယ်နိုင်သလောက် အစွမ်းကုန်ပြေးသည်။

နောက်ဆုံး မောပိုက်လာပြီး ပုံလျက်သား လဲကျသည်အထိ ...။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ထော်ပုံချောင်းဘေးတွင် ပုံလျက်သား လဲကျနေသော ဘိုးလေးစိန်သောင်းကို ရွာသားများက တွေ့သဖြင့် အိမ်သို့ ထမ်းခေါ်လာကြသည်။

■





ဘိုးလေးစိန်သောင်းကား သတိရလိုက်၊ မရလိုက်နှင့် တစ်ချက် တစ်ချက် 'အရုပ်ကြီး လိုက်လာပြီ ... အရုပ်ကြီး လိုက်လာပြီ' ဟု ယောင်ယမ်းအော်ဟစ်သည်။

သုံးရက်မြောက်ညတွင်ကား ဘိုးလေးစိန်သောင်း သတိလည် လာသည်။ အစာရေစာ၊ ရေပါ မဝင်သဖြင့် အားပြတ်နေသော ဘိုးလေး က လေသံသဲ့သဲ့ဖြင့် ဇနီးဖြစ်သူဖွားငွေအား သူ သရဲခြောက်ခံရသည့် အကြောင်း ပြောပြပြီး ထိုနေ့မနက်လင်းအားကြီးတွင် ကွယ်လွန်သွား ရှာလေတော့သည်။

ဘိုးလေးစိန်သောင်း၏ အသုဘတွင် တီးခတ်လိုက်သည့် ကြေးစည်သံကား ရွာတန်းရှည် တစ်ဆယ့်နှစ်ရွာစလုံးကို လွှမ်းပျံ့သွား သည်။

ထိုကြေးစည်သံကပင် ရွာတန်းရှည် တစ်ဆယ့်နှစ်ရွာအတွက် နိမိတ်ဆိုးဟု ဆိုရမည်လား မသိပါ။

ထို .. ချောက်ချားစရာ အဖြစ်အပျက်၏ နိဒါန်းသည်ကား ...။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

မနက်ခင်းအရုဏ်တက် ဝါဖျော့ဖျော့နေရောင်ခြည်က ကျူထရံလေးထောင့်ကွက်ပေါက်တွေကိုဖြတ်ကာ အိမ်အတွင်းသို့ ထိုးကျလာသဖြင့် ကိုဖေသော်တစ်ယောက် အိပ်ရာမှ ဆတ်ခနဲ နိုးကာ ထထိုင်လိုက်၏။

ခပ်လှမ်းလှမ်းမီးဖိုထဲတွင် ရေနွေးအိုးတည်နေသော တူမဖြစ်သူ သင်းသင်းကြည်က –

''သြော် ․․ ဘဒွေးတောင် နိုးလာပြီကိုး။ ခဏလေးနော် ဘဒွေး ․․ ရေနွေးအိုးက ခွင်ပေါ်မှာ လက်စကြီးဖြစ်နေလို့။ ပြီးရင် ဘဒွေးမျက်နှာသစ်ဖို့ ရေယူခဲ့မယ်''





ကိုဖေသော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ ဟိုဟိုဒီဒီ မျက်လုံးဝေ့ကြည့်လိုက်တော့ အိမ်ရှေ့ကွပ်ပျစ်တွင် ဇနီးဖြစ်သူ မပေါက်စိက သူ ဈေးရောင်းမည့် ငါးများကို အကြီးအသေး ရွေးထုတ်နေသည်ကို တွေ့ရသည်။

ခဏအကြာတွင် တူမဖြစ်သူ သင်းသင်းကြည်က ရေထည့်ထားသည့် ဖလုံတစ်ခုနှင့် ယောတဘက်တစ်ထည် ပုခုံးပေါ်လွှားကာ ကိုဖေသော့်အနား ရောက်လာသည်။

''ကဲ ․․ ဘဒွေး မျက်နှာသစ်ရအောင်နော်၊ ရော့ ․․ ဒီမှာက သွားတိုက်ဖို့ ဆား ․․''

သင်းကြည်မက ပြောရင်း ကိုဖေသော်လက်ထဲသို့ ဆားလက်တစ်ဆုပ် ထည့်ပေးလိုက်သည်။

ကိုယ်လက်သန့်စင်ပြီးနောက် ကိုဖေသော်က –

''ဟဲ့ သင်းကြည်မ ․․ ငါ အပေါ့သွားချင်လို့။ ငါ့ကို တွဲပြီး နောက်ဖေးထဲ ပို့ပါဦးဟာ''

သင်းသင်းကြည်က တစ်ချက်မညည်းညူဘဲ –

''ဟာ ․․ ဘဒွေးကလည်း ဘာလို့နောက်ဖေးထဲထိသွားမှာတုန်း ․․။ ချော်ပြုလဲနေပါဦးမယ်။ ခဏလေး သမီး အိုးယူပေးမှာပေါ့။ အိုးထဲပဲ သွားပါ''

ဟု ပြောကာ သွက်လက်စွာဖြင့် ဆီးအိုးပြေးယူလေ၏။ ကိုဖေသော်ကတော့ တူမဖြစ်သူကို ကြည့်ပြီး သနားလည်း သနား၊ ကိုယ့်ကိုယ်ကိုယ်လည်း အားမလို၊ အားမရ ဖြစ်သွားသည်။ လွန်ခဲ့သည့် ၃ လခန့်က ကိုဖေသော်တစ်ယောက် မတော်တဆထိခိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ခါးအောက်ပိုင်းတစ်ခုလုံး မလှုပ်ရှားနိုင်အောင် ချည့်နဲ့သွားခဲ့၏။

ထို့ကြောင့် ပလဲပဝရွာက ကိုဖေသော်၏ အစ်ကိုဖြစ်သူက သူ့သမီး သင်းကြည်မကို လူမမာပြုစုဖို့ လွှတ်ပေးထားခြင်းဖြစ်သည်။ သင်းကြည်မက အသက် ၁၇ နှစ်သာသာခန့်သာ ရှိသေးသည်။ အပျိုအရွယ်လေးတန်မဲ့ ဦးလေး လူမမာယောကျ်ားကြီးအား ပြုစုပေးနေရသည်ကို ကြည့်ပြီး ကိုဖေသော်တစ်ယောက် ဝမ်းနည်းစိတ်မကောင်း ဖြစ်ရသည်။

သို့သော်လည်း သားထောက်သမီးခံလည်း မရှိ၊ ဇနီးဖြစ်သူမှာလည်း ဝမ်းရေးအတွက် ဈေးရောင်းနေရသည်မို့ ဒီတူမတစ်ယောက်ကိုသာ သားသမီးလို အားကိုးနေရသည်။

ခဏအကြာတွင် သင်းကြည်မက ကိုဖေသော်အတွက် ဆီးသွားဖို့ အိုးယူလာပေးသည်။

ထိုစဉ် အိမ်ရှေ့ကွပ်ပျစ်ဆီမှ မပေါက်စက –

''သင်းကြည်မကရေ ‥ ဘာလုပ်နေလဲ၊ ဒီမှာ ငါ့ကို လာကူပါဦးဟယ်၊ ဈေးထွက်ဖို့က နေတော်တော်မြင့်နေပြီ''

ဟု လှမ်းအော်ခေါ်လိုက်၏။

''ဘာဒွေး ‥ သွားထားနှင့်နော်။ ပြီးမှ သမီးသွန်လိုက်မယ်။ ဟိုမှာ ဒွေးလေးကို သွားကူလိုက်ဦးမယ်သိလား''

သင်းသင်းကြည်က ပြောပြီး ''လာပြီ ဒွေးလေးရေ'' ဟု အသံပေးကာ အိမ်ရှေ့ဆီသို့ ပြေးထွက်သွားသည်။ အိမ်ရှေ့ရောက်တော့ မပေါက်စတစ်ယောက် မနက်စောစော ဆောင်းတွင်းကြီးမှာတောင် ချွေးပြိုက်ပြိုက်ကျနေလေပြီ။ သင်းသင်းကြည်ကို တွေ့တော့ –





''ကဲ ‥ ငါ့တူမရေ ဒွေးလေးကို လာကူစမ်းပါဦး။ ဒီနေ့ ငါးက အမျိုးအစားများတော့ တစ်ယောက်တည်းလုပ်နေရင် ဒီနေ့ အဖို့ ဈေးရောင်းသွားရတော့မယ်တောင် မထင်ဘူး''

ဟု ညည်းညည်းညူညူ ပြောလိုက်၏။

ငါးဒိုင်မှ သောင်းပြောင်းဈေးဖြင့် ယူလာသည့် ငါးမျိုးစုံကို အမျိုးအစားနှင့် အကြီးအသေးခွဲကာ ဈေးသတ်မှတ်ရသည်။ ဥပမာ– ငါးနုသန်းဆိုလျှင် အကောင်ပေါက်လေးများပါသလို အကောင်ကြီးများလည်း ပါလာသည်။

ထို့ကြောင့် အမြတ်များများရအောင် ငါးနုသန်းအကြီးဆိုလျှင် ဈေးတစ်မျိုး၊ အသေးဆိုလျှင် ဈေးတစ်မျိုး စသဖြင့် ခွဲခြားသတ်မှတ်ပြီး ရောင်းရခြင်းဖြစ်သည်။

ဟိုးအရင် ကိုဖေသော် ငါးဖမ်းနိုင်တုန်းကဆိုလျှင်တော့ အမြတ်လည်း ပိုရသလို၊ ဒီလိုလည်း မပင်ပန်းခဲ့။ အခု သူများဆီကတစ်ဆင့် ယူရောင်းရသည်မို့ အမြတ်လည်း နည်းသလို ပိုလည်း ပင်ပန်းသည်။

သို့သော် မတတ်နိုင်။ စားဝတ်နေရေးအတွက် ဒီလိုမှ မလုပ်လျှင် ထမင်းဝတ်ဖို့ပင် ရှိတော့၏။ ကိုဖေသော်ကလည်း နေကောင်းတာမဟုတ်။

ထိုသို့ဖြင့် တူဝရီးနှစ်ယောက် ဖက်ကြောတွေ ထိုးလာသည်အထိ ခေါင်းချင်းဆိုင် အပြိုင်ရွေးနေကြစဉ်မှာပင် နတ်ဝင်သည် ဒေါ်အုန်းလှ ရောက်လာ၏။

''ဟယ် ‥ မပေါက်စ ‥ ညည်းက အခုထိ ဈေးမထွက်ရသေးဘူးလား။ နေတောင် အတော်မြင့်နေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ့ အရိုးလေးရယ်။ ဒီနေ့ ငါးနည်းနည်းများတာနဲ့လေ၊ နေကောင်းရဲ့လား၊ ဘယ်လိုနေသေးလဲ"

ဒေါ်အုန်းလှအမေးကြောင့် မပေါက်စက အိမ်ပေါ်သို့ လှမ်းကြည့်လိုက်ရာ ဖင်ရွှေ့ဖင်ရွှေ့နှင့်လာနေသော ခင်ပွန်းဖြစ်သူ ကိုဖေသော်ကို တွေ့လိုက်ရသည်။

"အင်း . . ဒီခြံဝိုင်းလေးထဲမှာတော့ ဖင်ရွှေ့ဖင်ရွှေ့ သွားလို့ရပြီပေါ့ အရိုးလေးရယ်။ ဟောဒီတူမလေး လာနေပေးလို့ပဲ။ နို့မို့ဆို ကျုပ်ကလည်း အလုပ်တစ်ဖက်နဲ့ သူ့ကို ပြုစုဖို့ မလွယ်ဘူးလေ . ."

ဒေါ်အုန်းလှက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံလိုက်သည်။ ကိုဖေသော်ကလည်း –

"ဟုတ်တယ် . .၊ ကျုပ်လည်း ဒီလို ဒုက္ခတဘဝကြီးနဲ့ မနေချင်တော့ပေါင်ဗျာ။ ဟိုလူ့ဒုက္ခပေး ဒီလူ့ဒုက္ခပေးနဲ့။ နေ့တိုင်းသေဖို့ကိုပဲ ကြိတ်ဆုတောင်းနေရတယ်၊ ဗုဒ္ဓဘာသာဆိုတော့လည်း အဖန်ငါးရာ ငါးကမ္ဘာကို ကြောက်လို့သာ။ နို့မို့ဆို အဆိပ်စားပြီး သေပစ်လိုက်တယ် အဟုတ် . ."

"အို . . တော်ကလည်းတော် . .။ ဘာတွေ လျှောက်ပြောနေမှန်းကို မသိဘူး။ မနက်စောစောစီးစီးကြီးမှာ။ ဒီမှာ ကျုပ်ပြောမယ်၊ တော်သာ ကိုယ့်ဘာသာ နေကောင်းအောင်နေ။ ကျုပ်အတွက် ဘာမှ မပူနဲ့၊ ပေါက်စတို့က နဂိုကတည်းက ဈေးပန်း ခေါင်းရွက်လာတာ။ ဒုံရင်း ဒုံရင်း ဘာမှဖြစ်မသွားဘူး"





"ဟုတ်သားပဲ ဘဒွေးရယ်။ မဟုတ်က ဟုတ်က အတွေးတွေ လျှောက်မစဉ်းစားပါနဲ့၊ သမီးအတွက်လည်း စိတ်မကောင်းမဖြစ်နဲ့။ သမီးက ဘဒွေးကို ဒီလိုပြုစုခွင့်ရလို့ ကုသိုလ်တောင်ရသေးတယ်"

ဖနီးသည်နှင့် တူမဖြစ်သူအပြောကြောင့် ကိုဖေသော်က ဘာမှမပြောဘဲ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်၏။

နတ်ဝင်သည်ဒေါ်အုန်းလှက –

"အဲဒါ ပြောတာပေါ့ မောင်ဖေသော်ရဲ့။ သားကြီး ငါးကြီးတွေဆိုတာ မသတ်ကောင်းဘူးကွယ့်။ အဲဒီသားကြီး . . ငါးကြီးတွေဆိုတာက နတ်တွေစောင့်ရှောက်လို့သာ ဒီလောက်ကြီးနေကြတာလေ။ ဟောကြည့် . . အခု လက်တွေ့ပဲ မဟုတ်လား . .၊ ကဲပါလေ . . လွန်ပြီး ကိစ္စတွေကိုတော့ ခေါင်းထဲထည့်မနေပါနဲ့တော့နော်။ နောက်ဆိုရင်သာ နတ်တွေ ဘာတွေကို မခန့်လေးစား မယုံမကြည် သွားမလုပ်မိစေနဲ့ပေါ့"

ကိုဖေသော်တစ်ယောက်ကတော့ နတ်ဝင်သည် ဒေါ်အုန်းလှပြောနေသည်ကို မကြားတစ်ချက်ကြားတစ်ချက်နှင့်။ သူ့အကြည့်များက ခြံထောင့်တွင် ထောင်ထားသည့် လှော်တက်ကို ကြည့်ရင်း အရင်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များက သူ့အာရုံထဲတွင် တရိပ်ရိပ်နှင့် မြင်ယောင်လာမိတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com





ခါတိုင်းပြန်နေကျ နောက်ကျနေ၍ မပေါက်စက ခင်ပွန်းဖြစ်သူ တံငါသည် ကိုဖေသော်ကို ကမ်းစပ်မှ မျှော်နေရတာ လည်ပင်းပင် ညောင်ရေအိုးဖြစ်တော့မည်။ တခြားတံငါသည်များက ငါးပိုက်အသီးသီး ဆွဲကာ ပြန်လာကြသည့်တိုင် ကိုဖေသော်၏ လှေကိုကား အရိပ်အယောင် ပင် မတွေ့သေးချေ။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်ကင်းစင်ပြီး ရာသီ ဥတုသာယာနေသည်ကို တွေ့ရ၍သာ မပေါက်စတစ်ယောက် စိတ် သက်သာရာရနေခြင်းပင်။

ထိုစဉ် ကိုဖေသော်၏ လှေက ပင်လယ်ထဲမှ တရွေ့ရွေ့ လှော်ခတ်လာသည်ကို တွေ့လိုက်ရသည်။ လှေ၏ဘေးတွင် လှေ အလျားနှင့်အတူ ရှည်ရှည်သဏ္ဌာန်တစ်ခု ပူးချည်လာသည်ကို မြင် လိုက်ရတော့ တခြားတံငါသည်နှင့် သူတို့မိသားစုတွေက အံ့သြတကြီး စောင့်ကြည့်ကုန်ကြ၏။





"ဟဲ့ . . ပေါက်စမ၊ ဟိုဟာက ညည်းလင် မဟုတ်လားအေ့။ လှေဘေးမှာ ဘာကြီး တွဲချည်လာတာတုန်းတော့ . ."

"အေး . . ဟုတ်ပါရဲ့ . ."

ထိုသို့ဖြင့် ကွမ်းတစ်ရာညက်ခန့်ကြာသော် ကိုဖေသော်၏ လှေက ကမ်းစပ်သို့ ဒုတ်ဒုတ်ထိ ထိုးဆိုက်ပြီးသွား၏။ ထိုအခါမှ ကိုဖေသော်၏ လှေဘေးတွင် မြင်လိုက်ရသည်ကား လှေအလျားနှင့် အတူ အလွန်ကြီးမားသည့် ငါးရွှေးကြီးတစ်ကောင် ဖြစ်နေလေတော့ သည်။

"ဟယ် . ."

"ဟာ . ."

"ဟဲ့ . . ငါးရွှေးကြီး မဟုတ်လား။ နည်းတဲ့ကောင်ကြီး မဟုတ် ဘူးနော်"

စသဖြင့် တစ်ယောက်တစ်ပေါက် အာမေဋိတ်သံမျိုးစုံဖြင့် ငါးကြီးကို ဝိုင်းအုံကြည့်ကြတော့၏။ ထိုစဉ် ဝိုင်းကြည့်နေကြသည့် လူ များထဲမှ အသက်ခပ်ကြီးကြီး မိန်းမကြီးတစ်ယောက်က -

"ဟဲ့ . . ဟဲ့ ဘေးဖယ်ကြစမ်း၊ အဲဒါ ရိုးရိုးငါး မဖြစ်နိုင်ဘူး။ ငါတို့တစ်သက် ဒီမှာ နေလာကြတာ။ ဘယ်တံငါသည်က ဒီလိုငါးမျိုး မိဖူးသတုန်း။ ဒါတစ်ခုခုပဲ၊ ဟဲ့ . . သာလု သွား . . သွား . . ရွာဦးဆရာတော်ကြီးကို သွားပင့်ခဲ့ချေ၊ ဆရာတော် မှပဲ ရိုး မရိုး သိလိမ့်မယ်"

မကြာမီ ဆရာတော်ကြီး ဦးရေဝတ ကမ်းစပ်သို့ ကြွလာသည်။ ငါးရွှေးကြီးကို သေချာကြည့်လိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ဒကာဖေသော် ‥ ဒီငါးကြီးက ရိုးရိုးငါး မဟုတ်ဘူးကွယ့်။ နတ်တွေ အစောင့်အရှောက်နဲ့နေတဲ့ ငါးပဲ။ ဒါကြောင့် နတ်စီးတတ်တယ်ကွယ့် ‥။ ရွှေရည်ငွေရည်လောင်းပြီး ပြန်လွှတ်ပေးလိုက် ‥ ကြားလား ဒကာ ‥"

"ဟာ ‥ အရှင်ဘုရားကလည်း တံငါသည်ဆိုတာ ငါးလိုချင်လို့ ငါးဖမ်းတဲ့အလုပ် လုပ်နေတာပေါ့ဘုရား။ အဲဒါကြောင့် မိလာတဲ့ ငါးကို ဘာလို့ ပြန်လွှတ်ပေးရမှာလဲ။ ပြီးတော့ တပည့်တော်က အဲဒီနတ်တွေ ဘာတွေလည်း အယုံအကြည် မရှိဘူး ဘုရား"

"ဟုတ်သားပဲ ကိုဖေသော်ရယ်။ နတ်တွေ ဘာတွေ အကိုင်ခံနေရပါဦးမယ်တော် ‥။ ကျုပ်တို့ ပြန်လွှတ်ပေးလိုက်ကြရအောင်ပါနော် ‥"

"ဟာ ‥ တိတ်စမ်း ပေါက်စ။ အဓိပ္ပာယ်မရှိတာတွေ ငါ့လာမပြောစမ်းပါနဲ့။ ဒါကြီး ဖျက်ပြီးရောင်းရင် ဘယ်လောက်ပိုက်ဆံရမလဲ။ မင်း စဉ်းစားကြည့်။ မမြင်ရတဲ့ အဲဒီနတ်တွေက အရေးကြီးသလား။ ငါတို့ ထမင်းစားဖို့က အရေးကြီးသလား။ ငါတို့ ထမင်းငတ်နေရင် မင့်နတ်တွေက လာမကျွေးဘူး"

ကိုဖေသော်၏ ခေါင်းမာမာအပြောကြောင့် ဆရာတော်အပါအဝင် အားလုံးလက်လျှော့ပြီး ပြန်ကုန်ကြတော့၏။ မပေါက်စကတော့ ခင်ပွန်းသည်ကို ကြောက်လို့သာ ငြိမ်နေလိုက်ရပေမဲ့ စိတ်ထဲမှာတော့ စိုးတထင့်ထင့်နှင့် ‥။





ထို့နောက် ကိုဖေသော်က လှေဘေးတွင် တွဲချည်ထားသည့် ငါးကြီးကို ဖြုတ်ယူဖို့ ကြိုးတစ်စကို ဖြေလိုက်သည်။

ထိုစဉ် ငါးကြီးက တစ်ချက်လူးလွန့်လိုက်ရာ တွဲချည်ထားသည့် လှေက ဘေးသို့ စောင်းသွားပြီး ကိုဖေသော်တစ်ယောက် ရေထဲပြုတ်ကျမတတ် ဖြစ်သွား၏။ လန့်ပြီး လှော်တက်ကိုင်ကာ ထိုငါးကြီး၏ ကျောပြင်နှင့် ခါးကို တဖြုန်းဖြုန်းရိုက်ပစ်လိုက်သည်။

ငါးရွှေကြီး ငြိမ်သက်သွားသည်။

ခေါင်းကိုတော့ မရိုက်ရဲ။ တော်ကြာနေ သေသွားမှဖြင့် ရောင်းမကုန်လျှင် အလဟဿ ဖြစ်ဦးမည်။

ထိုသို့ဖြင့် ဟိုဒီလိုက်စပ်ပြီး ဖျက်ရောင်းသည့်အခါ တချို့ကလည်း ဝယ်စား၊ တချို့ကလည်း နတ်ကိုင်ခံရမည်စိုးသဖြင့် မစားရဲဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင်တော့ ကိုဖေသော်တို့ မြိုးမြိုးမြက်မြက်ကလေး ရလိုက်ကြသည်။

နတ်တို့ဘာတို့ အယုံအကြည်ရှိသည့် မပေါက်စကတော့ မျက်ခုံး ခပ်လှုပ်လှုပ်။ နတ်ဝင်သည်ဒေါ်အုန်းလှနှင့် တိုင်ပင်ပြီး ကိုဖေသော်မသိအောင် နတ်တွေဘာတွေ ပွဲပေးပြီး တောင်းပန်ထားရှာသာ တော်သေး၏။

တိုက်ဆိုင်သည်ပဲ ပြောရမလားမသိ။ တစ်လလောက် ကြာသောအခါ ကိုဖေသော်တစ်ယောက် အဖော်ကောင်းသဖြင့် မိန်းမလှကျွန်းဘက်ကို မျောခုတ်လိုက်သွားသည်။

လေပြင်းတိုက်ပြီး သစ်ပင်လဲရာမှ ကိုဖေသော်၏ ခါးပေါ်ကို သစ်ပင်ပိကျ၏။

www.burmeseclassic.com



ထိုသို့ဖြင့် အောက်ပိုင်းတစ်ခုလုံး မလှုပ်ရှားနိုင်တော့သော ကိုဖေသော်ကို ရွာပြန်ခေါ်လာကြသည်။ ဆေးကုပေးရသဖြင့် ငါးရွှေကြီး ရောင်း၍ ရထားသည့် ပိုက်ဆံလေးများက တတိတိနှင့် ကုန်သွားတော့၏။

ဘယ်လိုပင် ပိုက်ဆံအကုန်ခံပြီး ဆေးကုသသော်လည်း ကိုဖေသော်မှာ အောက်ပိုင်းတစ်ပိုင်းလုံး ချည့်နဲ့သလို ဖြစ်သွားသည်က ခုချိန်ထိတိုင်အောင်ပင်။

■





•

"တော့် ကိုဖေသော် ‥ ဘာတွေ တွေးပြီး ငိုင်နေသတုန်း တော့ ‥။ ဒီမှာ ကျုပ်ဈေးရောင်းထွက်တော့မယ်လို့ ပြောနေတယ်လေ"

ဇနီးဖြစ်သူ၏ အသံကြားလိုက်တော့မှ ကိုဖေသော် ဖျတ်ခနဲ သတိပြန်ဝင်လာကာ ယောင်ရမ်းပြီး ခေါင်းငြိမ့်ပြလိုက်မိ၏။ ခေါ်အုန်းလှကလည်း –

"ကဲ ‥ ငါလည်း ပြန်မယ် ပေါက်စရေ ‥။ သြော် ‥ ပြန်မယ်ဆိုမှ ပြောဖို့မေ့နေတာတစ်ခု ခုမှ သတိရတယ်"

"ဟင် ‥ ဘာလဲ အရီးအုန်း"

"လာမယ့်အဖိတ်နေ့ကျရင် ဟိုဖက်သဖန်းချောင်ရွာက သူကြီး ငွေမားဆုရလို့တဲ့။ အဲဒါ သူ့အိမ်မှာ ကန္တားပေးမှာတဲ့အေ့ ‥။ ငါ့ကိုတောင် နှတ်ပင့်ဖို့ ခေါ်ထားသေးတယ်။ အဲဒါ ညည်းရော လိုက်ခဲ့ဦးမလားလို့"

www.burmeseclassic.com



"အို ‥ အရီးလေးကလည်း လိုက်မှာပေါ့တော်။ ဒါမျိုးက ကြုံရခဲတယ်။ တစ်ခုခုလေးနဲ့တော့ သွားပြီး ပသဦးမှပေါ့။ လိုက်မယ် ‥ လိုက်မယ်"

မပေါက်စက နတ်ကို ယုံကြည်သူပီပီ အားတက်သရော ပြန်ပြောလိုက်၏။ ကိုဖေသော်ကတော့ သိပ်သဘောမကျဟန်ဖြင့် ခေါင်းတစ်ချက်ဟန့်လိုက်ပြီးမှ –

"ကဲပါ ‥ ပေါက်စရယ်။ မင်းမလည်း 'နတ်' ကို အသံကြားတာနဲ့ ငါးရံ့သားပက်သလို ဖျတ်ဖျတ်ကို လူးနေတာပဲ။ ကိုယ့်ဘာသာ ဈေးပဲ ဂရုစိုက်ပြီး ကောင်းကောင်းရောင်းစမ်းပါ။ နေတောင် ထန်းတစ်ဖျားတက်နေပြီ။ တော်ကြာ ငါးတွေ ရောင်း မကုန်ဖြစ်ပြီး ပုတ်ကုန်ပါလိမ့်မယ်"

ကိုဖေသော်က ခပ်မာန်မာန်လေး ပြောလိုက်၏။

"အံမယ်လေး ‥ ကျုပ်အတွက် ပူမနေနဲ့။ အရှင်ကြီး အရှင်ကောင်းတွေက ကျုပ်ကို စောင့်ရှောက်ထားပြီးသား။ တော်သာ တော့်ဘာသာ နေကောင်းအောင် နေပါ။ ကျုပ်နတ်တွေကို မယုံကြည်ရင် နေပါတော်။ အဲဒီလိုကြီးတော့ ပြောမနေစမ်းပါနဲ့"

"ဟုတ်သားပဲ မောင်ဖေသော်ရယ်။ ရိုးရာဆိုတာ ယုံတာ မယုံတာထက် ထုံးစံရှိလို့ လုပ်ရတာပဲဟာ။ ဘာခက်တာမှတ်လို့။ လက်ဖက်တစ်ရိုး ကွမ်းတစ်ယာနဲ့ ကပ်ရတာ ဘာမှ အပန်းကြီးတာ မဟုတ်ဘူး။ ဟော ‥ ကိုယ်က မယုံမကြည် မခန့်လေးစားလုပ်မိလို့ အခုလက်တွေ့ မင်းပဲ ကိုယ်ကျိုးနည်းနေပြီမဟုတ်လား မောင်ရဲ့"

"ထားလိုက်ပါ အရီးလေးရယ်။ ကျွန်မလည်း ဈေးရောင်းသွားတော့မယ်။ ကဲ ‥ ကိုယ်ဖေသော် ကျုပ် ရှင့်အတွက် ဆန်ပြုတ်တည်ထားတယ်။ ကျပ်ခိုးစင်ပေါ်မှာ ငါးခြောက်ဖုတ်လည်း ဆီစိမ်ထားတယ်။ တော်ဗိုက်ဆာရင် သင်းကြည်မကို ထည့်ခိုင်းနော်"

မပေါက်စက မှာစရာရှိတာမှာပြီး ဈေးပန်းခေါင်းပေါ်ရွက်ကာ နတ်ဝင်သည်ဒေါ်အုန်းလှနှင့် နတ်ကန္နားသွားဖို့ အစီအစဉ်များကို ပြောရင်း ထွက်သွားတော့သည်။

ကိုဖေသော်ကတော့ မယုံပေမဲ့ လက်တွေ့ခံစားနေရသည့် သူ့အနေအထားကြောင့် လုံးဝကြီးတော့လည်း မငြင်းဆန်နိုင်။ ရင်ထဲ မတင်မကျဖြစ်လျက်သား ခံစားကျန်ရစ်တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

တစ်ဖက်ရွာသဖန်းချောင်မှ လွင့်ပျံလာသည့် နတ်ဒိုးသံတွေကြောင့် မပေါက်စတစ်ယောက် ကြိမ်ဝင့်သံကြားရသည့် ပြိုင်မြင်းလို မရိုးမရွ ဖြစ်နေ၏။

"အရီးအုန်းကလည်း လာနိုင်ခဲ့လိုက်ပါဘိ"

ဟု တွေးကာ နတ်ပွဲသွားဖို့ ဖင်တကြွကြွ ပြင်နေတော့သည်။

ထိုစဉ် ခြံဝိုင်းရှေ့မှ –

"မပေါက်စရေ ‥ မပေါက်စ သွားရအောင်ဟေ့"

ဟု နတ်ဝင်သည်ဒေါ်အုန်းလှခေါ်သံကြောင့် မပေါက်စက နတ်ပွဲဆက်ဖို့ အုန်းသီး၊ ငှက်ပျောသီးနှင့် မစားရက် မသောက်ရက် စုထားသည့်ပိုက်ဆံလေးနှင့် ဝယ်ထားသော အစိပ်သားအရွယ် ကြက်တစ်ကောင် ကြော်ထည့်ထားသည့် လင်ဗန်းလေးကို ခေါင်းပေါ်ရွက်ကာ ပြေးထွက်လာသည်။





နတ်ပွဲထဲရောက်တော့ နတ်ဒိုးသံ ဗိန်ဗောင်းဗိန်ဗောင်းသံတွေက လူကို မြူးထူးသွားစေ၏။ မပေါက်စလည်း လူများကြားထဲ အတင်းတိုးဝှေ့သွားပြီး ငေးကြည့်နေမိသည်။

"အံမယ်လေး ‥ ပေါက်စတို့များ နတ်ဆိုရင် တမေ့တမော ကို ငေးကြည့်နေတော့တာပဲ။ လာပါအေ့ ‥ မြန်မြန်ထက်ထက် လေး။ ဟိုမှာ ငါ့အလှည့် ကဖို့ စောင့်နေကြပြီလား မသိဘူး"

ဟု ဒေါ်အုန်းလှက ပြောတော့မှ မပေါက်စလည်း ခပ်သွက်သွက်လှမ်းကာ လျှောက်လိုက်၏။

ထိုသို့လျှောက်လာစဉ် မပေါက်စက အုတ်နီခဲတစ်လုံးကို မမြင်ဘဲ ခလုတ်တိုက်မိ၍ လူက လဲပြိုကျမလို ယိုင်အသွားတွင် ‥

"အံမယ်လေးတော့ ‥"

လဲကျမှာစိုး၍ လက်ကို ယောင်ယမ်းကာ ဆွဲလိုက်ရာ ရှင်ပိုင်ဦးရှင်ကြီး၏ တပည့် သရဲဦးညိုကြီး၏ နတ်နန်း ဝါးလုံးတိုင်ကို ဖမ်းဆွဲမိလျက်သား ဖြစ်သွားသည်။ လေးတိုင်စင်နတ်နန်းမို့ လူတစ်ယောက်ကို မခံနိုင်ဘဲ မပေါက်စတစ်ယောက် မြေပေါ် ဘုန်းခနဲ ပစ်အလဲ လေးတိုင်စင်က ဝါးလုံးတိုင်က ကျိုးပြီး မပေါက်စ၏ လက်မောင်းရင်းကို စိုက်ဝင်သွား၏။

သရဲဦးညိုကြီးရုပ်တုကလည်း မြေပြင်ပေါ်သို့ ဒလိမ့်ထိုးဆင်းကာ ပိုးလိုးပက်လက် ပြုတ်ကျသွားသည်။

"ဟဲ့ ‥ ဟဲ့ ‥ ဒုက္ခပါပဲ။ ကိုယ်ကျိုးတွေကတော့ နည်းကျပြီ ထင်ပါရဲ့ ‥ အရုပ်ကို မြန်မြန်ပြန်ကောက်စမ်း ပြီးရင် တောင်းပန်လိုက် ‥ တောင်းပန်လိုက်"



www.burmeseclassic.com

မပေါက်စလည်း ဒေါ်အုန်းလှအပြောကြောင့် လက်မှ ဒဏ်ရာကို မကြည့်အားဘဲ မြေပြင်ပေါ် ပြုတ်ကျနေသော သရဲဦးညိုကြီးရုပ်တုကို ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ကောက်ယူလိုက်သည်။ လေးတိုင်စင် နတ်နန်းပေါ် ပြန်တင်ဖို့အလုပ်တွင် ကြောက်နေတာကြောင့် လက်များက ကတုန်ကယင်ဖြစ်ကာ ဦးညိုကြီးရုပ်တုက မြေပေါ်သို့ ပြန်ပြုတ်ကျသွား ပြန်၏။

"ဟဲ့ . . ဩော် . . ပေါက်စတစ်ယောက်နှယ်။ ဒုက္ခတော့ ရောက်တော့မှာပဲ . ."

ဒေါ်အုန်းလှက အထိတ်တလန့်ဖြင့် ရေရွတ်ရင်း မြေပြင်ပေါ်ကျနေသော သရဲဦးညိုကြီးရုပ်ကို ကပျာကယာပြန်ကောက်ကာ စင်ပေါ် ပြန်တင်လိုက်သည်။

"အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါရှင်။ ဖွေမယူပါနဲ့။ ဟဲ့ . . ပေါက်စ ဘာကြောင့်ကြည့်နေတာလဲ၊ တောင်းပန်လိုက်ဦးလေ။ တော်ကြာ မြေဘုတ်တွေ၊ ဘာတွေက ဦးညိုကြီးရဲ့ တပည့်လက်သားတွေဆိုတော့ မြေဖုတ်တစ္ဆေ အကိုင်ခံရရင် အခက်သားအေ့။ ဦးညိုကြီးကို ကန်တော့ပြီး တောင်းပန်လိုက်စမ်း"

ဒေါ်အုန်းလှ မည်သို့ပင်ပြောနေပါစေ။ မပေါက်စကတော့ ကြောက်စိတ်ကြောင့် အာစေးအထည့်ခံထားရသည့်လူလို ဘာစကားသံမှ ထွက်မလာဘဲ ဦးညိုကြီးရုပ်ကိုသာ လက်အုပ်ချီရင်း ကြောင်တောင်ကြီး ကြည့်နေမိ၏။





စင်ပေါ်တွင် ဦးညိုကြီးက မုဆိုးထိုင်ထိုင်နေပြီး တင်းပုတ်ကို လက်တစ်ဖက်က ကိုင်ကာ ပခုံးပေါ်တင်ထားသည်။ နှုတ်ခမ်းမွေး နှစ်ဖက်နှင့် အံကိုကြိတ်ကာ မျက်လုံးကြီးကလည်း ပြူးထားသေးသည်မို့ သူ့ပုံစံက အခုပင် ဒေါသထွက်နေပြီး ထရိုက်တော့မယောင် ဖြစ်နေသည်။ မျက်မှောင်ကုတ်ထားပုံက 'ငါ နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး' ဟု ပြောနေသည့်အလားပင်။

ကန်တော့ပြီးစီးသွားတော့မှ မပေါက်စ၏ ဒဏ်ရာကို ကြည့်လိုက်သည့်အခါ ဝါးချွန်က လက်မောင်းသားထဲ နှစ်လက်မခန့်လောက် စိုက်ဝင်နေသည်ကို တွေ့ရသည်။

"ဟင် . . ပေါက်စ . . နင့်ဒဏ်ရာက မနည်းဘူးပဲ။ မျက်စိမှိတ်ထားစမ်း။ ငါ စိုက်နေတဲ့ ဝါးချွန်ကို ဆွဲနှုတ်ပေးမယ်"

ဒေါ်အုန်းလှက ပြောသည့်အတိုင်း ဆွဲနှုတ်လိုက်သည်။ သွေးများက ဖျာခနဲ ပန်းထွက်လာ၏။

"အား . . ကျွတ် . . ကျွတ်"

"ဟယ် . . ဒဏ်ရာက နက်တယ်အေ့။ မြေမှုန့်သိပ် . . မြေမှုန့်သိပ်စမ်း"

မပေါက်စလည်း အလွန်နာနေတာကြောင့် ဒေါ်အုန်းလှပြောသည့်အတိုင်း မြေမှုန့်များယူကာ အနာပေါ် သိပ်လိုက်၏။

ကိုလိုနီခေတ်က တောနေလူတန်းစားများအဖို့ ဘာကျန်းမာရေးဗဟုသုတမှ မရှိကြ။ မြွေကိုက်လျှင် ဆေးလိပ်မီးဖြင့် တို့တာတို့၊ အနာဆိုလျှင် ဖုံသိပ်တာတို့နှင့် အတော်ကို ဗဟုသုတ ခေါင်းပါးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နတ်ဝင်သည်ဒေါ်အုန်းလှက သူ့ဖနောင့်က မြေမှုန့်ကို လက်ခလယ်နှင့် တို့ယူပြီး မပေါက်စ၏ နဖူးစပ်မှာ တို့ပြီး ဖွဖွပွတ်ပေး၏။ မပေါက်စမျာမှာတော့ နတ်ပွဲကြည့်နေစဉ်တစ်လျှောက်လုံး ဝဲဘက်အောက်မျက်ခမ်းတွေ တဆတ်ဆတ်လှုပ်နေလေတော့သည်။

■





အခန်း (၃)

အချိန်ကား မနက် (၄) နာရီခန့်ပင် ရှိသေး၏။ ရွာဦးကျောင်းမှ တုံးမောင်းခေါက်သံပင် မကြားသေး။ သင်းကြည်မတစ်ယောက်ကတော့ မီးဖိုထဲတွင် တကုတ်ကုတ်နှင့် ရေစိုနေသော ထင်းများကို မီးပြောင်းတစ်လက်နှင့် မီးတောက်အောင် မှုတ်ရင်း မပေါက်စ ဆေးသောက်ဖို့ ရေနွေးတည်နေလေ၏။

မပေါက်စကတော့ ချမ်းစိမ့်စိမ့်နှင့် ဖျားချင်သလို ရှိသည်မို့ စောင်အထပ်ထပ်ခြုံကာ အိပ်ရာထဲတွင် မှေးနေရ၏။ တစ်ချက်တစ်ချက် ဝါးခွျန်စူးသည့် ဒဏ်ရာထဲမှ မျက်ခနဲမျက်ခနဲ အောင့်လာသည်။ တအင်းအင်း တအဲအဲနှင့် ညည်းညူနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို ဘေးမှ ထိုင်ကြည့်ပြီး အားမလို အားမရဖြစ်နေသူက ကိုဖေသော်ပင်။ သူ့ခမျာ စိတ်သွားတိုင်း ကိုယ်မပါနိုင်သဖြင့် သင်းကြည်မကိုသာ တဟဲ့ဟဲ့နှင့် ပြောနေရသည်။ မိမိနေထိုင်မကောင်းစဉ်က ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့သည့် ဇနီးသည်ကို ကြည့်ရင်း ကိုဖေသော် စိတ်မကောင်းဖြစ်နေမိသည်။

ကိုယ့်တုန်းက ပြုစုပေးခဲ့ပြီး အခု သူ နေမကောင်းတော့ ပြန်မပြုစုနိုင်သည့်အတွက် ကိုဖေသော်တစ်ယောက် ယူကြုံးမရ ဖြစ်နေခြင်းပင်။

''ဟဲ့ ‥ သင်းကြည်မ ‥ ညည်း ရေနွေးအိုးက မဆူသေးဘူးလား''

''ဆူပါပြီ ဘဒွေး။ မြေကရားထဲ ထည့်နေပါပြီ''

ခဏအကြာတွင် သင်းကြည်မက ရေနွေးတစ်ခွက်ကိုင်ကာ အနိုးပွင့်ဆေးတစ်ထုပ် ဖောက်ပြီး မပေါက်စ အနားသို့ ယူလာသည်။

မပေါက်စက ဆေးကို ရေနွေးပူပူဖြင့်သောက်ပြီး ပြန်မှိန်းနေ၏။ အတန်ကြာပြီးနောက် ရွာဦးကျောင်းမှ ဦးဇင်းနှင့် ကိုရင်တွေ အရုဏ်ဆွမ်းစားပြီးချိန်လောက်တွင် မပေါက်စက အိပ်ယာထဲမှ လူးလဲထပြီး ‥

''ဟဲ့ ‥ သင်းကြည်မ ‥ စောစောက ရွာဦးကျောင်းက တုံးမောင်းခေါက်သံ မဟုတ်လား။ ဒါဆို ၅ နာရီတောင် ထိုးပြီပေါ့။ ငါးဒိုင်မှာ ငါးသွားဝယ်ပြီး ဈေးရောင်းထွက်လိုက်ဦးမယ် ‥''

''ဟာ ‥ မဟုတ်တာ မပေါက်စရယ်။ ဒီလောက်ဖျားနေတာ ဘယ်လိုလုပ်ပြီး ဈေးရောင်းထွက်မှာလဲ။ ဒီနေ့တစ်ရက်တော့ နားလိုက်ပါကွာ ‥''





ကိုဖေသော်က စိတ်ပူပန်ဟန်ဖြင့် ပြောလိုက်သည်။

မပေါက်စက ခေါင်းကို အသာယမ်းပြပြီး ‥

''ကိစ္စမရှိပါဘူးတော်။ ကျုပ် အဖျားက အပရိုကပါ။ အခုလည်း အနိုးပွင့်ဆေး သောက်ထားပြီးသားပဲ။ ခဏနေ ချွေးထွက်ပြီး ကောင်းသွားမှာ''

ဟု သိပ်အရေးမကြီးဟန်ဖြင့် ပြောလိုက်သည်။

''ဖျားတာက ရိုးရိုးဖျားတာမှ ဟုတ်ရဲ့လား။ ငါ့စိတ်ထင်တော့ မင်းအနာကြီးက မဟုတ်သေးဘူးနော်။ ဆယ်ရက်တောင် ကျော်နေပြီ။ အခု ထိ မပျောက်နိုင်သေးဘူး။ တတ်ကျွမ်းနားလည်တဲ့ မြို့ဆရာဝန်နဲ့ ပြကြည့်ရင် ကောင်းမယ်ထင်တယ်ကွ''

''သြော် ‥ မလိုပါဘူး ကိုဖေသော်ရယ်။ ကျုပ် ဘာမှမဖြစ်ဘူး ‥ တကယ်ပြောတာပါ။ မြို့ပေါ်က ဆရာဝန်နဲ့ သွားပြရင် အနည်းဆုံး ဆယ့်လေးငါးကျပ်လောက် ကုန်ဦးမှာပဲ။ ဘာလို့ သူများ အလကားသွားပေးမလဲ။ အဲ့ဒီ ကုန်မယ့်ငွေကို ကိုယ့်အိမ်အတွက် ဆန်ဝယ်ထားလိုက်မှာပေါ့တော် ‥''

ထိုသို့ဖြင့် မပေါက်စတစ်ယောက် ပြောဆိုရင်း ဖျားနေသည့်ကြားက ဈေးရောင်းထွက်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံပြန်ချိန်ရောက်သည့်တိုင် မပေါက်စတစ်ယောက် ပြန်မလာသဖြင့် ကိုဖေသော် ထမင်းစားရင်းတန်းလန်း စိတ်ပူပြီး တမျှော်မျှော် ဖြစ်နေ၏။

''သင်းကြည်မရေ ‥ ညည်းအွေးလေး ပြန်မလာသေးပါလား။ ညည်းရွာတန်းရှည်ဈေးကိုသွားပြီး စနည်းနာကြည့်ပါဦး။ ငါးတွေဘာတွေများ ရောင်းဖို့ ကျန်နေသေးလို့များလား ‥ ဒါမှမဟုတ် တစ်ခုခုများ ဖြစ် ‥ ဖွဟဲ့ ‥ ဖွ ‥ လွဲပါစေ ‥ ဖယ်ပါစေ''

''အို ‥ ဘဒွေးကလည်း ‥ ဘာတွေ လျှောက်စဉ်းစားနေတာတုန်း ‥ ပေါက်ကရတွေ ‥ ဘဒွေးဘာသာ စိတ်အေးအေးထားပြီး ထမင်းစားနှင့်။ သမီး သွားကြည့်လိုက်မယ်နော်''

ပြောပြောဆိုဆိုနှင့် သင်းကြည်မကာ အိမ်ထဲမှ အပြင်သို့ ထွက်လာစဉ် ရွာသားတစ်ယောက်က 'ကိုဖေသော်ရေ ‥ ကိုဖေသော်ရေ' ဟု တကြော်ကြော်ခေါ်ရင်း အိမ်ဝိုင်းထဲသို့ အူယားဖားယား ပြေးဝင်လာသည်။ သင်းကြည်မကိုတွေ့တော့ ‥





''သင်းကြည်မရေ ‥ ဟိုမယ် နင့်အွေးလေးပေါက်စတစ်ယောက် လမ်းမှာ မူးလဲလို့တဲ့ ‥''

''ဟင် ‥ ဟုတ်လား''

အိမ်ရှေ့မှအသံများကြောင့် ကိုဖေသော်လည်း ဖင်ရွှေ့ဖင်ရွှေ့နှင့် အိမ်ထဲမှ ကမန်းကတန်း ပြေးလာပြီး ‥

''ဘုရား ‥ ဘုရား ‥ မပေါက်စ ဘာဖြစ်သွားပြီလဲ။ အခုရော ဘယ်မှာလဲဟင် ‥''

''ရွာထိပ်က ဇရပ်မှာ သူတို့ မိန်းမသူူအချင်းချင်း ပြုစုနေကြလေရဲ့။ အဲဒါ ကျုပ်က ခင်ဗျားတို့သိအောင် လာအကြောင်းကြားတာပျို့ ‥ သွားပြီ ‥''

ရွာသားထွက်သွားတော့ ကိုဖေသော်က အသံတုန်တုန်ယင်ယင်နှင့် ‥

''သင်းကြည်မရေ ‥ သွား ‥ မြန်မြန်ပြေးသွားပြီး ကြည့်စမ်း။ တစ်ခုခုဆို ငါ့ဆီ ချက်ချင်းလာပြော ကြားလား''

''ဟုတ်ကဲ့ ‥ ဟုတ်ကဲ့ ‥ ဘဒွေး။ သမီး အခုပဲ သွားလိုက်မယ် ‥''

သင်းကြည်မက လုံချည်ကို ဖြစ်သလို တိုတိုပြင်စည်းရင်း ရွာလမ်းတစ်လျှောက် ပြေးသွားတော့၏။ ကိုဖေသော်မှာကား အသက်ကိုသာ ခပ်မျှဉ်းမျှဉ်းရှူရင်း ရင်ဘတ်ကို လက်ဖြင့်ဖိထားလိုက်မိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် မပေါက်စကို အိမ်သို့ ပြန်ခေါ်လာကြသည်။ ဗိန္ဓောဆရာ ပင့်သူပင့်၊ မာလကာရွက်ခူးပြီး ရှူနိုင်သူက ရှူနိုင်း၊ ယပ်ခတ်ပေးသူကပေးနှင့် မပေါက်စတို့အိမ်၌ လူစည်ကားသွားသည်။

ခဏအကြာတွင် ပင့်ထားသည့် ဗိန္ဓောဆရာ ရောက်လာသည်။ ဆရာက မှုတ်ဆေးဖြင့် မပေါက်စ၏ နှာခေါင်းထဲသို့ မှုတ်ထည့်လိုက်၏။ ထို့နောက် အဖျားတက်လာသည့်အခါ ကွမ်းရွက်ပြုတ်ရည်ထဲသို့ ဆရာမောင်ဆေးနီမှုန့် တစ်ဆ ရောထည့်သောက်ဖို့ ပြောသည်။

အနာအတွက်ကတော့ ရေနံချေးလိမ်းဖို့ ပေး၏။ ကိစ္စဝိစ္စအားလုံး ပြီးစီးသွားသည့်အခါ မပေါက်စလည်း အတော်အတန် သက်သာသွားပြီမို့ လူရှဲသွားကြ၏။

နောက်ဆုံးမှရောက်လာသူက နတ်ဝင်သည် ဒေါ်အုန်းလှပင်။

"ဟယ် . . ပေါက်စရယ် . . ဘယ်လိုဖြစ်တာတုန်း။ ငါ့မှာ ပလဲပဝက ကန္တာားစီးပြီး ပြန်လာဆို ညည်းသတင်း တန်းကြားတာနဲ့ အထုတ်မြန်မြန်ချပြီး ပြေးလာခဲ့ရတယ်။ အခုရော သက်သာရဲ့လား"





"သက်သာပါတယ် အရီးလေးရယ်။ ဖျားနေတော့ အားနည်းပြီး မူးလဲသွားတာပါ။ အဖျားတအားကြီးပြီး တက်သွားတယ် တူပါရဲ့ . . အခုတော့ နေသာပါတယ်တော်"

"ဟင်း . . ညည်းဟာက ဟုတ်တော့ ဟုတ်သေးဘူးတော့။ အခုနောက်ပိုင်း ညည်းခဏခဏ ဖျားသလိုပဲ။ ဒါနဲ့ ညည်းလက်က အနာကရော ဘယ့်နှယ့်နေသေးတုန်း"

"အနာကတော့ မကျက်ဘူး အရီးလေး။ အမြဲ မနာပေမဲ့ သရိုးသရီနဲ့။ တစ်ခါတလေ အချွန်နဲ့ ဆောင့်ဆောင့်ပြီး ထိုးနေသလိုပဲ။ စစ်ခနဲ စစ်ခနဲ ဖြစ်ဖြစ်သွားတယ် . ."

"ဟုတ်လား . . ပြစမ်း . . ပြစမ်း . .။ အနာကို ငါ ကြည့်ရအောင်"

မပေါက်ကစ စောင်ထဲထည့်ထားသည့် လက်ကို ထုတ်ကာ ဖျင်အကျီလက်ရှည်ကို အပေါ်သို့ မတင်လိုက်ပြီး ပြလိုက်၏။ အနာဝက ကွမ်းသီးလုံးခန့်ရှိပြီး အနာဘေးပတ်ပတ်လည်တွင် အသားနီလန်သလို နီနီရဲရဲကြီး ဖြစ်နေသည်။ သို့သော် သွေးတော့မထွက်။ အနာထဲတွင် ပြည်လိုလို သားနံ့ရည်လိုလို အရည်ကြည်များနှင့် စိုစိစိဖြစ်နေ၏။ ဒေါ်အုန်းလှက အနာကို သေသေချာချာကြည့်ပြီး ပြောလိုက်သည်။

"ဟင်း . . ငါ့စိတ်ထင်တော့ ညည်းဟာက မရိုးတော့ဘူးအေ့။ မြေကိုင်ခံရပြီ ထင်တယ် . ."

"ဟင် . . ဟုတ်လား . . ဒါ . . ဒါဆို ကျုပ်တို့ ဘာလုပ်ရမလဲ အရီးလေး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖေသော်၏အမေးကြောင့် ဒေါ်အုန်းလှရော မပေါက်စပါ အံ့သြသွား၏။ ဒါမျိုးကိစ္စကို မယုံမကြည်နှင့် အမြဲ ဆန့်ကျင်ခဲ့သူ ကိုဖေသော်၏ ပါးစပ်မှ ထိုအမေးကြောင့် ဒေါ်အုန်းလှ အားတက်သွားသည်။ မပေါက်စလည်း ဝမ်းသာသွား၏။

"ဘာလုပ်ရမလဲဆိုတော့ ငါပြောတာ သေချာနားထောင်။ ဟဲ့ . . သင်းကြည်မ . . ညည်းလည်း သေချာနားထောင်နော်။ ညည်းသွားလုပ်ရမှာ"

"ဟုတ် . . ဟုတ်ကဲ့ ဘွားလေး"

သင်းသင်းကြည်က ရှေ့သို့တိုးလာပြီး နားစိုက်ထောင်လိုက်သည်။ ဒေါ်အုန်းလှက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးမှ . .

"ဒီနေ့ နေဝင်ရီတရောအချိန်မှာ . . မပေါက်စ ချော်လဲတဲ့ ဦးညိုကြီးနတ်နန်းရှေ့ကိုသွား။ ထမင်းနဲ့ အမဲသား ရောနယ်ပြီး ခေါ်စာပစ်ရမယ်။ တောင်းပန်တိုးလျှိုးတာကတော့ ငါ့တာဝန်ထားအေ . . ငါ ပြောဆိုပေးပါ့မယ် . ."

"အဲဒီလိုလုပ်ရင်ရော မပေါက်စက ပြန်နေကောင်းလာမှာလား အရီးလေး . ."

ကိုဖေသော်က မေးလိုက်သည်။

"ဟဲ့ . . ခြော် . . မောင်ဖေသော်ရယ် . . အပ်ကျမပ်ကျတော့ ဘယ်ပြောတတ်မတုန်း။ ဒီလိုပဲ လုပ်ကြည့်ရတာပေါ့။ နတ်ဆိုတာမျိုးက သူတို့ ကျေနပ်ရင် ကျေနပ်သလို လူတွေအပေါ် မစစောင့်ရှောက်တာပဲဟာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က လုပ်ကြည့်တာ အလဟဿ မဖြစ်နိုင်ပါဘူးကွယ်"





ထိုသို့ဖြင့် ညနေရောက်သည့်အခါ သင်းသင်းကြည်က အမဲသားနှင့် ထမင်း ရောနယ်၊ ဆန်ကောဝိုင်းထဲ ထည့်ပြီး ခေါင်းပေါ် ရွက်ကာ ဦးညိုကြီးစင်ရှေ့သွားပြီး ခေါ်စာပစ်ကြသည်။

သို့သော် ခေါ်စာပစ်ပြီးပေမဲ့ နောက်ရက်တွေလည်း ထူးထူး ခြားခြားသက်သာလှသည်တော့ မဟုတ်ချေ။ မနက်တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညတစ်ကြိမ်တော့ မပေါက်စတစ်ယောက် အဖျား ပုံမှန် တက်သည်။ အဖျားတက်ပြီဆိုလျှင် အနာကြီးက ရောင်ကိုင်းလာ၏။

အဖျားတက်သဖြင့် အနာကြီးက ရောင်ကိုင်းလာသည်လား၊ အနာကြီးရောင်ကိုင်းလာ၍ အဖျားတက်သည်လားတော့ မပြောတတ်။ မပေါက်စ ခမျာတော့ အလူးအလဲ ခံနေရရှာသည်။

ထိုသို့ဖြင့် တစ်ရက်တွင် မပေါက်စ နေမကောင်း၍ ဈေး မထွက်နိုင်တာ ကြာပြီမို့ သူမနှင့် ဈေးရောင်းဖက်ဖြစ်သူ မိစိန်က လူမမာ သတင်းမေးရန် ရောက်လာ၏။

"ဘယ်လိုတုန်း ပေါက်စရေ . . ညည်းကြည့်ရတာ ကျုပ်ဖြင့် အားမရလိုက်တာတော်။ အခုရော ဘယ်လိုနေသေးတုန်း"

"ဒီလိုပါပဲအေ . . သိပ်နေကောင်းလှတယ်တော့ မဟုတ်ဘူး။ ကျွတ် . . ကျွတ် . . လက်ကလည်း နာလိုက်တာတော် . ."

"ညည်းလက်ကြီးကလည်းအေ . . ရောင်ကိုင်းနေတာပဲ။ အနာကြီး ကြည့်ရတာ ကျုပ်စိတ်ထဲ သရိုးသရီနဲ့။ ညည်း ဆရာလေး ဘာလေးနဲ့ ပြမကြည့်ဘူးလား . . ဒါမျိုးက ဆရာမှ နိုင်မယ်ထင်တယ် . ."

"ပြကြည့်ပြီးပါပြီပကော အေ . . ဆရာလည်း စုံနေပါပြီ . .



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါအေ . . ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲပေါ့။ သေလည်း အကြောင်းမဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ခုပဲ စိတ်ပူတယ်၊ ကျုပ်သေသွားရင် ကိုဖေသော့ကို စိတ်မချဘူးတော်''

''အိုအေ . . အားလျှော့စကား မပြောစမ်းပါနဲ့။ ဒီမှာ ကျုပ်ပြောမယ် . . နားထောင် . . အခု လမ္ဘတ္တာဘက်မှာ ဆရာတစ်ယောက် ပေါ်နေတယ်ကြားတယ် . . သူက ဟိုလိုဒီလိုဆိုပဲအေ့''

မိစိန်က နောက်ဆုံးစကား 'ဟိုလိုဒီလိုဆိုပဲအေ့'ကို လေသံနှိမ့်ကာပြောလိုက်၏။

''ဟင် . . ညည်းစကားကြီးကလည်း ကျုပ် အနက် ကောက်မရလိုက်တာတော် . . ဟိုလိုဒီလိုဆိုတာ ဘာလဲ''

''ရှူး . . တိုးတိုး . . ညည်းလင် ကြားသွားဦးမယ် . .''

''မကြားပေါင်အေ . . သူ ခြံထဲမှာ မဟုတ်လား၊ ကဲ . . ပြောမှာဖြင့် ပြော . .''

''အောက်လမ်းဆရာလို့ ပြောတာ။ ညည်း အထင်မသေးနဲ့ . . အရမ်းစွမ်းတာနော် . . လူသတ်ချင်သလား . . ညည်းလက်ဖျားနဲ့ ထိစရာမလိုဘဲ အဲဒီလူကို သေသွားစေရမယ် . . ဘာကောင်ညာကောင် ပူးတာကိုလည်း ကွာအောင် လုပ်လို့ရသလို . . ဘာကောင်ညာကောင်ပူးကပ်အောင်လည်း လုပ်နိုင်တယ်နော်။ ညည်း သူနဲ့ပြကြည့်ပါလား . .''

''ဟယ် . . ဖြစ်ပါ့မလားတော် . . အောက်လမ်းတွေ၊ ဘာတွေကိုတော့ ကျုပ်ကြောက်တယ်။ တော်ကြာ မတော်လို့ ကိုယ့်





စကားထဲ အမှားပါသွားရင် . . အို . . မဖြစ်ပါဘူး မိစိန်မရယ် . .''

မပေါက်စက ခပ်ကန်ကန်လေး ငြင်းလိုက်သည်။ သို့သော် သူမစိတ်ထဲတွင်တော့ နည်းနည်းဆိတ်ပါသွားမိ၏။ ဗိန္ဓောဆရာ၊ အထက်လမ်းဆရာ၊ ဘုန်းကြီး စသဖြင့် အားလုံး ပြကြည့်ပြီးသွားပြီ။ သို့သော် သူမအခြေအနေက ဒုံရင်းက ဒုံရင်းပဲမို့ အောက်လမ်းဆရာနှင့် ကုလိုက်လျှင်များ ဝေဒနာ ပျောက်မည်လားဆိုသည့် မျှော်လင့်ချက်ကလေးက ခေါင်းပြူလာ၏။

''ဘာကို မဖြစ်ရမှာလဲတော့ . . ဒီမှာ ပေါက်စမ . . အဓိကက ညည်းရောဂါ ပျောက်ဖို့ပဲ မဟုတ်လား။ ဒါမျိုးက အမှောင့်ပယောဂ ပါမနေဘူးလို့ ဘယ်ပြောလို့ရမလဲ။ ဒါမျိုးဆိုတာ ဖိဖိစီးစီးကိုင်နိုင်တဲ့ ဆရာနဲ့ တွေ့မှ ကိစ္စတုန်းတာ။ နို့မို့ဆို အပ်နဲ့ထွင်းရမယ့်နေရာ ပုဆိန်နဲ့ ပေါက်နေရပါဦးမယ်။ ကျုပ်က ညည်းကို ပျောက်စေချင်လို့ ပြောတာ''

''အေးပါ . . ကျုပ်လည်း ကျုပ်အနာပျောက်ချင်တာပေါ့အေ၊ ကျုပ်စိတ်ထဲမှာလည်း သိတော့ သိနေပါတယ်။ ဒီအနာက သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ . . ဆရာကောင်း ရှာနေတာပါအေ . .''

''ကျုပ် အခုပြောတဲ့ဆရာက စွမ်းလိုက်တာမှ လက်ဖျားကိုခါကရောပဲ။ ကျုပ်အဒေါ်ဝမ်းကွဲတစ်ယောက်ဆိုရင် သူ့ျား လုပ်တာ မသေရုံတမယ် ဖျော့ဖျော့ပဲ ကျန်တယ်။ ဖိုက်တွေအောင့်တာဆိုတာလည်း ဓားအစင်းစင်းနဲ့ လှီးစာတွေကို

www.burmeseclassic.com



မွှန်းနေသလားထင်ရတယ်။ ညနေ မှောင်လာပြီဆို အော်ဟစ်နေရပါပကောလား ‥ အဲဒါနဲ့ အခု ကျုပ်ပြောတဲ့ ဆရာနဲ့သွားပြလိုက်တော့ ဆရာက ဆေးတောင့်နဲ့ ဆိုလား၊ ဆေးခါးနဲ့ဆိုလား မိုက်ပေါ် သုံးကြိမ်တားလိုက်တာ ရှိသမျှအကုန် အန်ထွက်ရောဆိုပဲ။ အိမ်ရိုက်သံသေးသေးလေးတွေ၊ ကျောက်စရစ်ခဲလုံးလေးတွေ၊ အောင်မယ် ‥ သွေးစိမ်းရှင်ရှင်နဲ့ အသားတစ်တွေတောင် ပါသေးတယ်တဲ့။ ပြီးတာနဲ့ သူခံစားနေရတဲ့ ဝေဒနာအားလုံး ယူပစ်သလိုပျောက်ပြီး ငေါက်ခနဲ ထထိုင်သတဲ့အေ ‥"

မိစိန့်အပြောကောင်းချွဲလား။ ထိုသို့မဟုတ် နဂိုအခံ ယုံကြည်စိတ်ကြောင့်လား မပြောတတ်။ မိစိန်ပြောသည့် အောက်လမ်းဆရာနှင့်ပြဖို့ကို မပေါက်စတစ်ယောက် တော်တော်ကြီး စိတ်ဝင်စားသွားသည်။

"အေးလေ ‥ ပြတာပေါ့အေ ‥ ဒါပေမဲ့ ကျုပ်က အိမ်ကလူကိုတော့ နားလည်အောင် ပြောရဦးမယ် ‥ နေစမ်းပါဦး ‥ ညည်း ပြောသလို ကျုပ်သွားကုရင် အချိန်က ဘယ်လောက်ကြာမှာတုန်းတော့"

"ဩော် ‥ ဒါကတော့အေ ‥ ရောဂါအတိမ်အနက်ကို ကြည့်ပြီး တစ်ပတ်ဆယ်ရက် ကြာချင်လည်း ကြာပေမပေါ့"

"တစ်ပတ်ဆယ်ရက် ဟုတ်လား ။ ဟင်း ‥ ဒီလိုဆိုရင်တော့ ဒီကိစ္စ မဖြစ်တော့ဘူး ထင်ပါရဲ့။ ကိုဖေသော်ကလည်း ကောင်းကောင်းနေကောင်းတာမဟုတ်ဘူး ‥ သင်းကြည်မတစ်ယောက်တည်းနဲ့ မဖြစ်ပါဘူးအေ။ ညည်းစေတနာကိုတော့



နားလည်ပါရဲ့ ‥ ဝမ်းထဲလည်း မှတ်ထားပါ့မယ်အေ ‥"

ထိုစဉ် ဘယ်အချိန်ကတည်းက ချောင်းနားထောင်နေမှန်းမသိသည့် သင်းကြည်မက ဝင်ပြီး ‥

"ဒွေးလေးရယ် ‥ သမီးတို့ တူဝရီးနှစ်ယောက်အတွက် ဘာမှနောက်ဆံတင်းမနေပါနဲ့။ ဘဒွေးကို သမီး ကောင်းကောင်းကြီးပြုစုနိုင်ပါပြီ။ အရေးကြီးတာက ဒွေးလေးရဲ့ ရောဂါ ပျောက်ဖို့ပဲ မဟုတ်လား ‥ ဒေါ်လေးမစိန်ပြောသလို ဆရာကြီးဆီမှာသွားကုစမ်းပါ ဒွေးလေးရယ်"

ဟု တွန်းတွန်းတိုက်တိုက်လေး ပြောလိုက်၏။

"ဟဲ့ ‥ သင်းကြည်မရဲ့ ‥ ညည်းအပြောကတော့ လွယ်ပို့။ ငါ မရှိလို့ ဈေးမရောင်းရရင် ညည်းတို့ ဘာနဲ့ သွားစားကြမှာတုန်း"

"အို ‥ ဒွေးလေးကလည်း ‥ သမီး ပလဲပဝကိုပြန့်ပြီး အဘအိမ်က ဆန် ၅ ပြည်နဲ့ ပိုက်ဆံနည်းနည်းသွားချေးမှာပေါ့။ အဘက သူ့ညီအတွက်ဆိုတော့ ပေးမှာလည်း ကျိန်းသေတယ်။ အိမ်စရိတ်အတွက် ဘာမှမပူနဲ့ ‥ ဒွေးလေးသာ ကိုယ့်ဝေဒနာကိုယ် ပျောက်အောင်ကုပါတော် ‥"

"ဒါပေမဲ့ အေ ‥"

"ကဲပါ ဒွေးလေးရယ် ‥ ဘာမှပြောမနေပါတော့နဲ့ ‥ သမီးတို့ တစ်အိမ်လုံး ဒွေးလေးကိုပဲ အားကိုးနေရတာလေ ‥ ဘဒွေးဆိုလည်း ဒီလိုပဲ ‥ ဒွေးလေး မူးလဲတဲ့သတင်း ကြားတုန်းကဆို သူ့ခမျာ စိတ်ပူလွန်းလို့ အသံတွေ ဘာတွေတောင်

www.burmeseclassic.com

www.burmeseclassic.com



တုန်လို့ ‥ ဒွေးလေးသာ ဆေးမကုဘဲ ထားလို့ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့မှ ဘဒွေး ပိုဒုက္ခရောက်မှာ သိလား''

မပေါက်စကတော့ ဘာမှ မဆုံးဖြတ်နိုင်ဟန်ဖြင့် သက်ပြင်းများသာ အခါခါချနေမိတော့၏။ သို့သော် နောက်ဆုံးမတော့ မိစိန်ပြောသည့် ဆရာဆီမှာပဲ ကုဖို့ ဆုံးဖြတ်လိုက်သည်။

''ဒါနဲ့ ‥ ဆရာနာမည်က ဘယ်သူတဲ့တုန်း''

''ဆရာ မဟုတ်ဘူးဟေ့ ‥ ဆရာမကြီး ‥ ဆရာမကြီးဟဲ့ ‥ သူ့နာမည်က ဒေါ်အောင်ကြည်တဲ့ ‥''

■





## အခန်း (၄)

''ဟဲ့ ‥ ပေါက်စ ‥ လာလေအေ ‥ ဘာကြောင်နေတာတုန်း''

ပခုံးကိုတွန်းထိုးပြီး ခေါ်လိုက်သံကြောင့် မပေါက်စက ခြေလှမ်းကို ခပ်သွက်သွက်လေး ပြင်လှမ်းပြီး ခြံတံခါးဝသို့ ခြေချလိုက်၏။ မိစိန်က မပေါက်စနားကပ်ပြီး ပြောသည်။

''ဟောဟိုက အိမ်ကပြင်မှာ ထိုင်နေတာ ဆရာမကြီး ဒေါ်အောင်ကြည်ဆိုတာပေါ့''

အိမ်ပုံစံက ၄ ပင် ၃ ခန်း၊ ခေါင်မိုးနှစ်ထပ်နှင့် လည်ပေါ်ခြေတံရှည်အိမ် အမျိုးအစားဖြစ်သည်။ ခေါင်မိုးက နှစ်ထပ်ဖြစ်ပြီး ပထမတစ်ထပ်ရှိ သွပ်များက တွန့်လိမ်ကွေးကောက်နေ၏။ အပေါ်တစ်ထပ် အမိုးတွင်ကား တစ်ခြမ်းက ဓနိမိုးထားပြီး နောက်တစ်ခြမ်းက သွပ်မိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဘက်တောက်လျှောက်နေရာကို ဟောင်းလောင်းဖွင့်ထားပြီး နောက်ဘက် ပတ္တာတပ် ခေါက်တံခါးများဖြင့် ကာရံထား၏။ ထိုအိမ်ရှေ့ဘက်နေရာတွင် ဒေါ်အောင်ကြည်က ပြောင်းဖူးဖက်လိပ်ကြီးကို ဝုတ်တုတ်ထိုင် ဖွာနေသည်။ သူမ၏ ဆံပင်မည်းမည်းကောက်ကောက်ကြီးများက သူမကျောပေါ် ဖွာလန်ကျဲနေ၏။

ညှို့တိုတိုနှုတ်ခမ်းကလည်း ကွမ်းတွေပါးထားသေးရာ အဝေးက လှမ်းကြည့်သည့်အခါ ပါးစပ်နေရာကြီးက ပြာနောက်နောက်ကြီးဖြစ်နေတော့သည်။

မပေါက်စက ကြောက်ကြောက်လန့်လန့်နှင့် လှမ်းဝင်လိုက်သည်။ ခြံစည်းရိုးအနေဖြင့် လက်ခုပ်တစ်ဖောင်ကျော်သော ဆူးပင်တွေ ကာရံထားသဖြင့် ခြံတစ်ဝန်းလုံး ပိန်းပိတ်နေသည်။ ဒီဘက်အရပ်တွင် ပျဉ်းမဆူးပင်တွေ ပေါပုံရသည်။ တစ်ခြံလုံး ပျဉ်းမဆူးပင်တွေချည်း တွေ့ရ၏။

အခု မပေါက်စတို့ရောက်နေသည့် ဒေါ်အောင်ကြည်၏ ခြံသည် လပွတ္တာမြို့နှင့် လေးမိုင်ခန့်အကွာက တားမကုန်းဆိုသည့် ရွာတစ်ရွာအနီးတွင် တည်ရှိသည်။

မိစိန်က အကြောက်အလန့်မရှိစွာနှင့် ဝင်သွားသလောက် မပေါက်စကတော့ မိစိန်နောက်မှ ခေါင်းလေးကို အသာလျှိုပြီး လိုက်ဝင်သွား၏။

အိမ်ရှေ့လှေကားထစ်နား မရောက်တစ်ရောက်တွင် မိစိန်က ..

''ဆရာမကြီး .. ကျွန်မတို့ အိမ်ပေါ်တက်လာပါရစေ''





ဟု ရိုရိုသေသေ လှမ်းပြောပြီး ခွင့်တောင်းလိုက်၏။ ဒေါ်အောင်ကြည်က သောက်လက်စ ဆေးလိပ်ကြီးကို ပါးစပ်မှ ဆွဲချွတ်လိုက်ပြီး ..

''ဟဲ့ .. ဘယ်သူတွေလဲ''

ဟု ဝါနက်နက်အသံကြီးနှင့် မေးလိုက်သည်။

''ကျွန်မ ထော်ပုံရွာက မိစိန်ပါ ဆရာမကြီး''

''ဪ .. အေး .. လာခဲ့ကြ .. လာခဲ့ကြ .. ညည်းသည်လည်း ပါလာတယ် ထင်ပါရဲ့ ..''

မပေါက်စက ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်မိ၏။ ထို့နောက် နှစ်ယောက်သား အိမ်ရှေ့လှေကားထစ်လေးဆီသို့ လျှောက်လာကြသည်။ လှေကားအရင်းတွင် စဥ့်အိုးမည်းမည်းကြီးတစ်လုံး ချထားပြီး အိုးအဖုံးပေါ်တွင် အုန်းမှုတ်ခွက်ကို ဝါးရိုးတပ်ထားသည့် ရေမှုတ်တစ်ခု တင်ထား၏။

အိမ်ကြီး၏ ညာဘက်ခပ်လှမ်းလှမ်းတွင်ကား စပါးကျီလိုလို ဘာလိုလို အိမ်ဟောင်းတစ်ခုလည်း ရှိသည်။ အိမ်ကြီးနှင့် စပါးကျီကြား မြေကွက်လပ်တွင်ကား အပင်ကြီးက ထီးထီးကြီး ပေါက်နေ၏။ စပါးကျီ၏ ဘေးဘက်ခပ်စောင်းစောင်းတွင် ခရာနီပင်များက ရဲပလောင်းခတ်နေသည်။ မှောင်ပိန်းပိန်း ချုံနွယ်ပိတ်ပေါင်း ထူထပ်စွာနှင့် ဒေါ်အောင်ကြည်၏ ခြံကြီးသည် မသတီစရာ တစပြင်လို ခြောက်ခြားစရာ ကောင်းလှန်းလှသည်။

ထိုသို့ဖြင့် မိစိန်က ရှေ့မှဦးဆောင်ပြီး နှစ်ယောက်သား ကုပ်ကုပ် ကုပ်ကုပ်ဖြင့် အိမ်ပေါ်သို့ ရောက်သွားသည်။ ဒေါ်အောင်ကြည်၏



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက အဝေးက မြင်ရသည်ထက် အနီးကပ်မြင်ရတော့မှ ပိုပြီး ကြောက်စရာကောင်းနေ၏။ ကိုယ်လုံးကိုယ်ထည်က ခပ်ဖိုင့်ဖိုင့်၊ သွားများက ကျိုးတိုးကျဲတဲ၊ နှာပြားပြား၊ နဖူးမောက်မောက်၊ ခြေချောင်းလက်ချောင်းများကလည်း ပုပုတိုတိုကြီးနှင့် အင်မတန်မှကို မနှစ်မြို့စရာ ရုပ်ဆင်းသဏ္ဍာန်ကြီးအဖြစ် မြင်လိုက်ရသည်။

လက်သည်းများကလည်း တစ်လက်မနီးပါး ရှည်လျားချွန်မြနေပြီး ထိုလက်သည်းများကို ဒန်းဆိုးဆေး နီနီရဲရဲကြီး ဆိုးထားသည်။

မပေါက်စက ဒေါ်အောင်ကြည်၏ပုံစံကို အနီးကပ်မြင်လိုက်ရသည့်အခါ မိစ္ဆာတစ်ကောင်ရှေ့တွင် လည်စင်းပေးရတော့မည့် သူလိုကြောက်ဒူးများ တဆတ်ဆတ်တုန်လာတာကြောင့် မိစိန်၏ လက်ကို မသိမသာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရသည်။

*အိမ်ကြီး၏ အတွင်းခန်းကား ခပ်မှောင်မှောင်ဖြစ်နေသည်။*

နေ့ဘက်မို့ ခေါက်တံခါးများကို ဟောင်းလောင်းဖွင့်ထားသဖြင့် အထဲကို မြင်ရသည်။ အိမ်ကြီး၏ ရာဟုထောင့်တွင် တင်းတိမ်စောင်ဖြင့် ကာထားသည့် အခန်းလိုလို၊ ဘာလိုလို နေရာတစ်ခု ရှိသည်။

အိမ်၏ စနေထောင့် ဥရုတိုင်တွင် နန္ဒင်းများ ပေရေနေသည့် ထဘီစတစ်စ ချည်ထားသည်ကို မနှစ်မြို့ဖွယ်ရာ တွေ့လိုက်ရ၏။ ပိုဆိုးသည်ကား တောအိမ်တို့၏ ထုံးစံအတိုင်း ဗုဒ္ဓဟူးထောင့်တွင် ဘုရားစင်ထားရမည်ဖြစ်ပေမဲ့ ဘုရားစင် လုံးဝ ရှိမနေချေ။

ဘုရားစင်အစား လေးချောင်းထောက် စားပွဲငယ်လေး တစ်ခုသာ ချထားသည်။ ပြီးတော့ ထိုစားပွဲပေါ်တွင် ကျောက်စရစ်ခဲ အနည်းငယ်၊ ကြက်မွေးအဖြူရောင် သုံးလေးခု၊ မြေကြီးခဲများကို အဝတ်စဖြင့်





ထုပ်ထားပုံရသည့် အထုပ်တစ်ထုပ်နှင့်အတူ ကြွေရေတကောင်းတစ်ခု တင်ထားသည်။

"ကဲ . . လာ . . လာ ထိုင်ကြ"

ဒေါ်အောင်ကြည်က အသံဝါနက်နက်ကြီးဖြင့် ပြောလိုက်ရင်း သူမရှေ့တွင် ချထားသည့် ကွမ်းအစ်ထဲမှ ကွမ်းများကို ထုတ်ကာ ယာနေ၏။

မပေါက်စတို့လည်း ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်ချလိုက်သည်။ ဒေါ်အောင်ကြည်က . .

"ညည်းတို့ အကျိုးရှိဖို့ လာတာလား . . ငါ့အကျိုးရှိဖို့ လာတာလားဟေ့"

မေးပုံကြီးက တဲ့တိုးမို့ မပေါက်စ ကြောက်သွားသည်။ မိစိန်က လေသံတိုးတိုးဖြင့် မရဲတရဲဖြင့် . .

"ဟို . . ဟို ဆရာမကြီးရယ် . . ကိစ္စကတော့ ဟောဒီ ကျွန်မသူငယ်ချင်း မပေါက်စကို ကယ်နိုင်ရင် ကယ်ပေးဖို့ ဆရာမကြီးဆီကို အားကိုးတကြီး လာခဲ့တာပါ"

"ဟော . . ဒါဖြင့် ညည်းတို့အကျိုးပေါ့လေ . . တယ်ကောင်း . . တယ်ကောင်း . . ဟွန်း"

ဒေါ်အောင်ကြည်က ပြောပြီး စကားမဆက်တော့တဲ့ ဘာမပြောညာမပြောနဲ့ ကွမ်းယာတွေကိုသာ တစ်ယာပြီးတစ်ယာ အဆက်မပြတ်ဝါးနေ၏။ မပေါက်စတို့ နှစ်ယောက်သားလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငုတ်တုတ်ထိုင်နေလိုက်ရသည်။

ကွမ်းတစ်ယာညက်ခန့်ကြာမှ ဒေါ်အောင်ကြည်က . .

www.burmeseclassic.com



"ဆိုစမ်းပါဦး ‥ ညည်းက ဘာဖြစ်ရပြန်တာတုန်း"

ဟု ကောက်ကာငင်ကာ ထမေးလိုက်၏။

မပေါက်စလည်း အယောင်ယောင်အမှားမှားဖြင့် အနာကို လှန်ပြကာ ဖြစ်ကြောင်းကုန်စင်ကို အသံတုန်တုန်ဖြင့် ပြောပြလိုက်သည်။

"အဲ ‥ အဲဒီကစပြီး ကျွန်မ ဖျားလိုက်ပျောက်လိုက်ဖြစ်နေတာ ဒီနေ့ထိပဲ ဆိုပါတော့ ဆရာမကြီးရယ် ‥"

ဆရာမကြီးဒေါ်အောင်ကြည်က ခေါင်းတညိတ်ညိတ်နှင့် မပေါက်စပြောသမျှကို နားထောင်နေပြီးမှ ‥

"အင်း ‥ ဖျားတယ်ဆိုတဲ့နေရာမှာ ဓာတ်အစွဲဆိုတာရှိတယ်၊ နတ်အစွဲဆိုတာရှိတယ်၊ ပယောဂအစွဲဆိုတာ ရှိတယ်။ အဲဒီ အစွဲသုံးမျိုးနဲ့ လွတ်ရင်တော့ ကျန်တဲ့အဖျားအနာကို ကံ၊ စိတ်၊ ဥတုအရကြောင့် ဖြစ်တယ်လို့ ဆိုပြီး ရိုးရိုးအဖျားလို့ သတ်မှတ်ရမယ် ‥။

ကိုင်း ‥ ညည်းကိုတော့ ဘာကြောင့်ဆိုတာ စမ်းရဦးမှာပေါ့ လေ ‥ လာ လာ ‥ ဒီကိုလာ ‥"

လို့ပြောပြီး ဒေါ်အောင်ကြည်က စောစောကစားပွဲဆီ ဦးဆောင် ခေါ်သွား၏။ မပေါက်စလည်း နောက်မှ ရှို့ရှို့လေး လိုက်သွားသည်။ ပြီးနောက် စားပွဲခုံရှေ့တွင် ကျုံ့ကျုံ့လေး ထိုင်လိုက်၏။

ဒေါ်အောင်ကြည်က စောင်ကာထားသည့် ရာဟုထောင့် အခန်းဆီ ဝင်သွားပြီး နောက် ပြန်ထွက်လာသည့်အခါ သူ့လက်ထဲတွင် ပဝါတစ်စနှင့် ဖယောင်းတိုင် တစ်တိုင် ပါလာသည်။

ဒေါ်အောင်ကြည်က အရင်ဦးဆုံး ဖယောင်းတိုင်ကို မီးထွန်း





လိုက်သည်။ ပြီးတော့ စားပွဲပေါ်က မြေကြီးခဲထုတ်ထားသည့် အထုပ်ကို ဖြေပြီး မြေမှုန့်တွေကို ယူကာ ဖယောင်းတိုင်ပေါ်သို့ ကြဲပက်လိုက်ရင်း ပါးစပ်မှလည်း တတွတ်တွတ်ရေရွတ်နေသေး၏။

မဖဲဝါဆိုသည့် အသံကို မပီမသ ကြားလိုက်ရသောကြောင့် 'ဩော် ‥ ဒါ သချိုင်းက မြေကြီးတွေနဲ့ မဖဲဝါကို ခေါ်နေတာပဲ'ဟု မပေါက်စ သဘောပေါက်လိုက်သည်။ ရင်ထဲမှာ ကတုန်ကယင်နှင့် မသိုး မသန့် ခံစားလိုက်ရ၏။

ပြီးနောက် ဒေါ်အောင်ကြည်က သူ့စောစောက အခန်းထဲက ယူလာသည့် ပဝါစဖြင့် မပေါက်စ၏ လက်နှစ်ဖက်ကို ပူးချည်လိုက်သည်။ မပေါက်စ သတိထားလိုက်မိသည်က ထိုပဝါစပေါ်တွင် ကွမ်းသွေးနှင့် ရေးခြယ်ထားသည့် မိန်းမတစ်ယောက် ဆောင့်ကြောင့်ထိုင်နေသော မဖွယ်မရာ ပုံကြီးကိုပင်။

ထိုပုံကြီးပါသည့် အဝတ်စဖြင့် သူမလက်ကို အချည်ခံလိုက် ရသည့်အခါ စိတ်ထဲ ရွံရှာသလို အော်ကလီဆန်သွားသည်။

ထိုစဉ် လေကြမ်းတစ်ချက် ဝှေ့ခနဲ တိုက်သွား၏။ မပေါက်စ ၏ မျက်လုံးများလည်း အလိုအလျောက် မှိတ်ကျသွားသည်။ ဒေါ် အောင်ကြည်က အဝတ်စဖြင့် ပူးချည်ထားသည့် မပေါက်စ၏ လက် နှစ်ဖက်ကို ကိုင်ထားပြီး မဖဲဝါနှင့် တတွတ်တွတ် စကားပြောနေတော့ ၏။ သူတို့ပြောသည့် ဘာသာစကားကို မပေါက်စ တစ်လုံးမှ နား မလည်။ မပေါက်စ သိသည်ကား သူမ ခန္ဓာကိုယ်သည် ရုတ်တရက်ကြီး ပူလိုက် အေးလိုက် ဖြစ်လာခြင်းပင်။ တစ်ချက်တစ်ချက် မအံ့ရပ်နိုင် အောင် ပူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ပူလိုက်တာ . . ပူလိုက်တာ . . လက်ကို လွှတ်ပေးပါတော့ . ."

မပေါက်စ အသံကုန်ဟစ်နေပေမဲ့ ပါးစပ်ကတော့ အသံ လုံးဝထွက်မလာနိုင်ရှာပေ။ အော်ဟစ်လေ . . အာခေါင်ထဲ ဆို့လာလေနှင့် ကြာတော့ မပေါက်စတစ်ယောက် အသက်ရှူများပင် ကျပ်လာသည်။ ဒီကြားထဲ ဒေါ်အောင်ကြည်၏ ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုသံတွေကလည်း မပေါက်စကို ပျားတွေ ဝိုင်းတုပ်ခံနေရသည့်လူလို မပေါက်စတစ်ကိုယ်လုံး ရှုရှုနာကျင်ကာ ပူစပ်ပူလောင်ဖြစ်လာသည်။ ထို့ကြောင့် မပေါက်စက မခံနိုင်သည့်အဆုံး ရှိသမျှအင်အားသုံးကာ ရုန်းထွက်လိုက်၏။

သူမက မည်မျှပင် ရုန်းထွက်နေသော်လည်း လက်ကတော့ လုံးဝမရွေ့။ ခန္ဓာကိုယ်ကပင် အင်အားကုန်ခန်းပြီး မောပန်းလာ၏။

"အား . . ပူတယ် . . ပူတယ် . . အေးလိုက်တာ . . အေးလိုက်တာ . ."

တစ်ချက်တစ်ချက် မီးမြှိုက်ခံရသည့်လူလို ပူလာလိုက်၊ တစ်ခါတစ်ခါ ရေခဲတုံးကြီးနှင့် ပူးချည်ထားသလို အေးလာလိုက်နှင့်မို့ ကြာတော့ မပေါက်စတစ်ယောက် မခံနိုင်တော့ပါချေ။ နေရာမှာတင် ဘုန်းခနဲလဲကျပြီး လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားတော့၏။

■





သတိရလာတော့ ဘေးနားတွင် မိစိန်က ပြုစုပေးနေ၏။ ခပ်လှမ်းလှမ်းတွင် ဒေါ်အောင်ကြည်က ငုတ်တုတ်ထိုင်ကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာရှိုက်နေသည်။

"ဘယ်လိုလဲ ပေါက်စ . . ညည်း နေသာသွားပြီလား"

ဒေါ်အောင်ကြည်က လှမ်းမေးလိုက်သည်။

"ဟုတ် . . ဟုတ်ကဲ့ . ."

"အေး . . စောစောက ညည်းကို ငါ စမ်းကြည့်တော့ ညည်းဟာက ဓာတ်လည်း မဟုတ်ဘူး၊ သူများပြုစားထားတဲ့ ပယောဂလည်း မဟုတ်ဘူး . . နတ်ကိစ္စ ဖြစ်နေပါရောလား အေ့"

မပေါက်စနှင့် မိစိန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ မိစိန်က . .

"ဘာကြောင့်ပဲဖြစ်ဖြစ် ဆရာမကြီးက ကျွန်မသူငယ်ချင်းကို ကုပေးမယ် မဟုတ်လားဟင်။ သူ့ရောဂါ ပျောက်မှုပါနော် ဆရာမကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ကြည်က မိစိန်အပြောကြောင့် တွေးတွေးဆဆနှင့် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး ..

''အင်း .. တကယ်တော့ ငါက ဓာတ်တို့ ပယောဂတို့ပဲ ကု နိုင်တာ။ နတ်ကိုတော့ဖြင့် သွားပြီး မတို့ထိရဲဘူး''

''ရှင် .. ဒါဆို ..''

မပေါက်စက အလန့်တကြားရေရွတ်လိုက်ရာ ဒေါ်အောင်ကြည် က လက်ကာပြရင်း ..

''ငါပြောတာ ဆုံးအောင်နားထောင်ပါဦးလေ .. နတ်တွေမှာ အခု ညည်းကိုကိုင်ထားတဲ့ နတ်က ညည်းပြောသလို သရဲ ဦးညိုကြီး မဟုတ်ဘူး။ ဦးညိုကြီးရဲ့တပည့် မြေဖုတ်ဘီလူး တစ်ကောင်ပဲအေ့။ ဒင်းက ပိုဆိုးတယ် .. ငါ့အနေနဲ့ ကုလို့ မရဘူး မဟုတ်ဘူး .. ရတယ် .. ဒါပေမဲ့ ငါ့မှာရှိတဲ့ အစွမ်း တစ်ခုတည်းနဲ့ ဒင်းကို နိုင်အောင်လုပ်ဖို့ကျပြန်တော့ နည်း နည်း ခက်တယ် .. ကြားက ညည်းလည်း ခံနိုင်မှာမဟုတ် ဘူး .. ဒီတော့ ..''

ဒေါ်အောင်ကြည်က ဆက်မပြောဘဲ မပေါက်စကို စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။

''ဒီ .. ဒီတော့ .. ကျွန်မ ဘာ .. ဘာလုပ်ရမလဲဟင်''

''ညည်းကို ဘူးသွင်းရမယ် ..''

''ရှင် ! ..''





ဒေါ်အောင်ကြည်၏ အပြောကြောင့် မပေါက်စရော၊ မိစိန်ပါ လန့်ဖျပ်သွား၏။ ဘူးသွင်းသည်ဟူသည့်အဓိပ္ပာယ်က သူ့ အောက်လမ်း ပညာကို မပေါက်စ ကိုယ်ထဲကိုပါ ထည့်ပေးမည်ဟု ဆိုလိုခြင်းပင်။

''ဟုတ်တယ် .. ညည်းရော .. ငါရော နှစ်ယောက်အစွမ်းနဲ့ မှ ဒင်းကို နိုင်အောင်တိုက်လို့ရမှာ။ ညည်းစဉ်းစားချင် စဉ်း စားဦးပေါ့အေ။ ငါက အတင်း မတိုက်တွန်းပါဘူး။ ဒါဟာ ညည်းကို ငါ မြင်မြင်ချင်း သံယောဇဉ်ရှိလို့ လုပ်ပေးမှာ။ တခြားတစ်ယောက်သာဆို ငါ မလုပ်ပေးနိုင်ဘူးလို့ ငြင်း လိုက်ပြီးပြီ။ ငါ့အတွက် အန္တရာယ်ရှိတဲ့အလုပ်ကို ငါ ဘယ်လုပ် ပါ့မလဲအေ။ တကယ်တော့ .. ငါ့အလုပ်က သေရင် ငရဲသွားရ မယ်ဆိုတာ ငါသိပါတယ်အေ။ ကံပါလာတော့လည်း ဘယ်လွှဲ ရှောင်နိုင်ပါ့မလဲ။ အဲဒါကြောင့် မသေခင်လေးမှာတော့ တစ်ပါး သူ့အကျိုးအတွက် ငါ အနစ်နာခံပြီး လုပ်ပေးချင်တာပါပဲ။ ကဲ .. နှစ်ယောက်တိုင်ပင်ပြီး စဉ်းစားကြဦးပေါ့။ ညနေလည်း စောင်းနေပြီဆိုတော့ ညည်းတို့နှစ်ယောက် မပြန်နဲ့တော့။ ဒီတစ်ည ငါ့အိမ်မှာပဲ အိပ်လိုက်ကြပေါ့။ ငါ ညည်းတို့အတွက် ညနေစာ သွားရှာလိုက်ဦးမယ် ..''

မပေါက်စတို့ ဘာမှပြန်မပြောနိုင်ခင်မှာပင် ဒေါ်အောင်ကြည်က ဆတ်ခနဲ ထထွက်သွား၏။ ပြောပြီး ဘာမှပင် မကြာလိုက်။ ဆန်နှိုးသီ တစ်ဘူးအကျက်ခန့်အကြာတွင် ဒေါ်အောင်ကြည်တစ်ယောက် ပြန် ရောက်လာ၏။ လက်ထဲတွင် သွေးစက်လက်နှင့် ကြက်တစ်ကောင်လည်း ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ‥ ဒီမှာ ဒါ ညည်းတို့အတွက် ညနေစာ။ ချက်ပြုတ်ပြီး စားလိုက်ကြပေါ့အေ ‥"

မိစိန်က လှမ်းယူလိုက်ပြီး ‥

"ဆရာမကြီးရော မစားဘူးလား ‥ ဆရာမကြီးပါ အတူလာ စားလှည့်ပါ။ ကြက်တစ်ခြမ်းတောင်ဆိုတော့ ကျွန်မတို့ နှစ်ယောက်တည်း မကုန်ပါဘူး ‥"

"ငါက ဘာကိစ္စစားရမှာတုန်း ‥ ညည်းတို့ကို ကျွေးတာ ‥ ညည်းတို့ဘာသာ စားစမ်းပါအေ ‥ စကားရှည်မနေနဲ့"

ဒေါ်အောင်ကြည်က ခပ်ငေါက်ငေါက်ပြောရင်း သူ လုပ်စရာရှိတာ ဆက်လုပ်နေတော့၏။ အိမ်တစ်အိမ်လုံးအနှံ့ ဟိုဒီသွားရင်း ပါးစပ်မှလည်း ဘာတွေမှန်းမသိ တတွတ်တွတ်ရွတ်ဖတ်နေသည်။ ထိုသို့ဖြင့် ညနေစာ စားသောက်ပြီး မပေါက်စတို့နှစ်ယောက် အိပ်ရာဝင်ခဲ့ကြတော့၏။

■





မိစိန်ကတော့ တစ်နေ့လုံး ခရီးပန်းလာသဖြင့် ခေါင်းချလိုက်သည်နှင့် တုံးခနဲ အိပ်ပျော်သွားသည်။ မပေါက်စကတော့ ဘာကြောင့်မှန်းမသိ။ ထိုအိမ်ကြီးတွင် အိပ်စက်ရမှာကို စိတ်ထဲ မလုံမခြုံ ခံစားနေရ၏။

ထို့ကြောင့် မပေါက်စမှာ အိပ်မပျော်နိုင်ဘဲ တစ်ညလုံး ဟိုလူးဒီလွန့်ရင်း သန်းခေါင်ကြက်တွန်သံကြားသည့်တိုင် အိပ်မပျော်သေး။

ထိုစဉ် ခြံထဲသို့ဝင်လာသည့် ဖိနပ်သံများကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် ယောက်ျားသံတစ်သံကိုပါ ကြားလိုက်ရ၏။

"ဆရာမကြီး ‥ ဆရာမကြီး ဒေါ်အောင်ကြည်ရေ ‥"

"ဟဲ့ ‥ ဘယ်သူတွေတုန်း ‥ ညကြီးမင်းကြီး ‥"

"ကျွန်တော် သာလှပါ ဆရာမကြီး။ ကျွန်တော့်မိန်းမ မီးမဖွားနိုင်လို့ ဆရာမကြီးဆီ ခေါ်လာတာပါ"

"ဟော ‥ ဟုတ်လား ‥ အေး အေး ‥ ငါကြည့်ပေးမယ် ‥ နင့်မိန်းမကို အိမ်ထောင့်က ကျိုထဲ ခေါ်သွားနှင့် ‥ ငါ လိုက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုလူအုပ်ကြီးက ဗိုက်ကြီးသည်မိန်းမကို ပုခက်ဖြင့် ထမ်းကာ ကျီဘက်ဆီသို့ လျှောက်သွားကြ၏။ ကိုယ်ဝန်ဆောင်မိန်းမဆီမှ ညည်းညူသံကြီးက ညမှောင်မှောင်ထဲတွင် ချောက်ချားဖွယ်ရာ ပျံ့လွင့်နေသည်။ တစ်တောင်ခန့်ရှည်သည့် ဝါးခြမ်းပြားချွန်ချွန်တစ်ခုနှင့် အတူ ခဏအကြာတွင် ဒေါ်အောင်ကြည်က လိုအပ်သည့် ပစ္စည်း ပစ္စယများယူကာ အိမ်မကြီးပေါ်မှ ဆင်းသွားပြီး ကျီဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည့် ခြေသံကို ကြားလိုက်ရ၏။

မပေါက်စလည်း အိပ်မပျော်သေးသည်က တစ်ကြောင်း၊ ထိုအဖြစ်အပျက်ကို စိတ်ဝင်စားသည်က တစ်ကြောင်းကြောင့် လှဲနေရာမှ လူးလဲထလိုက်သည်။ ထို့နောက် အိမ်ကြီး၏ ထရံပေါက်မှတစ်ဆင့် ကျီဘက်ဆီသို့ ချောင်းကြည့်လိုက်မိ၏။

ဖယောင်းတိုင်မီးမှိန်မှိန်အောက်တွင် တွေ့လိုက်ရသည်က ကိုယ်ဝန်ဆောင်မိန်းမကြီးတစ်ယောက်က ပက်လက်အနေအထားဖြင့် ဒူးထောင်ပြီး လှဲနေသည်။ ပါးစပ်မှလည်း ဘာကြောင့်မှန်းမသိ အယုတ္တအနတ္တမျိုးစုံ ဆဲရေးပြီး ညည်းညူနေသည်။

ဒေါ်အောင်ကြည်က အဝတ်စဖြင့် ထုပ်ထားသော အထုပ်ကို ဖြည်ပြီး ထိုထဲမှ မြေမှုန့်အနည်းငယ် ယူလိုက်၏။ ထိုမြေကြီးမှုန့်များသည် ရိုးရိုးမြေမှုန့်မဟုတ်ဘဲ သင်္ချိုင်းက မြေမှုန့်တွေမှန်း ညနေက အတွေ့အကြုံအရ မပေါက်စ ရိပ်မိလိုက်၏။ ဒေါ်အောင်ကြည်က ထိုမြေမှုန့်များကို ကိုယ်ဝန်ဆောင်မိန်းမ၏ ဗိုက်ပေါ်သို့ ကျဲပက်လိုက်ပြီး မျက်လုံးမှိတ်ကာ တစ်စုံတစ်ခုကို ရွတ်ဆိုနေလေသည်။





ပြီးနောက် စောစောက ယူသွားသည့် ဝါးခြမ်းပြားချွန်ချွန်ဖြင့် ထိုကိုယ်ဝန်ဆောင်မိန်းမ၏ဗိုက်ကို စွပ်ခနဲ အလျားလိုက် ခွဲချပစ်လိုက်သည်။ သွေးများ ဖျာခနဲ ပန်းထွက်လာပြီး ထိုမိန်းမလည်း တစ်ခါတည်း ငြိမ်သက်သွား၏။

''အာ ..''

မပေါက်စတစ်ယောက် မအော်မိအောင် ပါးစပ်ကို လက်နှစ်ဖက်ဖြင့် အမြန်ပိတ်လိုက်ရသည်။

ထို့နောက် ဒေါ်အောင်ကြည်က • တစ်စုံတစ်ခုကျုန်ခဲ့၍ထင်သည်။ စပါးကျီထဲမှ ဆင်းကာ အိမ်မကြီးဘက်ဆီသို့ ပြန်လျှောက်လာသည်ကို တွေ့လိုက်ရ၏။

မပေါက်စက 'ငါ ဒီလိုချောင်းကြည့်နေတာ ဒေါ်အောင်ကြည် တွေ့သွားရင် မကြိုက်ဘဲ စိတ်ငြိုငြင်သွားပါလိမ့်မယ်' ဟု စဉ်းစားပြီး အိပ်ရာထဲ ပြန်လှဲကာ စောင်ကို ခေါင်းမြီးခြုံပြီး အိပ်ချင်ဟန်ဆောင်နေလိုက်၏။

ခဏအကြာတွင် မပေါက်စလည်း မေးခနဲအိပ်ပျော်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်စင်လင်းသည့်အခါ အိမ်ရှေ့တွင် ကောက်ညှင်းပေါင်းနှင့် အကြော်တွေထည့်ထားသည့် ဒေါင်းလန်းကြီးတစ်ခုကို တွေ့ရသည်။

''ဟဲ့ ‥ ကောင်မတွေ ‥ နိုးလာကြပြီလား။ လာကြ ‥ ကောက်ညှင်းပေါင်း လာစားကြ''

ဒေါ်အောင်ကြည်၏ ဖိတ်ခေါ်မှုကြောင့် မပေါက်စတို့နှစ်ယောက်သား ဒေါင်းလန်းကြီးရှေ့ ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်ကြပြီး ကောက်ညှင်းပေါင်း တစ်ဆုပ်ကို အကြော်တစ်ခုစီနှင့် တွဲစားလိုက်ကြ၏။

မိစိန်က ‥

''ဆရာမကြီးလည်း စားလေ ‥။ ဒီမှာ ကောက်ညှင်းပေါင်းတွေက အများကြီးပဲ ဥစ္စာ''

''ငါ မစားချင်ပါဘူး။ ညည်းတို့ ဘာသာပဲ စားကြစမ်းပါအေ။ ညည်းက သိပ်စကားရှည်တာပဲကို ‥ ငါ့ကို ဘာစားဖို့မှ လာမခေါ်နဲ့ ‥ မစားဘူး''

ဒေါ်အောင်ကြည်က မနေ့က ကြက်သားချက်ပြီး ထမင်းအတူစားဖို့ ခေါ်တုန်းကလည်း လေသံမာမာနှင့် ငြင်းသည်။ အခုလည်း မနက်စာစားဖို့ပြောတာနဲ့ မျက်နှာပျက်ကာ သဘောမကျသလို ပြန်ဟောက်ပြန်၏။ သူ့ကြည့်တော့လည်း ဘာမှ စားရသေးပုံမပေါ်။ မပေါက်စ စိတ်ထဲ 'ဘာဖြစ်လို့ပါလိမ့်'ဟု တွေးနေမိ၏။





တစ်ဆက်တည်းမှာပင် ညက ကလေးလာမွေးသည့် ကိုယ်ဝန်ဆောင်မိန်းမဆီသို့ အတွေးရောက်သွား၏။ စပါးကျီဘက် မသိမသာ လှည့်ကြည့်လိုက်တော့ လူသံ သူသံကင်းမဲ့ကာ ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။

တကယ်ဆို ကလေးမွေးပြီးသည့် လူမမာအဖို့ တောဓလေ့ထုံးစံအတိုင်း ခုနစ်ရက်ခုနစ်လီ မီးနေရသေးသည်။ မသကာ ကလေးငိုသံလေးတော့ ကြားရဖို့ကောင်း၏။ သို့သော် ဘာဆို ဘာသံမှ မကြားရဘဲ ညက ဘာမှမဖြစ်ခဲ့သယောင် အရာရာ ပုံမှန်အတိုင်းပင်။

ပထမတော့ မေးကြည့်လျှင် ကောင်းမည်လားဟု စဉ်းစားကာ ဒေါ်အောင်ကြည်ကို ကြည့်မိသေး၏။ သို့သော် မကြိုက်မှာစိုးသဖြင့် မမေးတော့ဘဲ သိချင်စိတ်ကိုသာ ပြန်မျိုချလိုက်သည်။

ခဏအကြာတွင် ဒေါ်အောင်ကြည်က ‥

''ကိုင်း ‥ ညည်းတို့နှစ်ယောက် ငါပြောတဲ့ကိစ္စ တိုင်ပင်ကြပြီး ပြီလားအေ့ ‥ ပေါက်စ ညည်းကရော ဆုံးဖြတ်ပြီးပြီလား'' ဟု ကောက်ကာငင်ကာ မေးလိုက်၏။

''ဟုတ် ‥ ဟုတ်ကဲ့ ‥ ကျွန်မ ဆရာမကြီးပြောတဲ့အတိုင်း လုပ်ဖို့ ဆုံးဖြတ်ပြီးပါပြီ ‥''

''အေး ‥ ကောင်းတယ် ‥ ကောင်းတယ် ‥ ဒါပေမဲ့ တစ်ခု တော့ရှိတယ်နော် ‥ ညည်းငါ့ကို အချိန်တော့ နည်းနည်း ပေးရမယ် ‥''

''ဟုတ်ကဲ့ ‥ ဘယ်လောက်လောက် ကြာမလဲ ဆရာမကြီး''

''သီတင်းတစ်ပတ် ‥ နှစ်ပတ်လောက်တော့ ကြာလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



.. ညည်းအိမ်ကို အကြောင်းကြားရင် ကြားထားလေ ..”

“ဟုတ်ကဲ့ .. ကျွန်မ မိစိန်ကို အကြောင်းကြားခိုင်းလိုက်ပါမယ်။ ကဲ .. မိစိန်ရေ .. ညည်း ကျုပ်ကို တစ်ခုလောက်တော့ ထပ်ကူညီပေးပါဦးဟယ် .. ညည်းရွာကိုပြန်ပြီး ကျုပ်ယောက်ျားကိုဖေသော်ကို စိတ်မပူဖို့ သတင်းသွားပါးပေးစမ်းပါဦးအေ”

“အေးပါအေ .. အဲဒါတွေ ဘာတစ်ခုမှ စိတ်ထဲထားမနေနဲ့ .. ငါသွားပြောပေးမယ် .. ညည်းသာ နောက်ဆံမတင်းဘဲနဲ့ အေးအေးဆေးဆေးက .. ဟုတ်ပြီလား .. ငါ ဒီမနက်ပဲ လှည်းကြုံနဲ့ ပြန်လိုက်တော့မယ် ..”

“အေး .. အေး ကောင်မရယ် .. ကျေးဇူးပါဟယ် .. ညည်း ကျေးဇူးတွေကို ဒီတစ်သက် ကျုပ်မမေ့ပါဘူးတော် ..”

ထိုသို့ဖြင့် မိစိန်တစ်ယောက် နေ ထန်းတစ်ဖျားမရောက်ခင်မှာပင် လှည်းကြုံနှင့် ရွာပြန်သွားတော့၏။

“ကိုင်း .. ပေါက်စရေ .. ညည်းလည်း ဆုံးဖြတ်ပြီးပြီဆိုတော့ ကိုယ်ခံကောင်းအောင်လို့ သက်သောင့်သက်သာနဲ့နေ .. ဟုတ်ပြီလား .. ငါ အခု ရွာကပင့်ထားလို့ ဆေးကုဖို့ သွားရဦးမယ် .. ညည်းပျင်းရင် ဟိုနားဒီနား သွားပတ်ကြည့်ပေါ့အေ .. ဒါပေမဲ့ တစ်ခုတော့ မှာထားမယ် .. စပါးကျီဘက်ကို ညည်း လုံးဝမသွားမိစေနဲ့ .. ကိုင်း ငါသွားပြီဟေ့ ..”

ဒေါ်အောင်ကြည်က ပြောပြောဆိုဆိုနှင့် ခြုံစောင်အမည်းရောင်ကြီးတစ်ထည် ခြုံကာ ထွက်သွားသည်။ မပေါက်စမှာတော့ အိမ်ကြီးထဲတွင် တစ်ယောက်တည်းကျန်နေခဲ့ရသဖြင့် စိတ်ထဲ မွန်းကျပ်ကျပ်ကြီး





နှင့် အသက်ရှူ မဝသလို ဖြစ်နေ၏။ ဟိုနားဒီနား လျှောက်ကြည့်ဖို့ စဉ်းစားတော့လည်း ဘယ်ကို ဦးတည်ရမည်မှန်းမသိဘဲ ဝေဝေဝါးဝါး ဖြစ်နေသည်။ ညနေသာ တဖြည်းဖြည်းစောင်းလာ၏။ လူကတော့ အိမ်ထဲမှတစ်ပါး အခြားသို့ နေရာမရွှေ့မိ။

နောက်ဆုံးတွင်တော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် အိမ်ထောင့်တွင်ထောင်ထားသည့် တံမြက်စည်းကိုယူပြီး တစ်အိမ်လုံး သန့်ရှင်းရေးလုပ်နေလိုက်တော့သည်။ ထိုစဉ် ဒေါ်အောင်ကြည် ပြန်ရောက်လာပြီး ..

“အဲဒါ ညည်းဘာတွေလုပ်နေတာလဲ ပေါက်စ ..”

ဟု လေသံမာမာနှင့် မေးလိုက်ရာ ရုတ်တရက်မို့ လန့်ပြီး လက်ထဲက တံမြက်စည်း လွတ်ကျသွားသည်။

“ဒုန်း ..”

ကြမ်းပြင်နှင့် ကြိမ်တံမြက်စည်းရိုးတို့ ထိခတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

“ဟို .. ဟို .. ကျွန်မလည်း ပျင်းတာနဲ့ အိမ်သန့်ရှင်းရေး လုပ်ပေးနေတာပါ”

“ဟင်း .. ကဲ .. တံမြက်စည်း ပြန်သိမ်းလိုက်တော့ .. နောက်တစ်ခါ ငါမလုပ်ခိုင်းဘဲနဲ့ ဘာမှမလုပ်နဲ့ ကြားလား ပေါက်စ”

“ဟုတ် .. ဟုတ်ကဲ့”

ဟုပြောပြီး တံမြက်စည်းကို ပြန်ကောက်ကာ နေရာတကျ ပြန်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ကြည်က ..

''ရော့ .. ဒီမှာ ညည်းဖို့ ထမင်းနဲ့ဟင်း ဝယ်လာတယ် .. စားလိုက်ဦး''

ဟု မပေါက်စထံသို့ လှမ်းပေးရင်း ပြောလိုက်သည်။

မပေါက်စက 'ဆရာမကြီးဖို့ရော'ဟု မေးမလိုပြင်ပြီးမှ မကြိုက်မှန်း သတိရသွားပြီး မမေးတော့ဘဲ ဆိတ်ဆိတ်နေလိုက်၏။

ဒေါ်အောင်ကြည်က သူ့လက်ထဲတွင်ကိုင်လာသည့် ပစ္စည်းပစ္စယများကို စားပွဲပေါ်တွင် တင်ထားလိုက်သည်။

''နေ့လယ်က ညည်းဘာစားလဲ .. ငါလည်း လောလောလောလောနဲ့ ထွက်သွားလိုက်တာ ညည်းအတွက် စားစရာ စီစဉ်ပေးဖို့ မေ့သွားတယ်အေ''

''ရပါတယ် ဆရာမကြီး .. ကိစ္စမရှိပါဘူး .. မနက်က ကောက်ညှင်းပေါင်းတွေ စားထားလို့ အဆာခံနိုင်ပါတယ်''

''အေး အေး .. ကိုင်း ဒါဖြင့် ငါလည်း ပင်ပန်းလာလို့ အိပ်တော့မယ်အေ .. ညည်းလည်း စားသောက်ပြီး အိပ်ရင် အိပ်တော့ပေါ့ ..''

ဒေါ်အောင်ကြည်က ပြောပြောဆိုဆိုနှင့် အိပ်ရာဝင်သွားသည်။

မပေါက်စလည်း စားသောက်ပြီးသည်နှင့် ဘာလုပ်ရမည်မှန်း မသိတာကြောင့် အိပ်ရာထဲမှာပင် ခွေအိပ်နေလိုက်တော့သည်။

■





''အူဝဲ .. အူဝဲ .. အူဝဲ ..''

ညည့်နက်သန်းခေါင်ကြီး ကြားလိုက်ရသော ကလေးငိုသံကြောင့် မပေါက်စတစ်ယောက် အိပ်နေရာမှ လန့်နိုးပြီး ဆတ်ခနဲ ထထိုင်လိုက်မိ၏။

'ဟင် .. ညကြီးမင်းကြီး ဘယ်က ကလေးသံပါလိမ့် .. ဇကွဲ စပါးကျီထဲက ဟိုကိုယ်ဝန်သည်မိန်းမနဲ့ ကလေး မပြန်သေးဘဲ မီးနေနေတယ်ထင်တယ်'

မပေါက်စက တစ်ကိုယ်တည်းတွေးရင်း အိမ်အပြင်ဘက်ဆီသို့ လှမ်းထွက်သွားလိုက်၏။ ကလေးငိုသံကလည်း မပေါက်စနှင့် နီးသထက် နီးကပ်လာသည်။

''အူဝဲ .. အူဝဲ .. အူဝဲ''

ထို့နောက် မပေါက်စက အိမ်ရှေ့လှေကားထစ်များမှတစ်ဆင့် ကလေးငိုသံကြားရာ စပါးကျီဘက်ဆီသို့ ဦးတည်လိုက်သည်။ သို့သော် စပါးကျီထဲသို့ပင် မရောက်ဘဲ အိမ်မကြီးနှင့် စပါးကျီကြား သရက်ပင်ကြီးအောက် ပင်စည်တွင် အနီးဖြူဖြူနှင့် ထုပ်ထားသည့် ကလေးငယ်လေး သဏ္ဌာန်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com



'ဟင် .. ကလေးက ဒီမှာပဲ .. ညကြီးမင်းကြီး ဘာဖြစ်လို့ ဒီအပြင်ဘက်မှာ လာထားတာပါလိမ့်''

မပေါက်စက အတွေးနှင့်အတူ ကလေးကို ကောက်ချီလိုက်၏။ သူမလက်ပေါ်ရောက်သွားသည့်အချိန်တွင် ကလေးက လုံးဝ မငိုတော့ချေ။ ကလေးကို ပတ်ထားသည့် အနီးပိတ်စက ပြေကာ ကလေး၏ မျက်နှာပေါ်တွင် အုပ်နေသဖြင့် မပေါက်စက ဖယ်ပေးလိုက်သည်။

''ဟင် ! .. အံမယ်လေးတော့ ..''

ကလေးမျက်နှာကို မြင်လိုက်ရသည့် မပေါက်စတစ်ယောက် နေရာမှာတင် ပုံလျက်သား လဲကျသွားတော့၏။ သူမမြင်လိုက်ရသည့် အနီးအောက်က မျက်နှာက ကလေးမျက်နှာမဟုတ်ဘဲ နှုတ်ခမ်းမွေး နှစ်ဖက်နှင့် လူကြီးမျက်နှာကြီးတစ်ခု။ ကွမ်းဝါးထားသဖြင့် သူ့ပါးစပ်ကြီးက ရဲပလောင်းခတ်နေ၏။ ထိုရဲရဲတွတ် နှုတ်ခမ်းကြီးကို ဖြဲကာ သူမကို ရယ်ပြနေတာကြောင့် မပေါက်စတစ်ယောက် လိပ်ပြာလွင့်ထွက်သွားခြင်းပင်။

■





## အခန်း (၅)

သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ မိုးစင်စင်လင်းနေ၏။ ဘေးတွင် ဒေါ်အောင်ကြည်ရှိနေပြီး မပေါက်စကို စိုးရိမ်တကြီး စိုက်ကြည့်နေလေသည်။ မပေါက်စက ဒေါ်အောင်ကြည်၏ ပေါင်ပေါ်တွင် ခေါင်းတင်ထားလျက်သား ဖြစ်နေပြီး ဒေါ်အောင်ကြည်က သူမ ပါးစပ်ထဲသို့ ချဥ်ခါးခါးဆေးရည်တွေ တစ်စက်ချင်း ချပေးနေ၏။

''သောက်လိုက် သမီး .. သောက်လိုက်''

မပေါက်စက ဒေါ်အောင်ကြည်ပြောသည့်အတိုင်း သောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်စ ‥ ညည်းနှယ့်အေ ‥ အသည်းငယ်ရန်ကော ‥ အဲဒါကြောင့်ညည်းကို စပါးကျီဘက် မသွားပါနဲ့လို့ ငါပြောတာပေ့ါအေ ‥"

ကျွန်မ မှားသွားပါတယ် ဆရာမကြီးရယ် ‥ တောင်းပန်ပါတယ်နော် ‥ ဟို ကျွန်မ အမှန်အတိုင်းဝန်ခံရရင် ဟိုးတစ်ညက ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို စပါးကျီထဲမှာ ဆရာမကြီး မီးဖွားပေးနေတာကို ကျွန်မ ‥ သိ ‥ သိတယ်။ အဲဒါကြောင့် ကလေးငိုသံကြားတော့ စိတ်ပူပြီး ကမန်းကတန်း ထသွားလိုက်မိတာပါ"

"ဩော် ‥ ညည်းက ဗိုက်ကြီးသည်လာတာကို မြင်လိုက်သေးသကိုး ‥ ထားပါလေ ‥ အရေးမကြီးပါဘူး ‥ ကလေးက မွေးကတည်းက အသက် ပါမလာဘူးလေ ‥ အဲဒါကြောင့် ညတွင်းချင်း ပြန်လွှတ်လိုက်တယ် ‥"

"ဟုတ်လား ‥ ဘယ်လိုဖြစ်တာလဲဟင် ‥ ကလေးက ဗိုက်ထဲမှာ အချိန်ကြာသွားလို့လား"

"ဟင်း ‥ ငါလည်း ဒီအကြောင်းတွေ ပြန်ပြောချင်စိတ် မရှိပါဘူးအေ ‥ ညည်းသိလို့ကောင်းတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူး။ ငါ့မလည်းအေ ‥ ကံပစ်ချလို့သာ ဒီလိုအလုပ်မျိုးတွေ လုပ်ပြီး ယုတ်ညံ့တဲ့ဘဝမှာ နေနေရတာပါအေ ‥ တကယ်တော့ သူတို့က ကလေးမွေးဖို့ လာကြတာမဟုတ်ဘူး ‥





နေ့စေ့လစေ့ကြီးမှာမှ ကလေးဖျက်ချခိုင်းဖို့ လာကြတာအေ့ ‥ ကျုပ်ကို လူသတ်ခိုင်းတာပေ့ါအေ ‥"

"ဩော် ‥ ဒါကြောင့် အဲဒီကလေး လာလုပ်တဲ့ညက ဗိုက်ကြီးသည်မိန်းမက ကလေးကို ဆဲရေးအော်ဟစ်ပြီး ညည်းညူနေတာကိုး"

မပေါက်စ ပြန်စဉ်းစားမိသွား၏။

"ကဲပါ ‥ ကဲပါ ‥ ညည်း ဘာမှစဉ်းစားမနေတော့နဲ့ ‥ လှဲနေလှဲနေ ‥ ညည်း သွေးအားတွေ နည်းနေတယ် ‥ ညည်းစားဖို့ ငါ တစ်ခုခုသွားယူလိုက်ဦးမယ် ‥"

"ကန်တော့ပါ ဆရာမကြီးရယ် ‥ ကျွန်မ ဒီအိမ်မှာလာနေပြီး ဆရာမကြီးကို ဒုက္ခပေးသလို ဖြစ်နေပြီ"

"ရပါတယ်အေ ‥ ညည်းက ငါ့သမီးအရွယ်ပဲဥစ္စာ ‥ ငါ့သမီး နေမကောင်းရင်တော့ ငါက ဒီလိုပဲ ပြုစုပေးရမှာပေ့ါအေ ‥ ခဏစောင့် ‥ ငါ ပြန်လာခဲ့မယ်"

ဒေါ်အောင်ကြည်က ပြောပြောဆိုဆိုနှင့် ထသွား၏။

မပေါက်စကတော့ အရှုပ်ဆိုး အကျည်းတန်ပြီး ဘဝက ယုတ်ညံ့သလောက် နှလုံးလှသော ဆရာမကြီးဒေါ်အောင်ကြည်ကို ကြည့်ကာ သနားသွားပြီး ရင်ထဲတွင် ဆို့ဆို့နင့်နင့်ကြီး ခံစားလာရ၏။ ခဏအကြာတွင် ဒေါ်အောင်ကြည်က မတ်ခွက်အပြည့် နွားနို့တစ်ခွက် ယူကာ ပြန်ရောက်လာသည်။

"ကဲ ‥ ရော့ ‥ နွားနို့စစ်စစ်လေး ‥ သောက်လိုက် သမီး ‥ ဒါမှ အားရှိသွားအောင်လို့ ‥"



www.burmeseclassic.com

www.burmeseclassic.com



မပေါက်စက ဒေါ်အောင်ကြည်ပြောသည့်အတိုင်း ကလေးတစ်ယောက်ကဲ့သို့ နာခံကာ နို့ခွက်ကို တကျိုက်ကျိုက်နှင့် မော့သောက်လိုက်၏။

''အင်း ‥ ညည်းကိုတော့ ငါ ဒီလိုထားလို့ မဖြစ်တော့ဘူး ငါ့လိပ်ပြာ မြန်မြန်သိပ်ပေးမှ ဖြစ်တော့မယ် ‥ ညည်း ကိုယ်အားနဲ့ ဒီမှာ ကြာကြာနေရင် မမြင်သင့်၊ မမြင်အပ်တာတွေ မြင်ပြီး အသက်ထွက်သွားလိမ့်မယ်။ ‥ ပြောနေ ကြာပါတယ် အေ ‥ ဒီညနေမှာပဲ အချိန်ကောင်းရွေးပြီး လုပ်တာပေါ့''

■





•

ညနေကျတော့ ဒေါ်အောင်ကြည်က မပေါက်စကို ဈေးသို့လွှတ်ပြီး ဆန်တစ်ပြည်နှင့် မဆစ်ဆီ (ဆိုသလောက်ဈေးကို မဆစ်ဘဲ ဝယ်ရသည့် ဆီကို မဆစ်ဆီဟုခေါ်သည်။ လောကီပညာရပ်များတွင် သုံးသည်) ကို ဝယ်ခိုင်းလိုက်၏။ ထို့နောက် နွားရိုင်းသွင်းချိန်ရောက်သည့်အခါ အိမ်ရှေ့ကပြင်တွင် အထက်ဆင့် အနီရောင်ပိတ်စလေး တောင်ကို ချည်နှောင်စည်းချထားသည်။ (ထိုခေတ်တုန်းက အမျိုးသမီးတွေ၏ ထဘီအထက်ဆင့်စက အခုခေတ်လို အနက်ရောင် မသုံးဘဲ အနီရောင် သုံးကြသည်)

ထို့နောက် ဒေါ်အောင်ကြည်က မပေါက်စကို ဆံပင်ကို ဖားလျားဖြေချပြီး အပြင်ဘက်ကို ကျောပေးကာ ထိုင်စေ၏။ (လူကြီးတွေက ကျေးလက်နေ မိန်းကလေးတွေကို ဆံပင်ဖားလျားချပြီး အိမ်နောက်ပြန် မထိုင်ကောင်းဘူးဆိုသော အစွဲအလမ်းမှာ အဆိုပါ လောကီပညာရပ်များမှ ဆင့်ပွားလာသော အယူအဆအစွဲများ ဖြစ်ပါသည်)

www.burmeseclassic.com



မိုးစုန်းစုန်းချုပ်သည့်အခါတွင် ဘူးသွင်းမည့် အစီအစဉ် စတော့သည်။ ဒေါ်အောင်ကြည်နှင့် မပေါက်စက မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ နှစ်ယောက်စလုံး ဆံပင်တွေကို ဖားလျားချထားပြီး ဒေါ်အောင်ကြည်က အင်္ကျီမဝတ်ဘဲ လုံချည်ကို ရင်လျားထား၏။ ရှေ့တွင် ကျောက်ပျဉ်တစ်ချပ်၊ ယွန်းခွက်လေးခွက်နှင့် ဝါးကျည်တောက် တစ်ခု ချထားသည်။

ထို့နောက် ဒေါ်အောင်ကြည်က မပေါက်စကို ကျောက်ပြင်တွင် နံ့သာသွေးခိုင်းသည်။ ရလာသည့်နံ့သာနှစ်များကို ရှေ့တွင်ချထားသည့် ယွန်းခွက်လေးခွက်ထဲ ထည့်လိုက်၏။

"ဒီ နံ့သာလေးခွက်က ယောကတော် နှောကတော် လေးပါး အတွက်အေ့ ..."

ဒေါ်အောင်ကြည်က ပြောရင်း နံ့သာဖြူနှစ်ထည့်ထားသည့် ခွက်တစ်ခုကို မယူလိုက်ပြီး 'ဒီခွက်ကို ယောကတော် ပိုင်ပါတယ်'ဟု ပြောပြီး တင်မြှောက်သည်။ ထို့နောက် ခွက်ထဲက နံ့သာဖြူနှစ်ကို လက်ညှိုးဖြင့် တို့ယူကာ မပေါက်စ၏ နဖူးဆီ တို့လိုက်၏။

ထိုနည်းအတိုင်း ယောကတော် နှောကတော် လေးခွက်စလုံး ကို တင်မြှောက်လိုက်သည်။

ထို့နောက် မပေါက်စ၏ အရပ်နှင့်တိုင်းထားသည့် ချည်ငင် နှင့် ဒေါ်အောင်ကြည်၏အရပ်နှင့်တိုင်းထားသည့် ချည်ငင်တို့ကို ရောပြီး တစ်စတည်းဖြစ်အောင် ကျစ်လိုက်သည်။ ပြီးနောက် ထိုသို့ ကျစ်ထားသည့် ချည်ငင်ကို မဆစ်ဆီထဲသို့ ထည့်စိမ်၏။





ဆီဝသည့်အခါ ထိုချည်မျှင်ကို မီးစာအဖြစ်သုံးပြီး မီးထွန်း လိုက်သည်။ ထိုမီးက တောက်လောင်နေသည့်တစ်ချိန်လုံးတွင် ရွှတ်ဖတ် ရင်းနှင့် စောစောက ဝယ်ခိုင်းထားသည့် ဆန်တွေကို အရပ်ရှစ်မျက်နှာ ကို ကြဲပက်ပြီး ဘုဉ္ဇာကျွေး၏။

မီးစာချည်သား လုံးဝပြောကျသွားချိန်တွင် ထိုပြာများကို ဝါးဆစ် ဘူးထဲထည့်ပြီး လေလုံအောင် ပိတ်လိုက်သည်။

"ဒီနေ့ကစပြီး ညည်းနဲ့ငါ နှစ်ကိုယ့်တစ်စိတ်ဖြစ်သွားပြီ။ ငါ့ ပညာကို ညည်းရသလို ညည်းအသက်နဲ့ ခန္ဓာကိုယ်ကို ငါပိုင် တယ်။ ကိုင်း .. ပြောနေကြာတယ်ဟေ့ .. ညည်းပါးစပ် ဟလိုက်စမ်း ပေါက်စ .."

ဒေါ်အောင်ကြည်က ပြောလည်းပြောရင်း မပေါက်စ ပါးစပ်ထဲ သို့ တံတွေးတွေးချလိုက်၏။ ရွံသလိုဖြစ်သွားပေမဲ့ မပေါက်စ ဘာမှ ပြန်မပြောမိ။ ထိုအစီအရင်လုပ်သည့် တစ်လျှောက်လုံး မပေါက်စက စိတ်ညှို့ခံထားရသည့်လူလို တွေတွေငေးငေးငိုင်ငိုင်ကြီး ဖြစ်နေသည်။

ဒေါ်အောင်ကြည်က နဖူးကို လက်ဖနောင့်ဖြင့် ရိုက်ချလိုက် သည့်အခါမှ မပေါက်စ သတိပြန်ဝင်လာတော့သည်။

"ကိုင်း .. ပြီးပြီ ပေါက်စရေ .. အခုကစပြီး ညည်းက ငါ့ လိပ်ပြာကိုယ်ပွား ဖြစ်သွားပြီ .. ညည်းအလိုမရှိတဲ့အခါကျရင် တော့ ငါ့ပညာကို ပြန်နုတ်ပေးမှာပေါ့အေ .. ညည်း ကိုယ်ခံ မကောင်းမှာစိုးလို့သာ အခုလောက် မြန်မြန်ကြီး လုပ်ပေး လိုက်ရတာ .. ကဲ ကဲ ဘာမှစဉ်းစားမနေနဲ့ .. လန်းသွားအောင် ရေလေးမိုးလေး သွားချိုးချေ .. ခြောက် တက်လာက်စတည်း



www.burmeseclassic.com

www.burmeseclassic.com

ပြောရဦးမယ် .. ဒီနေ့ကစပြီး ညည်းငါ့ကို အမေလို့ ပြောင်းခေါ် .. ကိုင်း သွား .. သွား''

ထို့နောက် မပေါက်စက အိပ်မက်ထဲမှာ လမ်းလျှောက်နေရသည့်သူလို လေးလေးပင်ပင်ခြေလှမ်းများဖြင့် ခြံအပြင်ဘက် ရေတွင်းဆီသို့ လျှောက်လာခဲ့မိ၏။ စိတ်ထဲမှာလည်း ဝမ်းနည်းနေသလို ဝမ်းသာသလို ဘာလိုလို အမည်တပ်၍မရသည့် ခံစားချက်ကြီးနှင့်။

တခြားလူများနှင့်မတူ ဘဝခြားသွားသည့်သူတစ်ယောက်လို ကိုယ့်ကိုယ်ကိုယ် ခံစားနေရ၏။

■





အခန်း (၆)

''အမေ .. ကျွန်မကို ဘယ်တော့ ဆေးစကုပေးမှာလဲဟင်''

မပေါက်စက သူ့ရှေ့မှာချထားသော ငါးခြောက်နဲ့ဆီထမင်းပန်းကန်ကို တစ်လုတ်တစ်ဆုပ်ချင်းစီစားရင်း မေးလိုက်၏။ စားသာစားနေရသည်။ အရသာ ဘာကြောင့်မှန်းမသိ။ ထမင်းတွေ၊ ဟင်းတွေကို စားချင်စိတ်မရှိသလို ခံစားနေရသည်။ ရင်ထဲတွင်လည်း ပျို့တို့တို့ ပြည့်တော့တော့ကြီး ဖြစ်နေ၏။

ဒေါ်အောင်ကြည်က ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ရှာနေရင်းက မပေါက်စအမေးကြောင့် ပါးစပ်မှ ဆေးလိပ်ကို ခ[illegible]ထုတ်ပြီး ပြာခံခွက်ထဲ ပြာခြွေချလိုက်ရင်းက ..



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ညာက လ ဆုတ်လေလေ ‥ အစွမ်းထက်လေလေ အေ့ ‥ ဒါကြောင့် အမေတို့အစွမ်း အမြင့်ဆုံးချိန်ဖြစ်တဲ့ လာမယ့် လကွယ်ည သန်းခေါင်ယံက စပြီး ကုကြတာပေါ့ အေ"

မပေါက်စကတော့ အစွမ်းထက်သည့် အချိန်တွေ၊ ဘာတွေကို သိပ်စိတ်မဝင်စားလှချေ။ သူမစိတ်ထဲ ရောဂါကို မြန်မြန်ပျောက်ချင်နေတာပဲ ရှိသည်။ နို့မို့ဆိုလျှင် လူက မစားချင်မသောက်ချင်နှင့် ဝမ်းထဲ တစ်စုံတစ်ခုအထည့်ခံထားရသည့်သူလို လေးလေးကွေးကွေးကြီး ဖြစ်နေသည်။

"ကိုင်း ‥ ပေါက်စရေ ‥ ညည်းရော ညနေစာ ဘာစားချင်သေးလဲ ‥ ငါ ဘာဝယ်ပေးရမလဲ ‥"

"ဘာမှ မစားချင်ပါဘူး အမေရယ် ‥ ဘာဖြစ်လို့မှန်း မသိဘူး ‥ အစားအသောက်တွေကို မြင်ရရင် ကျွန်မဗိုက်ထဲ အော်ဂလီဆန်လာတယ် ‥ ချက်ပြုတ်ထားတဲ့ ထမင်းတွေ၊ ဟင်းတွေဆို ပိုဆိုးတယ်"

မပေါက်စအပြောကို ဒေါ်အောင်ကြည်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်သည်။

"အေးပါအေ ‥ ညည်းကျင့်သားမရသေးလို့ပါ ‥ နောက်တော့လည်း သူ့ဟာသူ အဆင်ပြေသွားလိမ့်မပေါ့"

ဒေါ်အောင်ကြည်ပြောသည့် 'ကျင့်သားမရသေးလို့ပါ' ဆိုသော စကားအဓိပ္ပာယ်ကို မပေါက်စတစ်ယောက် သိပ်တော့ နားမလည်။ သို့သော် ဘာမှပြန်မမေးဖြစ်တော့ချေ။





ထိုသို့ဖြင့် မွန်းတိမ်းချိန်ရောက်သည့်အချိန်တွင် လူစိမ်းနှစ်ယောက် ရောက်လာ၏။ ရှေ့မှ ဦးဆောင်လာသူတစ်ယောက်က ရင်ဖုံးတိုက်ပုံအနက်နှင့် ဘန်ကောက်လုံချည်ဝတ်ထားပြီး ခေါင်းမှာ အညာသားတွေလို ပိုးစစ်ပဝါ နှံ့သာရောင်ကို ပတ်ပေါင်း ပေါင်းထားသည်။

သူ့နောက်က တပည့်ဖြစ်ဟန်တူသူက အပေါ်အင်္ကျီမပါဘဲ ပုဆိုးအနီကွက်တုံး ဝတ်ထားသည်။

ဒေါ်အောင်ကြည်က အိမ်ရှေ့သို့ ထွက်လာပြီး ‥

"ဒီမောင်တွေက ဘယ်သူတွေများပါလဲကွယ် ‥ ဘယ်သူနဲ့ တွေ့ချင်လို့ပါလိမ့်"

"ကျွန်တော်တို့ တခြားမြို့ကလာတဲ့ ခရီးသွားဧည့်သည်တွေပါ။ အိမ်ပေါ်ခဏတက်လို့ ရမလား ခင်ဗျာ"

"အေး ‥ ရတယ်ကွယ့်။ ကိုင်း လာကြ ‥ လာကြ"

အိမ်ပေါ်ရောက်တော့ ‥ ဆရာဖြစ်ဟန်တူသူက ‥

"ကျွန်တော်တို့ကို အစ်မကြီး သိမှာမဟုတ်ဘူး ‥ ကျွန်တော်တို့က မြေလတ်ပိုင်းကပါ ‥ ကျွန်တော်က ‥"

စသဖြင့် အချင်းချင်း မိတ်ဆက်ကြသည်။

မပေါက်စက ဧည့်သည်တွေအတွက် ရေနွေးသွားပြင်နေတာကြောင့် သူတို့ပြောသည့် စကားများကို လုံးစေ့ပတ်စေ့ မကြားရ။ ရေနွေးကြမ်းချပြီးနောက် လက်ဖက်သုပ်ဖို့ ပြင်ဆင်ရပြန်သည်။ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်တော့ ဘယ်ပစ္စည်းက ဘယ်နားထားမှန်းမသိသဖြင့် စမ်းတဝါးဝါးနှင့် ပြင်ဆင်ရသည်မို့ အချိန်အနည်းငယ်ကြာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ပန်းကန်သွားချပေးသည့်အခါမှ သူတို့ပြောနေကြသည့် စကားကို တစ်ခွန်းစနှစ်ခွန်းစ ကြားလိုက်ရသည်။

''လပွတ္တာမြို့တောင်ဘက် စိန်မေတ္တာဆန်စက် မျက်စောင်းထိုးက ချစ်တီးဘုရားပျက်ကြီးထဲမှာ သိုက်တစ်ခုရှိတယ် ။ အဲဒါကို ကျွန်တော်တို့ သွားတူးချင်လို့ပါ ။ အစ်မကြီးနယ်ထဲမှာမို့ အစ်မကြီးဆီက ခွင့်ပြုချက်လာတောင်းတာပါ ခင်ဗျာ''

ဒေါ်အောင်ကြည်က သောက်လက်စရေနွေးခွက်ကို ပြန်ချထားလိုက်ပြီး ။

''ဥစ္စာသိုက်လား ။ ပညာသိုက်လားဟေ့''

ဥစ္စာသိုက်ဆိုသည်ကား ရှေးသူတော်ကောင်းတွေက မသုံးရက် မစားရက်လို့ပဲ ဖြစ်စေ၊ သူခိုးဓားပြရန်ကြောက်လို့ပဲ ဖြစ်စေ၊ နောင် ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားကို ရည်စူး၍ဖြစ်စေ၊ မိမိတို့ပိုင်သော ပစ္စည်းဥစ္စာတွေကို မြေကြီးထဲ သိုဝှက်ထားခဲ့တာကို ဥစ္စာသိုက်ဟု ခေါ်သည်။

ထိုသို့မဟုတ်ဘဲ ရှေးဟောင်းလောကီပညာရှင်တွေက သူတို့ပညာတွေ ရေးသားထားသည့် ကျမ်းတွေ၊ ပုရပိုက်တွေကို မသူတော်တွေလက်ထဲသို့ မရောက်သွားအောင် မြေကြီးထဲ၌ မြှုပ်နှံထားသည့် နေရာကိုတော့ ပညာသိုက်ဟု ခေါ်ခြင်းပင်။

မပေါက်စကတော့ ထိုသို့ရှင်းရှင်းလင်းလင်း နားလည်ပုံမရဘဲ သူတို့ပြောနေသည်များကို ငေးလို့သာ ကြည့်နေမိ၏။

သိုက်ဆရာဖြစ်ဟန်တူသူက ဒေါ်အောင်ကြည်၏အမေးကို ပြန်ဖြေလိုက်သည်။





''ဥစ္စာသိုက်ပါ အစ်မကြီး''

''အေး ။ ဒါဆိုလည်း ပစ္စည်းရလာတဲ့အခါ သရက်စေ့ထက်ခြမ်းခြမ်းပေါ့ကွယ် ။ ကျေနပ်ကဲ့လားဟေ့ ။''

သိုက်ဆရာက အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ ။

''ကျေနပ်ပါတယ် အစ်မကြီး ။''

ထိုသို့ဖြင့် တခြားစကားများ ဆက်ပြောကြပြီး ကွမ်းတစ်ရာညက်ခန့်အကြာတွင် ဒေါ်အောင်ကြည်က ။

''ဟဲ့ ။ ပေါက်စ ။ မီးဖိုထဲက ဆေးအိုး သွားယူလာခဲ့စမ်း''

မပေါက်စက ဒေါ်အောင်ကြည်ပြောသည့်အတိုင်း ဆေးအိုးသွားယူခဲ့ကာ ရှေ့တွင်ချပေးလိုက်သည်။ ထို့နောက် ဒေါ်အောင်ကြည်က ကွမ်းအစ်ထဲမှ ကွမ်းရွက်ကို ထုတ်ယူလိုက်သည်။

ဆေးအိုးထဲက ဆေးကို လက်ညှိုး၊ လက်ခလယ်၊ လက်သန်းကြွယ် သုံးချောင်းဖြင့် နှိုက်ယူလိုက်ပြီး ကွမ်းရွက်ထဲကို ထည့်သည်။ ထို့နောက် ဆေးထည့်ထားသည့် ကွမ်းရွက်ကို ကွမ်းယာယာသလို ထုပ်လိုက်ပြီး ပါးစပ်နားကပ်ကာ တတွတ်တွတ်ရေရွတ်မန်းမှုတ်လိုက်၏။

ပြီးနောက် ထိုကွမ်းယာထုပ်ကို သိုက်ဆရာဖြစ်ဟန်တူသူ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

''ကိုင်း ။ သွားပေရော့ ။ ဘေးကင်းရန်ကွာလို့ အောင်ပါစေတော် ။''

သိုက်ဆရာဖြစ်ဟန်တူသူနှင့် တပည့်ဖြစ်သူတို့လည်း ငိုက်စိုက်ငိုက်စိုက်ဖြင့် အိမ်ပေါ်မှ ဆင်းသွားကြ၏။

ထိုသို့ဖြင့် နာရီပြန်တစ်ချက်တီးသည့်အခါ ဒေါ်အောင်ကြည်က ။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ . . ပေါက်စရေ . . ငါ လပွတ္တာမြို့ပေါ်ကို သွားလိုက်ဦးမယ် . . ဟိုအကောင် နှစ်ကောင်အတွက် ဘေးကင်းရန်ကင်းအောင် အစီအရင်တစ်ခု လုပ်ပေးရဦးမယ် . . ပြီးမှ လိုင်စင်စီတရုတ်ဆီမှာ ဝက်သားတစ်တွဲ ဝင်ဆွဲပြီး ပြန်လာခဲ့မယ်''

ဟု ပြောပြီး ထွက်သွားသည်။

ညနေရောက်မှ လက်ထဲတွင် ဝက်သားတွဲခွဲပြီး ဒေါ်အောင်ကြည် ပြန်ရောက်လာ၏။

''ရော့ . . ဒီဝက်သားတွဲထဲက တစ်ဝက်ကို ညည်းကြိုက်သလို ချက်စား . . တစ်ဝက်ကိုတော့ ဘာအဆာပလာမှ မထည့်ဘဲ ဒီအတိုင်း ရေလုံပြုတ်ထား . . ကြားလား ပေါက်စ''

''ဟုတ်ကဲ့ . . အမေ''

ထို့နောက် . . မပေါက်စက မီးဖိုလိုက်သည်။ ဒေါ်အောင်ကြည် ပြောသည့်အတိုင်း ဝက်သားတွဲကို နှစ်အိုးခွဲကာ ချက်ပြုတ်၏။ ပထမဆုံး မပေါက်စက သူမစားဖို့ ဝက်သားနှင့်လက်ဖက်ရောကာ ချက်လိုက်သည်။ ဝက်သားက နူးညံ့တာမို့ ဘာမှပင် မကြာလိုက်။ ဟင်းကျက်သွားသည်။

ထို့နောက် ဒေါ်အောင်ကြည်ပြောသလို နောက်တစ်အိုးကိုတော့ ဘာမှမထည့်ဘဲ ဝက်သားတုံးနှင့် ရေပဲ ထည့်ပြီး မီးဖိုပေါ် တင်ထားလိုက်၏။ ဒေါ်အောင်ကြည် ဘာလုပ်မည်မှန်းမသိတာကြောင့် မြန်မြန်ကျက်အောင် အောက်မှ ထင်းထပ်ထိုးပြီး မီးပိုကောင်းအောင် မီးပြောင်းဖြင့် မှုတ်ပေးလိုက်သည်။ မီးတောက်များက အိုးနှုတ်ခမ်းထိတိုင် ဖုံးအုပ်သွား၏။





သို့သော် ပထမတစ်မီး မီးညွန့်ကျိုးသွားပြီမို့ ဟင်းအိုးကို ဖွင့်ကြည့်လိုက်သည့်အခါ ဝက်သားက မနူးသေး၊ မပေါက်စက အနည်းငယ် အံ့ဩသွားဟန်ဖြင့် ထင်းထပ်ထိုးပြီး ချက်လိုက်ပြန်သည်။ မည်သို့ပင် ချက်ချက် ဝက်သားက နူးလာသည်ကို မရှိ။ ဒုံရင်းက ဒုံရင်းပဲ ဖြစ်နေသည်။

'ဘယ်လိုဖြစ်တာပါလိမ့် . . စောစောက ဟင်းအိုးကျတော့ ခဏလေးနဲ့ နူးသွားပါတယ် . . ဒီတစ်အိုးမှ ဘာလို့ ဒီလောက်ကြာနေလဲ မသိဘူး'

မပေါက်စ နားမလည်နိုင်ဖြစ်၏။

ထိုသို့ဖြင့် ဟင်းချက်ရင်း နွားရိုင်းသွင်းချိန်သို့ ရောက်လာသည်။ မပေါက်စက . .

''အမေရေ . . ဟင်းအိုးကို လာကြည့်ပါဦး . . အမေပြုတ်ခိုင်းထားတဲ့ ဝက်သားက မနူးဘူး ဖြစ်နေတယ်''

မပေါက်စခေါ်သံကြောင့် ဒေါ်အောင်ကြည်တစ်ယောက် မီးဖိုထဲသို့ ကပျာကယာ ပြေးဝင်လာသည်။

''ပထမ ကျွန်မအတွက်ချက်တဲ့ ဝက်သားက ခဏလေးနဲ့ နူးတယ် . . အခု ဒီအိုးကျတော့ ဘယ်လောက် မီးပြင်းထိုးထိုး မနူးဘူးဖြစ်နေတယ် အမေရဲ့ . . ကြည့်ပါဦး''

မပေါက်စ အပြောကြောင့် ဒေါ်အောင်ကြည်မျက်နှာ အနည်းငယ် ပျက်သွား၏။

ထိုအချိန်မှာပင် အိမ်ရှေ့မှ . .

''အစ်မကြီး . . အစ်မကြီးရေ . ကျွန်တော်တို့ ပြန်လာပြီဗျို့ . .''



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ခေါ်လိုက်သည့် အသံကို ကြားလိုက်ရသည်။

"ဟဲ့ . . ပေါက်စ . . နေ့လယ်က ဟိုနှစ်ကောင်ထင်တယ် . . သွား . . သွား ထွက်ကြည့်ချေ . . ငါ ဝက်သားအိုး ကြည့်ထားလိုက်မယ်"

မပေါက်စလည်း အိမ်ရှေ့သို့ ကပျာကယာ သွားထွက်ကြည့်လိုက်ရာ နေ့လယ်က လာသွားသည့် သိုက်ဆရာဖြစ်ဟန်တူသူနှင့် သူ့တပည့်ကို တွေ့လိုက်ရသည်။ သူတို့လက်ထဲတွင် မြေကြီးမှုန့်များဖြင့် မည်းတူးနေသည့် မြေအိုးတစ်လုံး ကိုင်ထား၏။ အိုး၏အဝကို ပိတ်စိမ်းပါးဖြင့် အုပ်ထားပြီး အိုးနှုတ်ခမ်းကို လုံအောင် ဖော်မံထားသည်။ ပိတ်စိမ်းပါးပေါ်တွင် နေ့လယ်က ပေးလိုက်သည့် ကွမ်းယာပါ တင်ထားသည်ကို တွေ့ရ၏။

"သမီးရေ . . ရော့ . . ဒါက အစ်မကြီး မအောင်ကြည်အတွက် ပါ . . ဦးလေးတို့ သွားလိုက်ဦးမယ်နော်"

သိုက်ဆရာဖြစ်ဟန်တူသူက စကားတိုတိုတုတ်တုတ်ပြောကာ အိမ်ပေါ်ပင် မတက်တော့ဘဲ တံစက်မြိတ်အောက်တွင်သာရပ်ပြီး လှမ်းပေးလိုက်သည်။ ပြီး . . နှစ်ယောက်သား ပြန်ထွက်သွားကြတော့၏။

မပေါက်စလည်း အိုးကို မီးဖိုထဲသို့ ယူလာသည်။

"အမေရေ . . ဒီမှာ နေ့လယ်ကလူတွေ အမေ့အတွက်ဆိုပြီး ပေးသွားတယ် . . သူတို့က ကွမ်းယာလေးပါ ပြန်ပေးတာတော်"

ဒေါ်အောင်ကြည်က တစ်ချက်လှမ်းကြည့်ရင်း . .





"သြော် . . ဒီအကောင်တွေကလည်း ကိစ္စပြီးရင် ပြီးတဲ့နေရာမှာ ထားခဲ့တာမဟုတ်ဘူး . . ဘာကိစ္စ ပြန်ယူလာရတာတုန်း . . ပေါက်စ . . အဲ့ဒီကွမ်းယာကို မီးဖိုထဲ ပစ်ထည့်လိုက်စမ်းပါအေ . ."

မပေါက်စလည်း ဒေါ်အောင်ကြည်ပြောသည့်အတိုင်း ကွမ်းယာကို ဖြေပြီး မီးဖိုထဲ လှမ်းပစ်လိုက်သည်။ မပစ်ခင်လေးမှာတင် မြင်လိုက်ရသည်က ကွမ်းယာထဲထည့်ထားသည်က ဆားတွေမဟုတ်ဘဲ မြေကြီးခဲ မည်းမည်းတွေ . .

"ဟင် . . ကွမ်းရွက်ထဲက ဆားတွေလည်း မဟုတ်ဘူး . . မြေကြီးခဲတွေပဲ . ."

ဟု ရေရွတ်ချိန်မှာပင် လက်က ပစ်ပြီးလျက်သား ဖြစ်နေပြီ။ ဒေါ်အောင်ကြည်လည်း တအံ့တသြနှင့် မျက်လုံးမျက်ဆန်ပြူးသွားရင်း . .

"အလိုလေး . . ဟိုနှစ်ကောင် ငါ့ကို ယုတ်မာပါပကောလား"

ထိုစကား၏ အဓိပ္ပာယ်ကို မပေါက်စတစ်ယောက် နားမလည်နိုင်ခင်မှာပင် မီးဖိုထဲက မီးတောက်ကြီးက အုန်းခနဲထွက်လာပြီး ဒေါ်အောင်ကြည်၏ ခန္ဓာကိုယ်ကို အရှိန်နှင့် ပြေးဟပ်လိုက်တော့၏။

"အံမယ်လေး . . ပူလှချည်ရဲ့ . . လောင်လှချည်ရဲ့"

"အား . ."

■



www.burmeseclassic.com

www.burmeseclassic.com

"ဟော ‥ ဟိုမှာ မီးလောင်နေတယ် ဟေ့ ‥"

"မီးဗျို့ ‥ မီး ‥ မီး"

"အံမယ်လေး ‥ လုပ်ကြပါဦး"


တစ်ရွာလုံး အော်ကြဟစ်ကြနှင့် မီးလောင်ရာဆီသို့ ပြေးသွားကြရင်း အုတ်အော်သောင်းနင်း ဖြစ်သွားကြသည်။ ရေတွင်းကရေ ပြေးခပ်သူခပ်၊ သဲအိတ်ဖြုတ်သူဖြုတ်နှင့် တစ်ရွာလုံး ကတိုက်ကရိုက် ဖြစ်ကုန်ကြ၏။ အရွယ်ကောင်းလူငယ် လေးငါးယောက်က ရေပုံးကိုယ်စီ ဆွဲကာ ရဲရဲတောက် လောင်နေသော မီးပေါ်သို့ ဖျန်းချသည်။

မည်သို့ပင် ဝိုင်းဝန်းငြိမ်းသတ်ကြသော်လည်း မီးကိုမနိုင်။ ဘာမှ လောင်စရာမရှိသည့်အခါမှသာ သူ့အလိုလို မီးညွန့်ကျိုးကျသွားတော့သည်။ တစ်ခြံလုံးလည်း ဘာမှမရှိတော့ဘဲ မီးကျွမ်းနေသည့် သစ်ပင်ငုတ်တိုများသာ ကျန်ခဲ့တော့သည်။

ဒေါ်အောင်ကြည်၏အလောင်းကို မီးကျွမ်းနေသည့် အရိုးစုအဖြစ် တွေ့ရ၏။ သို့သော် မပေါက်စတစ်ယောက်ကိုတော့ ဒေါ်အောင်ကြည်၏ အိမ်မှာ တည်းခိုနေသည်ဟု မည်သူတစ်ဦးတစ်ယောက်မှ သတိမထားမိသလို မည်သူကမျှလည်း သူမအလောင်းကို မရှာဖွေမိကြ။ ထိုအချိန်မှစ၍ မပေါက်စကို ဘယ်နေရာတွေမှ မတွေ့ရတော့ချေ။

■





အခန်း (၇)

နှစ်လခန့် အကြာ ‥‥။

"မပေါက်စ ပြန်လာပြီတဲ့ ဟေ့ ‥"

မပေါက်စ ရွာထဲဝင်လာသည်နှင့် တစ်စုံတစ်ယောက်က တအံ့တသြ ရေရွတ်လိုက်သံကြောင့် တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ သေသည်ရှင်သည် သတင်းမကြားသည်က ငါးလခန့်ကြာပြီမို့ အားလုံးက မပေါက်စကို သေလူလို့ သတ်မှတ်လိုက်ပြီးသားပင်။

သို့သော် အခုလို အရှင်လတ်လတ်ကြီး မြင်လိုက်ရသည်မို့ အားလုံးက ဝမ်းနည်းဝမ်းသာ ဖြစ်သွားကြခြင်းပင်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မပေါက်စ ပြန်လာပြီဆိုသည့်သတင်း ကြားလိုက်ရ၍ ကိုဖေသော်တစ်ယောက် ပြောမပြတတ်အောင် ဝမ်းသာသွားပြီး မိန်းမဖြစ်သူကို တွေ့ချင်ဇောဖြင့် အိမ်ပေါ်မှ ဖင်ရှေ့ဖင်ရှေ့ ဆင်းလာမိသည် အထိပင်။

www.burmeseclassic.com



“ဟဲ့ ‥ ဟဲ့ ‥ သင်းကြည်မ ‥ ကြားသလား ‥ ဟိုမှာ ညည်းရဲ့ ဒွေးလေး ပြန်လာပြီတဲ့ သွား ‥ သွားကြိုချေ”

သင်းကြည်မလည်း ပြာလက်စဆန်ကို ချထားလိုက်ပြီး ဝမ်းသာအားရဖြင့် ဖိနပ်ပင် မစီးနိုင်တော့ဘဲ ရွာလယ်လမ်းအတိုင်း ပြေးထွက်သွားတော့၏။

ခဏကြာတော့ သင်းကြည်မနှင့်အတူ မပေါက်စ ပါလာ၏။ ကိုဖေသော်ခမျာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ဝဲနေတော့သည်။ ဒယီးဒယိုင်ဖြင့် ဆီးကြိုလိုက်ရင်း ‥

“မင်းမလည်း ပေါက်စရယ် ‥ ဘယ်တွေ သွားနေတာတုန်း ‥ ငါ့မှာ စိတ်ပူလိုက်ရတာ”

မပေါက်စက ကွပ်ပျစ်ပေါ် ဝင်ထိုင်လိုက်ရင်း ‥

“ဒီလိုပါပဲ တော်ကလည်း ‥ ရောဂါကုတယ်ဆိုတာ အနာနဲ့ ဆေး မတွေ့သေးရင် ကြာတာပေါ့တော် ‥”

“မှန်းစမ်း ‥ အခုရော သက်သာသွားပြီလား ‥ အနာရော ပျောက်သွားပြီလား”

“ပျောက်သွားပါပြီတော် ‥ ကဲ ‥ ဒီမှာကြည့် ‥”

မပေါက်စက အင်္ကျီလက်ကို ပင့်တင်ပြီး ပြလိုက်သည်။ ကိုဖေသော်ရော၊ သင်းကြည်မပါ ပြိုင်တူကြည့်လိုက်၏။ အနာကိုတော့ မတွေ့ရတော့ချေ။ သို့သော် မပေါက်စ၏ လက်မောင်းအရင်းတွင် အဖြူမှတ်တစ်ခုကို တွေ့လိုက်ရ၏။

“ဟဲ့ ‥ ပေါက်စ ‥ မင်းလက်မောင်းက အဖြူ အရင်က မရှိပါဘူး ‥ ဘယ်လိုဖြစ်တာလဲ ‥ အခုမှ ပေါ်လာတာလား”





“အို ‥ တော်ကလည်း တောက်တီးတောက်တဲ့ ‥ ဒါမျိုးက အသက်ကြီးမှ ပေါ်တယ်ဆိုတာ ဘယ်ရှိပါ့မလဲ”

ကိုဖေသော်က မပေါက်စ၏ အဖြေစကားကို သိပ်တော့ ဘဝင်မကျ။ သို့သော် ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

“ကဲ ‥ ကဲ ‥ သင်းကြည်မရေ ‥ ညည်းရဲ့ ဒွေးလေးကို မေးချေ ‥ ညနေစာ ဘာစားမလဲလို့ ‥ စားချင်တာလေး ချက်ကျွေးလိုက် ကြားလား”

“ဟုတ်ကဲ့ပါ ဘဒွေးရဲ့ ‥ ဒွေးလေးရေ ‥ ညနေစာ ဘာစား မလဲ ‥ သမီး ဘာချက်ပေးရမလဲဟင် ‥”

“အို ‥ မစားဘူး ‥ မစားဘူး ‥ ငါ ဘာမှ မစားချင်ဘူး”

မပေါက်စ၏ ခါးခါးသီးသီးအပြောကြောင့် ကိုဖေသော်ရော သင်းကြည်မပါ အံ့ဩသွားကြ၏။ ထိုအခါမှ မပေါက်စလည်း သူ့စကား မှားသွားသည်ကို သတိထားမိသွားပြီး ‥

“မဟုတ်ပါဘူးအေ ‥ ငါ ခံတွင်းပျက်နေလို့ပါ”

ဟု ဖြေပြောပြောလိုက်သည်။

ထိုအချိန်မှာပင် ‥

“ဒေါ်လေးပေါက်စ ‥ ဒေါ်လေးပေါက်စရေ ‥”

ဟုအော်ခေါ်ရင်း ချက်ကြီး ပြေးဝင်လာသည်။ ချက်ကြီးက မပေါက်စ၏ သူငယ်ချင်း မိစိန်၏သား ဖြစ်သည်။

“ဟဲ့ ‥ ဘာတုန်း ‥ ဘာလို့ ဒီလောက်အော်နေရတာလဲ”

ချက်ကြီးက မပေါက်စပြောသည်ကို ဂရုမစိုက်အား ‥ သူ သိချင်တာကိုပဲ အငမ်းမရ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်လေး ‥ ကျွန်တော့်အမေရော ‥ ကျွန်တော့်အမေ မပါလာ ဘူးလား''

''ဟဲ့ ‥ ဘယ်က နင့်အမေလဲ ‥ ဘာတွေ လာပြောနေတာလဲ''

ကိုဖေသော်က ‥

''သြော် ‥ ပေါက်စနယ် ‥ မင်း သူ့ကို မမှတ်မိဘူးလား ‥ အဲဒါ မိစိန်သား ချက်ကြီးလေကွာ ‥''

''အင်း ‥ အဲဒီတော့ ဘာဖြစ်လဲ ‥ သူ့အမေ ဘယ်မှာလဲ ဆိုတဲ့ကိစ္စ ကျုပ်ကို ဘာလို့လာမေးနေရတာလဲတော့်''

''မဟုတ်ဘူးလေ ‥ မိစိန်က မင်းကို ဆေးကုဖို့ လိုက်ပို့ပေးတယ်လေ ‥ အဲဒါ မင်းက သုံးလတောင်ကြာတဲ့အထိ ‥ ပြန်မလာသေးတာနဲ့ မိစိန်ကို နောက်က လိုက်ကြည့်ခိုင်းလိုက်တာ ‥ ဒါပေမဲ့ မိစိန်ပါ ပြန်မလာတော့ဘူး''

''အို ‥ ကြက်ကြီးစည်ရာရှင် ‥ ကျုပ်နောက်ကို ဘယ်သူမှ လိုက်မလာပါဘူး ‥''

''ဟာ ‥ မဖြစ်နိုင်လိုက်တာ ဒေါ်လေး ပေါက်စရယ် ‥ အဲဒီနေ့က အမေက သမ္ဘန်နဲ့ သွားမယ်ဆိုလို့ ကျွန်တော်ကိုယ်တိုင် ကူးတို့ဆိပ် လိုက်ပို့ပေးခဲ့တာဗျ''

''အဲဒါဆိုလည်း နင့်အမေ လှေမှောက်ပြီး သေပြီ ဖြစ်မှာပေါ့''

''ဟာ ‥''

ကိုဖေသော်တစ်ယောက် မပေါက်စ၏ ကြမ်းကြမ်းတမ်းတမ်း အပြောကြောင့် အံ့သြတကြီးနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။





သင်းကြည်မလည်း ကြီးတော်ဖြစ်သူ၏ အမူအရာကို ကြည့်ပြီး ဘာပြောရမည်မှန်း မသိဘဲ ကြောင်ငေးပြီး ကြည့်နေမိတော့၏။

''ဖွဟဲ့ ‥ လွဲပါစေ ‥ ဖယ်ပါစေဗျာ ‥ ဒေါ်လေး ဘာတွေ လျှောက်ပြောနေတာလဲ ‥ ကျွန်တော့်အမေ ဘယ်မှာလဲဗျာ ‥ ဒေါ်လေး သိရမယ် ‥ ပြောပါဗျာ''

''ဒီမသာလေးတော့ သေတော့မှာပဲ ‥ ငါ မသိဘူးလို့ဆိုနေ ‥ ရှုပ်ရှုပ်ယှက်ယှက် ဘာလို့ လာမေးနေမှန်း မသိဘူး ‥ တယ် ငါကောက်ပေါက်လိုက်ရ ‥ သွား ထွက်သွား''

မပေါက်စက ပြောလည်းပြောရင်း လက်ဖက်ရည်ပန်းကန်လုံးနှင့် ကောက်ပေါက်ဖို့ လက်ရွယ်လိုက်သည်။ ချက်ကြီးခမျာ တကယ်ပေါက်မည်ဟန်ပြင်နေသည့် မပေါက်စ၏ အမူအရာကြောင့် နောက်ဆုတ် နောက်ဆုတ်ဖြင့် ခြံထဲမှ ကတိုက်ကရိုက် ပြေးထွက်သွားတော့၏။

''ဟဲ့ ‥ ဟဲ့ ပေါက်စ ‥ လွန်မယ် လွန်မယ် ‥ ကဲ ကဲ ‥ သင်းကြည်မ ‥ ညည်းဒွေးလေး ပင်ပန်းလာတယ်ထင်တယ် ‥ သွား သွား ‥ အိမ်ထဲခေါ်ပြီး သွားနားခိုင်းလိုက်ချေ''

သင်းကြည်မက ကိုဖေသော်ပြောသည့်အတိုင်း မပေါက်စကို သွားတွဲခေါ်လိုက်၏။

''ဖယ်စမ်းပါ သင်းကြည်မရယ် ‥ ငါ မနားသေးပါဘူး''

မပေါက်စက သင်းကြည်မ၏ လက်ကို ပုတ်ထုတ်လိုက်ရင်း ပြောလိုက်သည်။ ပြီးနောက် မပေါက်စက ကိုဖေသော်၏ ခြေထောက်ဆီသို့ သေသေချာချာစိုက်ကြည့်လိုက်ရင်း ‥



www.burmeseclassic.com

www.burmeseclassic.com



''ကိုဖေသော် ။ တော့်ခြေထောက် ဘယ်လိုနေသေးလဲ''

''ဒီလိုပါပဲကွာ ။ အရင်ကအတိုင်းပါပဲ''

''ဟုတ်လား ။ ဘာမှ စိတ်မပူနဲ့သိလား ။ ကျုပ် ရှင့်အတွက် ဆေးနည်းယူလာတယ်တော့် ။ ကျုပ်ကိုယ်တိုင် ဆေးဖော်ပြီး ရှင့်ကို တိုက်မယ် ။ အဲ့ဒီအခါကျရင် ရှင် သောက်ရမယ်နော်''

''အေးပါကွာ ။ ငါ သောက်ပါ့မယ်''

ကိုဖေသော်စကား ကြားလိုက်ရသည့်အခါ ဘာကြောင့်မှန်း မသိ။ မပေါက်စ၏ မျက်လုံးများက အရောင်လက်သွားသည်ကို သင်းကြည်မ သတိထားလိုက်မိသည်။

''ကဲ ။ ကဲ ။ ဒီလိုဆို သင်းကြည်မ ။ ငါပြောတာကို ညည်း သေချာနားထောင် ။ အခု ငါဖော်မယ့်ဆေးက လေထိခံလို့ မရဘူး ။ လေထိလိုက်တာနဲ့ သေွ့တာမြန်ပြီး အစွမ်းပြယ်သွားမှာ ။ ဒီတော့ ။ ရွာထဲက ကာလသားတွေကို ခေါ်ချေ ။ ပြီးရင် ။ အိမ်နောက်ဘက်မှာ မြေစိုက်တဲတစ်လုံး ထိုးပေး ။ အဲဒီမှာ ငါနေပြီးတော့ ဆေးဖော်ရမယ်''

''ဒီနေ့ခင်း ။ ချက်ချင်းကြီးလား ။ ဒွေးလေး ။''

''အေးပေါ့ဟဲ့ ။ သွား အခုချက်ချင်းလုပ် ။ ပြီးတာနဲ့ ကောက်ညှင်းပေါင်း ပေါင်းထား ။ သူတို့ကို ကျွေးရမယ်''

ထိုသို့ဖြင့် သင်းကြည်မလည်း အားချင်းပင် ရွာထဲက ကာလသား ၅ ယောက်ခန့်ကို စုလိုက်၏။ ကိုဖေသော့်အတွက် ဆေးဖော်မည်ဆိုသည့် သတင်းကြောင့် အားလုံးက တက်တက်ကြွကြွနှင့် လုပ်ကိုင်ပေးကြသည်။





ဝါးခုတ်သူခုတ်၊ မဝမတိုင် စိုက်သူစိုက်နှင့် အားလုံး တက်ညီလက်ညီ လုပ်လိုက်ကြရာ ခဏချင်းမှာပင် မြေစိုက်တဲတစ်လုံး ထိုးပြီးသွား၏။

မပေါက်စက ။

''ဟဲ့ ။ စံပတို့ရေ ။ တစ်လက်စတည်း ငါ့အတွက် ကွပ်ပျစ် တစ်လုံးပါ ရိုက်ပေးကြစမ်းပါဟယ် ။ ငါက ဆေးဖော်ရင် ဒီတဲထဲမှာပဲ အိပ်ရမှာကွယ့် ။''

''ခြော် ။ ဟုတ်ကဲ့ပါ ။ ဒေါ်လေး''

ထို့နောက် ကာလသားတစ်သိုက်လည်း မပေါက်စပြောသည့်အတိုင်း လုပ်ပေးကြသည်၊ ကိုဖေသော်ကတော့ မပေါက်စကို နားမလည်နိုင်သည့် မျက်လုံးများဖြင့်သာ ငေးကြည့်နေတော့သည်။

အားလုံးပြီးဆုံးသွားသည့်အခါ မပေါက်စက ။

''ကဲ ။ သင်းကြည်မရေ ။ သူတို့အဆာပြေစားဖို့ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်း ပြင်ထားစမ်း ။ ပြီးရင် ထန်းရည်ဖိုးပါ ပေးဖို့ စီစဉ်ထားလိုက်ဦး''

''တော်ပါပြီ ဒေါ်လေးပေါက်စရယ် ။ ကောက်ညှင်းပေါင်းပဲ စားမယ် ။ ထန်းရည်ဖိုးတော့ မယူတော့ပါဘူး ။ ထန်းရည်ဖိုးအစား ဟိုးက ပိုနေတဲ့ ဝါးလုံးနဲ့ ဝါးဖြတ်စတွေပဲ ပေးပါတော့ဗျာ ။ ဒီနှစ်ရွာကထိန်မှာ အလှူခံထွက်ဖို့ အရုပ်ချိုးတဲ့ အခါ သုံးချင်လို့ဗျို့ ။''



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဆာပြေ ကောက်ညှင်းပေါင်း စားကြ၊ အကြမ်း အိုးတည်ရင်း စကားစမြည်ပြောကြ၏။ ကာလသားထဲမှ တစ်ယောက် က မပေါက်စကို စနောက်ချင်တာနှင့် ..

''ဗျို့ .. ဒေါ်လေးပေါက်စ .. ဒေါ်လေးက ဒီတဲဆောက်နိုင်း တာ ဆေးဖော်ဖို့ဆိုဗျ .. နေစမ်းပါဦး .. ဒေါ်လေးပေါက်စ က ဘယ်လိုဘယ်လို ဆေးဖော်တတ်လာတာတုန်း ..''

ဟု နောက်ပြောပြောလိုက်သည်။

မပေါက်စက ဘာမှ ပြန်မပြောဘဲ ယမနေသစ်ကိုင်းကိုသာ မဲပြီး ခုတ်နေ၏။ ထိုအခါ တင်မောင်က ထပ်ပြီး ..

''တော်ကြာနေ .. 'ဆရာ့လက်သုံး မြင့်မိုရ်ကုံး' ဆိုတဲ့ စာချိုး အတိုင်း ဖြစ်နေပါလိမ့်ဦးမယ်ကွာ ..''

ဟုပြောပြီး အရှုန်းဖောက်လိုက်ပြန်၏။

''ဟ .. ဘာတုန်း .. ဆရာ့လက်သုံး မြင့်မိုရ်ကုံးဆိုတာ မကြားဖူးပါဘူး ..''

သာရင်က ဝင်မေးလိုက်သည်။

တင်မောင်က ..

''ဆေးတစ်မည်တည်း ဖော်တတ်တဲ့ ဗိန္ဓောဆရာက မြင့်မိုရ် ကုံးကို ရေလဲအမျိုးမျိုးနဲ့ တိုက်တာကို ခေါ်တာလေကွာ .. နည်းနည်းတိုက်တော့ နည်းနည်းဝမ်းသွားတယ် .. များများ တိုက်တော့ များများဝမ်းသွားတာပေါ့ .. ဟား .. ဟား .. ဟား ..''

အားလုံး ဝိုင်းရယ်လိုက်၏။





မပေါက်စကတော့ သူတို့ပြောသည်ကို ကြားဟန်မတူ။ သူ့ တစ်ရပ်စာလောက်ရှိသော ဓားဓားက သူခုတ်ထားသည့် ယမနေ ကိုင်းကိုသာ ဓားမတိုတစ်ချောင်းနှင့် အချောသပ်နေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

သင်းကြည်မ အိပ်ရာနိုးတော့ အရုဏ်တက်ခါစပဲ ရှိသေး၏။ စောစောစီးစီး ရေနွေးအိုးတည်၊ ဘဒွေးဖြစ်သူ ကိုဖေသော်ကို ပြုစုပေးရင်းနှင့် မိုးစင်စင်လင်းသွားသည်။ ဒွေးလေးဖြစ်သူက မနေ့ညကတည်းက အိမ်ပေါ်လည်း တက်မလာ၊ ထမင်းလည်း လာမစားတာကြောင့် ဘာများဖြစ်နေလဲဟု တွေးမိကာ စိတ်ပူနေမိသေး၏။

ထိုစဉ် ကိုဖေသော်က ..

“ဟဲ့ .. သင်းကြည်မ .. ညည်းဒွေးလေးတစ်ယောက်လည်း မတွေ့ပါလား .. သူရော ဘာစားပြီးပြီလဲ”

ဟု ပြောင်းဖူးဖက်လိပ်ကို မီးတို့နေရာမှ မေးလိုက်၏။

သင်းကြည်မက ..

“ဖိုရုံထဲမှာပဲ ဆေးဖော်နေတယ် ထင်ပါရဲ့ ဘဒွေးရယ် ..”





“မေးမြန်းပြုကြည့်ပါဦး .. သူပြန်လာကတည်းက ငါနဲ့ ကြာကြာကို မျက်နှာချင်းမဆိုင်ရသေးဘူး .. ကိုင်း .. သွား .. သွားခေါ်ချေ ..”

ထို့ကြောင့် သင်းကြည်မလည်း ဖိုရုံတဲဘက်သို့ လျှောက်လာခဲ့သည်။ တဲရှေ့ရောက်တော့ အထဲကို ဘာမှမမြင်ရဘဲ မီးခိုးတွေသာ အူထွက်နေ၏။

“ဒွေးလေး .. ဒွေးလေး ..”

သင်းကြည်မက ခပ်တိုးတိုးအသံပြုကြည့်၏။ အထဲမှ တုံ့ပြန်သံ မကြားရ။ ‘မီးဖိုဖိုပြီး အိပ်များပျော်နေသလား’ ဆိုပြီး တဲအတွင်းသို့ ခြေလှမ်း နှစ်လှမ်းသုံးလှမ်းခန့် လှမ်းဝင်သွားလိုက်သည့်အခါတွင် ကြောက်မက်ဖွယ်ရာ အော်သံကြီး ပေါ်လာသည်။

“ရပ်စမ်း ..”

“အံမယ်လေး .. ဘုရားဒုတ်တုတ်”

“ဟဲ့ .. ကောင်မ .. ညည်း ဘာလုပ်ဖို့ ဒီကိုလာတာလဲ .. ဟင် .. ပြောစမ်း”

“ဟို .. ဟို .. သမီး ..”

“သေဦးမယ် .. ဒီကို ဘယ်သူမှ မလာရဘူးလို့ ငါပြောထားတယ်လေ .. ညည်းအမှတ်မရှိဘူးလား .. သင်းကြည်မ .. ငါလုပ်လိုက်ရ သေတော့မယ် .. ဘာလဲ .. ဘာကိစ္စလဲ ပြော”

“ဟို .. ဒွေးလေးက မနေ့ညကတည်းက အိမ်ပေါ်တစ်ခါမှ ပြန်တက်မလာတော့ စိတ် .. စိတ်ပူပြီး ..”

“ပူမနေနဲ့ .. ငါ့အလုပ် ငါသိတယ် .. နောက်ဆိုရင် ငါ



www.burmeseclassic.com

www.burmeseclassic.com



မနိုင်းဘဲ ဒီတဲဘက်ကို တစ်လှမ်းမှ မလာခဲ့နဲ့ ‥ ကြားလား''

''ဟုတ် ‥ ဟုတ်ကဲ့ ‥ ဒွေးလေး''

''ကိုင်း ‥ သွားတော့''

သင်းကြည်မက လှည့်ထွက်ဖို့ ပြင်တော့မှ ‥

''နေဦး ‥ ညည်း ဘာလိုသေးလဲ''

''ဟို ‥ ဘာမှတော့ မလိုပါဘူး ‥ ဟိုဥစ္စာ ‥ ဒွေးလေး မနက်စာ ဘာစားမလဲလို့ အဲဒါ''

သင်းကြည်မက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောလိုက်သည်။ မပေါက်စ မျက်နှာထားတင်းတင်းကြီးဖြင့် ‥

''ငါ့အတွက် ဘာမှမလိုဘူး ‥ ညည်းတို့ ကုဝိုးနှစ်ယောက်သာ စားကြ ‥ ရော့ ‥ ဒီမှာ ‥ ပိုက်ဆံ ၃ မူး ‥ ယူသွား''

ဟုဆိုကာ သူ့လုံချည်အထက်ဆင့်ကြားထဲတွင် လိပ်ထားသည့် ပိုက်ဆံ ၃ မူးကို ထုတ်ယူလိုက်သည်။ ပြီးနောက် ချလွှမ်းခနဲ မြေကြီးပေါ်သို့ ပစ်ပေါက်ပေးလိုက်၏။

သင်းကြည်မလည်း တွန့်ဆုတ်ဆုတ်နှင့် မြေကြီးပေါ် ပြန့်ကျဲနေသည့် မူးစေ့ ၃ စေ့ကို ဟိုတစ်နေရာ ဒီတစ်နေရာ လိုက်ကောက်ပြီး ယူလိုက်သည်။

မပေါက်စက ‥

''နောက်ဆိုရင် မနက်တိုင်း လှေကားခုံပေါ်မှာ ပိုက်ဆံ ၃ မူး ထားပေးမယ်။ ညည်းတို့ဘာသာယူပြီး လောက်အောင် ချက်ပြုတ်စားကြပေတော့ ‥''





သင်းကြည်မက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး နေရာမှ အပြေးတစ်ပိုင်း ထွက်လာခဲ့၏။ အိမ်ပေါ်ပြန်ရောက်တော့ ဘဒွေးဖြစ်သူကို အကျိုးအကြောင်း ပြောပြလိုက်သည်။

ကိုဖေသော်က ဘာမှတော့ ပြန်မပြော။ သို့သော် သက်ပြင်းများသာ အကြိမ်ကြိမ်ချပြီး မျက်နှာပျက်နေတော့၏။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ဘဝမျိုးဆိုတော့ ဘာမှ မတတ်နိုင်ပါဘူးလေဟု လည်း တွေးနေမိသည်။

''ကဲ ‥ ဘဒွေးရေ ‥ သမီး ဈေးသွားလိုက်ဦးမယ်နော် ‥ ဘဒွေး အဆာပြေစားဖို့ ပဲပြုတ်ကို ထမင်းကြမ်းနဲ့ ဆီဆမ်းပြီး နယ်ပေးထားတယ် ‥ ရေနွေးအိုးထဲမှာ ရေနွေးလည်း အပြည့်ရှိတယ်နော် ‥''

''အေးပါကွယ် ‥ ညည်းလည်း ငါ့အတွက်နဲ့ ပန်းလှပါပြီ ‥ ကိုင်း ‥ သွား သွား ‥ တော်ကြာနေရင် ဈေးကွဲသွားတော့မယ် ‥''

''ဟုတ်ကဲ့ ‥ ဘဒွေး ‥''

ထိုသို့ဖြင့် သင်းကြည်မတစ်ယောက် ဈေးခြင်းလေးဆွဲကာ အိမ်ထဲမှ ထွက်လာခဲ့သည်။ ခြံအပြင်ရောက်တော့ အိမ်ဆီသို့မယောင်မလည် အကဲခတ်နေသော မိစိန်၏သား ချက်ကြီးကို တွေ့လိုက်ရသည်။ သူ့အမေအကြောင်း ကြီးတော်ပေါက်စကို ထပ်မေးချင်လို့ ထင်ပါတယ်ဟု စဉ်းစားပြီး သင်းကြည်မက စကားစပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ချက်ကြီးပါလား ‥ နင်ဘာလုပ်နေတာလဲ ‥ ကေန္တ နင့်အမေအကြောင်း ထပ်ပြီး စုံစမ်းချင်လို့နဲ့တူတယ် ‥ ဟုတ်လား"

"အေး ‥ မေးတော့ မေးချင်တာပေါ့ဟာ ‥ ဒါပေမဲ့ နင့်ဒွေးလေးကို ငါ ကြောက်တယ် ‥ ဟိုတစ်ခါမေးတော့ နင်တွေ့တဲ့အတိုင်းပဲလေ ‥ ငါ့ကို အော်လိုက်တာ လိပ်ပြာလွင့်မလားတောင် ထင်ရတယ် ‥"

"အေးပါဟာ ‥ အဲဒီအတွက် ငါပဲ ကြားထဲက တောင်းပန်ပါတယ် ‥ အဲဒီနေ့က ဒွေးလေးပေါက်စလည်း ခရီးပန်းလာလို့ စိတ်တိုနေတယ် ထင်ပါရဲ့ ‥"

"ရပါတယ် ‥ သင်းကြည်မရယ် ‥ ဟုတ်တော့ ဟုတ်ပါတယ်လေ ‥ အရင်က ဒေါ်လေးပေါက်စ စိတ်ရင်း ငါသိတာပဲ ‥ ဒီလိုမှ မဟုတ်တာ ‥ ကြည့်ရတာတော့ ငါ့အမေနဲ့ ဒေါ်လေးပေါက်စ တကယ်ပဲ မတွေ့ဘူးထင်ပါတယ် ‥ နို့မို့ဆို ဒေါ်လေး ငါ့ကို ဒီလိုတယ်ပြောပါ့မလဲ ‥ ငါဆုံးဖြတ်လိုက်ပြီ သင်းကြည်မရယ် ‥ ငါ လပွတ္တာကို လိုက်သွားပြီး ငါ့အမေသတင်းသွားစုံစမ်းတော့မယ်ဟာ ‥"

■





နေ့လယ်ခင်းရောက်တော့ မပေါက်စက ယွန်းခွက်လေးထဲ ထည့်ထားသည့် ဆေးတစ်ဖုံကိုကိုင်ကာ ထွက်လာပြီး အိမ်ရှေ့ ကွပ်ပျစ်ပေါ်သို့ ထိုင်ချလိုက်သည်။ မဖွာစဖူး ဆေးလိပ်ကြီးကို ဖွာရင်းနှင့် သင်းကြည်မကို ‥

"ဟဲ့ ‥ သင်းကြည်မ ‥ ညည်းဘဒွေးကို ဒီခေါ်ခဲ့ပါဦးအေ"

ခဏအကြာ သင်းကြည်မက ကိုဖေသော့ကို တွဲပြီး ထွက်လာသည်။

"ဘာတုန်း ‥ မပေါက်စရဲ့ ‥"

"လာစမ်းပါတော် ‥ ဒီမှာ ရှင့်အတွက် ကျုပ်ဆရာမကြီး သင်ပေးလိုက်တဲ့နည်းအတိုင်း ဆေးကိုတော့ ဖော်ပြီးပြီ။ ဒါလေးဝင်သွားရင် တစ်လ ကိုးသီတင်းတောင် မကြာဘူး ပြန်ကောင်းလာမှာ ‥"

"ဟေ ‥ ဟုတ်သလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖေသော်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မေးလိုက်မိ၏။

''ဩော် ‥ အဟုတ်ပေါ့ရှင့် ‥ ဘာလဲ ရှင်က ကျုပ်ကို မယုံဘူးလား''

''မဟုတ်ပါဘူး ‥ ယုံပါတယ်ကွာ ‥ ယုံပါတယ်''

''အင်း ‥ ကျုပ်လည်းတော် ‥ ဒီရက်ပိုင်းအတွင်း စကားမာဆတ်ဆတ်ပြောမိရင် ကျုပ်ကို ခွင့်လွှတ်ပါတော် ‥ ဆေးဖော်ဖို့ပဲ ဇောကပ်နေမိလို့ စိတ်နဲ့လူ မကပ်ချင်သလိုပဲ''

ဇနီးဖြစ်သူထံမှ ချိုချိုသာသာပြောလာတော့လည်း ကိုဖေသော်တစ်ယောက် စိတ်ထဲ ဘဝင်ကျသလို ဖြစ်သွားသည်။

''အေးပါကွာ ‥ အေးပါ ‥''

ဘေးမှထိုင်နေသည့် သင်းကြည်မကတော့ ကြီးတော်ဖြစ်သူမပေါက်စကို ကြည့်ရင်း မနက်က ကြီးတော်မပေါက်စနှင့် အခု ဒွေးလေးပေါက်စ တစ်ယောက်စီဖြစ်သွားသလိုပဲဟု စဉ်းစားနေမိသည်။

ကိုဖေသော်က ‥

''ပေါက်စရယ် ‥ မင်းမလည်း အိမ်ပြန်ရောက်လာကတည်းက ကုပ်ကုပ်ကပ်ကပ် တဲကျဉ်းကျဉ်းလေးမှာ နေနေရတာ ပင်ပန်းရောပေါ့။ ဒီညတော့ အိမ်မကြီးပေါ်မှာပဲ အရင်လို ညည်းတူမနဲ့ ပြန်အိပ်ပါလားကွာ''

မပေါက်စက အနည်းငယ်မျက်နှာပျက်သွားရင်း ပြော၏။

''ကျုပ်က မအိပ်ချင်လို့ မဟုတ်ပါဘူးတော် ‥ ဆေးဖော်တော့ ဆေးအစောင့်တွေရဲ့စည်းကမ်းအတိုင်း ယောကျ်ားသနာရှိတဲ့ အိမ်မှာ တစ်မိုးအောက်တည်း အတူနေလို့ မရလို့ပါတော်





‥ နို့မို့ဆို ဆေးစွမ်းပြယ်သွားရော ‥''

ကိုဖေသော်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီး ‥

''ဟုတ်လား ‥ အေးပါ ‥ မင်း အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ ‥ ကိစ္စမရှိပါဘူး''

''ကဲ ‥ ကဲ ‥ ရော့ ဆေးသောက်လိုက်ဦးလေ ‥''

မပေါက်စက ဘေးတွင် ချထားသည့် ယွန်းဆေးခွက်ကို ကိုဖေသော့်ထံသို့ ကမ်းပေးလိုက်သည်။ ကိုဖေသော့်စိတ်ထဲ သိပ်တော့ ယုံကြည်လှသည်မဟုတ်။ သို့သော် မပေါက့်စ ကျေနပ်အောင် ယူပြီး မော့သောက်လိုက်၏။

''ဘယ့်နှယ့်နေတုန်း ကိုဖေသော်ရေ ‥''

''အ ‥ မင်းဆေးကလည်းကွာ မြေကြီးခဲတွေ မော့သောက်ရသလိုပဲ ‥ ဘယ်လိုအရသာကြီးမှန်း မသိဘူး ‥''

''ကဲ ‥ ကဲ ဒါဆိုရင်လည်း ရော့ ‥ ခံတွင်းရှင်းသွားအောင် ကွမ်းယာစားလိုက်''

မပေါက်စက အသင့်ဆောင်လာသည့် ကွမ်းယာကို ကျွေးလိုက်သည်။

''ဟဲ့ ‥ သင်းကြည်မရေ ‥ အချိုတည်းစရာ ထန်းလျက်လေး ဘာလေး ယူခဲ့ပေးစမ်း ‥ ဆေးက အဝင်တော့ ဆိုးတယ် ‥ နောက်နေ့တွေကျရင်တော့ ကျင့်သားရသွားမှာပါ။ ကဲ ‥ ကဲ ကျုပ် ဆေးတစ်ဖုံဖော်ဖို့ ဆေးမြစ်သွားရှာလိုက်ဦးမယ်''

ထို့နောက် မပေါက်စက အိမ်ထောင့်မှာ ထောင်ထားသည့် တူးရွင်းငန်းပြားကို ယူကာ ထွက်လာသည်။ ထိုစဉ် မပေါက်စတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးရှိ ကာလသားခေါင်း လှမောင်နှင့် ဇနီးဖြစ်သူ မိကျော့တို့ နေသော အိမ်ထဲမှ ဝက်မဒန်းတစ်ကောင်က မိကျော့ဝက်စာကျွေးနေတုန်း တအီအီအော်ပြီး ပြေးထွက်လာ၏။

မပေါက်စကို ပွတ်သီးပွတ်သပ်လုပ်။ မပေါက်စကတော့ တစ်ချက်သာ ကြည့်ရှုကြည့်ပြီး သူမသွားမည့်လမ်းကို ဆက်သွား၏။

သင်းကြည်မကတော့ မပေါက်စ ထွက်သွားသည့်လမ်းကို ငေးကြည့်နေရင်း ..

'ကြီးတော်တစ်ယောက် မနက်ကတည်းက ဘာမှ မစားရသေးဘူး .. အာဟာရသိဒ္ဓိပေါက်တဲ့ ဆေးတွေများ မှီဝဲထားသလား' ဟု တွေးနေမိတော့သည်။

■





ထော်ပုံရွာထိပ် ဇရပ်ထဲတွင် ကာလသားတစ်သိုက်က အလှူခံထွက်မည့် ဦးရွှေရိုးရုပ်ကြီးကို လက်စသတ်နေ၏။ မနက်ကတည်းက စလုပ်လာခဲ့ကြပေမဲ့ ဟိုဟာလုပ် ဒီဟာပြင်နှင့် ညနေ နေဝင်ရီတရော အချိန် ရောက်သည့်တိုင် အရုပ်က လက်စသတ်မပြီးသေး။

"ဟေ့ကောင်တွေ .. ငါတို့အရုပ် မျက်လုံးကြီးက ပြူးသာပြူးနေတာ။ သိပ်အသက်မဝင်သလိုပဲ။ အနက်ရောင် တောက်တောက်ဖြစ်သွားအောင် ဝက်မွေးတဲ့တရုတ်အဖောင်ဆီက တရုတ်မင်တောင့်အနက် သွားတောင်းကွာ .."

စံပကာ အရုပ်မျက်လုံးကို ဆေးခြယ်နေရင်း ပြောလိုက်သည်။

"အေး ဒီလိုဆို ကောင်းသကွာ။ နှုတ်ခမ်းမွေးကိုပါ ပိုနက်အောင် ခြယ်ရမယ်"

သာရင်ကလည်း အားကျမခံ ဝင်ပြော၏။

ထိုအချိန်မှာပင် သချိုင်းကုန်းဘက်ဆီကနေ သူတို့ဆီ တရွေ့ရွေ့လမ်းလျှောက်လာသော လူရိပ်ကို တွေ့လိုက်ကြ၏။ နေဝင်ရီတရောချိန်မို့ မည်သူမည်ဝါဆိုသည်ကား မကွဲပြား။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ လျှောက်လာတာ ဘယ်သူတုန်းကွ။ နေဝင်မိုးချုပ်ကြီး သချိုင်းကုန်းဘက်ကို ဘာသွားလုပ်ပြီး ပြန်လာတာပါလိမ့်"

"အေး . . ဟုတ်တယ်ကွ"

"ဟာ . . အဲဒါ ဒေါ်ပေါက်စကြီးမဟုတ်လား။ သူ့လက်ထဲမှာလည်း သစ်မြစ်တွေနဲ့။ ဘာသွားလုပ်တာလဲကွ"

စသဖြင့် တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြသည်။

"နေဦးကွ . . ဒေါ်ပေါက်စက သူ့ယောက်ျားအတွက် ဆေးဖော်မလို့ဆို။ ဒီလိုသစ်မြစ်တွေ၊ သစ်ပင်တွေ ကိုင်လာပုံထောက်ရင် ဆေးဖော်မယ်ဆိုတာ တကယ်များလား မသိဘူးကွ"

ထိုသို့ဖြင့် လမ်းလျှောက်လာရင်း မပေါက်စတစ်ယောက် ဇရပ် ရှေ့သို့ ရောက်လာသည်။ သာရင်က လှမ်းပြောင်သလို နောက်သလိုဖြင့် မပေါက်စကို လှမ်းမေးလိုက်၏။

"ဘယ်လိုလဲ ဒေါ်လေးပေါက်စ . . ဆေးမြစ်သွားတူးတာ ရခဲ့ရဲ့လားဗျို့ . ."

မပေါက်စက ဘာမှပြန်မဖြေဘဲ သာရင့်ကို မျက်စောင့်နီကြီးဖြင့် ကြည့်လိုက်ရင်းက သူမမျက်လုံးက စက္ကူကပ်လက်စ အရုပ်ကြီးဆီသို့ အကြည့်ရွေ့သွားသည်။ ထိုစဉ် နှုတ်ပေါ့သွမ်းသော တင်မောင်က သူ့ဘေးတွင် ရှိနေသော သိန်းအောင်ကို . .

"ဟေ့ကောင် သေသိန်း။ မင်းယောက္ခထီးကြီး နေမကောင်းလို့ ကုတာ ဆရာစုံနေပြီဆိုကွ။ အခု ဒေါ်လေးပေါက်စက သမားတော်လက်သစ် ဖြစ်လာတော့မယ်။ သူနဲ့လည်း ပြကြည့်ပါဦးလား . . ဟား . . ဟား . . ဟား . ."





ဟု ရယ်ရယ်မောမောနှင့် မပေါက်စကို လှောင်ပြောင်ရယ်မောလိုက်ကြ၏။

"မလုပ်ပါနဲ့ကွာ . . ထိုင်နေရင် အကောင်းသား . . ထသွားမှ ကျိုးမှန်းသိဆိုသလို သူ့ဘာသာနေတာကမှ ကံပါရင် သက်တမ်းစေ့နေရဦးမယ် . . ဒေါ်လေးပေါက်စ လက်တည့်စမ်းမှပဲ ကိစ္စချောရင် ခက်ကုန်လိမ့်မယ်"

"ဟား . . ဟား . . ဟား . ."

ထိုသို့ဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်ကို မပေါက်စကတော့ သူမကို ပြောသည်ဟုတောင် မထင်။ ဂရုလည်း မထား။ အရုပ်ကြီးကို စေ့စေ့ကြည့်ပြီး ငိုက်စိုက်ငိုက်စိုက်နှင့် ပြန်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com







သိန်းအောင်က ည ၈ နာရီလောက်မှ အိမ်ပြန်ရောက်သည်မို့ ရေမိုးချိုး၊ ညစာစားကာ ယောက္ခထီးဖြစ်သူအနားသို့ သတင်းမေးရန် ကပ်လာ၏။ မိန်းမဖြစ်သူကတော့ အနားမှာထိုင် ပြုစုနေရင်း 'ဟိုဆေးကတော့ ဘယ်လို .. ဒီဆေးက ဘယ်ချမ်းသာ၊ ဟိုဆေးက ဘာကောင်းတယ်' စသဖြင့် ရှင်းပြနေသည်။

အသက်ကြီးပြီဆိုတော့ ကလေးပြန်ဖြစ်သွားသည်နှင့် တူသည်။ ဆေးမသောက်ချင်ဘူးဆိုသဖြင့် သမီးဖြစ်သူက အတင်းချော့မော့ပြီး ဝင်အောင် တိုက်နေရ၏။

''အဖေ .. ညောင်းနေသလား .. ကျွန်တော် နှိပ်ပေးမယ်''

သိန်းအောင်က ပြောပြောဆိုဆိုနှင့် ယောက္ခထီးဖြစ်သူ ဦးဖိုးရင်၏ အရိုးပေါ်အရေတင် ခြေထောက်လေးကို ကိုင်ကာ နှိပ်ပေးလိုက်၏။ သမီးဖြစ်သူကလည်း ဘေးမှ ထိုင်နေသည်။

ကွမ်းတစ်ရာ၊ နှစ်ရာညက်ခန့်အကြာတွင် ဦးဖိုးရင်က ..

''ကဲ .. ကဲ တော်ပါပြီ မောင်သိန်းရယ် .. အဖေလည်း သက်သာနေပြီပဲ ဥစ္စာ။ ပြီးခဲ့တဲ့ရက်တွေက အဖေနေမကောင်းတော့ ချောင်းထဲ ငါးဖမ်းထွက်ရတာနဲ့ အဖေ့ကို ပြုစုရတာနဲ့ ငါ့သားတို့ ပင်ပန်းကြတယ် .. အဖေလည်း ငါ့သားတို့ကို သက်သက်ဒုက္ခပေးသလို ဖြစ်နေပြီလား မသိပါဘူးကွယ်''

''အို .. မဟုတ်တာ အဖေကလည်း .. သမီးတို့ မပင်ပန်းပါဘူး .. ကိုယ့်အဖေကို ပြုစုရတာပဲ အဖေရယ် .. ကုသိုလ်တောင် ရပါသေးတယ်''

''ဟုတ်ပါတယ် အဖေရယ် .. ကျွန်တော့်ကိုလည်း သမက်ဆိုပြီး ဘာမှ အားနာစရာမလိုဘူး။ သမက်နဲ့ ယောက္ခမဆိုပေမဲ့ ကျွန်တော်က အဖေ့ကို တကယ့် ကိုယ့်အဖေအရင်းလို သဘောထားတာပါ .. အဖေရယ် .. အဖေသာ နေကောင်းအောင် နေ ..''

ဦးဖိုးရင်က သမက်ဖြစ်သူ သိန်းအောင်၏အပြောကြောင့် ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ ပီတိဖြစ်သွား၏။

ထိုစဉ် ..

''ဂစ် .. ဂစ် .. ဂစ် ..''

အိမ်ပြတင်းပေါက်အပြင်မှ ကြားလိုက်ရသော ငှက်ဆိုးထိုးသံကြောင့် သိန်းမောင်က နှိပ်နေရာမှ ထပြီး ..

''ဟဲ့ .. ရှူး .. ရှူး .. သွားစမ်း''

ဟု ခြောက်လှန့်မောင်းထုတ်လိုက်သည်။ ဦးဖိုးရင်က ..

''ထားလိုက်ပါကွယ် .. မင်းတို့ခေတ်လူငယ်တွေဖြစ်ပြီး ဒါမျိုးတွေ မယုံကြစမ်းပါနဲ့''





www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ အဖေကလည်း ‥ ဘယ်ဟုတ်မလဲ ‥ ကိုသိန်း ‥ အဲဒီပြတင်းပေါက် ပိတ်လိုက်ပါတော် ‥"

ဟု ဇနီးဖြစ်သူက ဝင်ပြောလိုက်၏။

ဦးဖိုးရင်က ‥

"မပိတ်ပါနဲ့ ‥ ရပါတယ် ‥ အဖေ ဘာမှမဖြစ်ဘူး ‥ ပြတင်းပေါက်တွေ ပိတ်ထားရင် အဖေ အသက်ရှူရတာ မကောင်းဘူး ‥ ကျပ်တပ်တပ်ကြီး ဖြစ်လို့ပါကွယ်"

ဟုပြောလိုက်သောကြောင့် သိန်းအောင်လည်း မပိတ်တော့ဘဲ ပြန်လာထိုင်၏။

"ကဲ ‥ ကဲ ‥ မင်းတို့လည်း သွားအိပ်ကြချေတော့ ‥ အဖေ့အတွက် ရေနံဆီမီးခွက်နဲ့ မီးခြစ်လေး အဖေ့လက်တစ်ကမ်းမှာ ထားခဲ့ပေး ‥"

ထိုသို့ဖြင့် သိန်းအောင်တို့ လင်မယားလည်း အိပ်ရာဝင်ကြတော့၏။ အိပ်ရာထဲရောက်တော့ စောင်ကြမ်းကို ခြုံပြီး ခေါင်းအုံးလုပ်သည့် ဝါးပိုးဆစ်နှင့် ခေါင်း ထိခါနီးလေးမှာပင် ငှက်ဆိုးထိုးသံ ထပ်ကြားလိုက်ပြန်၏။

"ဂစ် ‥ ဂစ် ‥ ဂစ် ‥"

သို့သော် ဒီတစ်ခါတော့ သိန်းအောင် ထမမောင်းမိ၊ ခေါင်းချလိုက်သည်နှင့် တစ်ချိုးတည်း အိပ်ပျော်သွားတော့၏။

သန်းခေါင်ကျော်နှစ်ချက်ထိုးချိန်လောက်မှာတော့ ဦးဖိုးရင်တစ်ယောက် အကြောင်းမည်မည်ရရ မရှိဘဲ ဖျတ်ခနဲ နိုးလာသည်။ စိတ်ထဲမှာလည်း ဆီးသွားချင်သလိုလို ဘာလိုလို အောက်မေ့မိ၏။





ထိုသို့ဖြင့် မီးခြစ်ကိုစမ်းပြီး မီးခွက်ထွန်းလိုက်သည်။

စိတ်ထဲကနေလည်း ဘယ်အချိန်ရှိပြီလဲဟု သိချင်နေပြန်သည်။ သိန်းအောင်တစ်ယောက် လင်းအားကြီးမှာ ပိုက်သွားချမယ်ဟု ပြောထားသည်။ 'နှိုးလိုက်လျှင် ကောင်းမည်လား။ ဒါပေမဲ့ အချိန်စောတော်ရဲ့လား မသိ။ တော်ကြာ စောနှိုးနေမိလို့ အိပ်ရေးပျက်ဦးမယ်' စသဖြင့် ဒွိဟစိတ်များဖြင့် တွေဝေနေမိသည်။

စောစောက ဆီးသွားချင်တာလားဟု စဉ်းစားကာ ထဖို့အပြုတွင် ဆီးကလည်း မသွားချင်တော့။ ထို့ကြောင့် ဦးဖိုးရင်က မသွားဘဲ ပြန်ထိုင်နေလိုက်ရ၏။ မီးခွက်မှုတ်ပြီး ပြန်အိပ်တော့မည်ဟု စိတ်ကူးကြည့်သော်လည်း ဘာကြောင့်မှန်းမသိ၊ အိပ်ချင်စိတ် လုံးဝကင်းစင်နေသည်။

ထိုအချိန်မှာပင် အနံ့တစ်ခု ရလိုက်၏။ အကောင်တစ်ကောင်ကောင်ကို မီးဖုတ်သည့် အနံ့ပင်။

'ဟင် ‥ ဘာနံ့ကြီးပါလိမ့်'

ထိုစဉ် ‥

"ဂစ် ‥ ဂစ် ‥ ဂစ် ‥"

ငှက်ဆိုးထိုးသံ ထပ်ကြားလိုက်ရပြန်သည်။ အခုတစ်ကြိမ်တော့ ဘာကြောင့်မှန်းမသိ ဦးဖိုးရင် စိတ်ထဲ ဘဝင်မကျဖြစ်သွားမိ၏။ ထို့ကြောင့် ထိုင်နေရာမှ ပြတင်းပေါက်အပြင်ဘက်ဆီသို့ ကြည့်လိုက်ရာ လရောင်ကြောင့် ခေါင်းရင်းသရက်ပင်ကိုင်းဆီက တွန်နေသည့် ငှက်ဆိုးကို မြင်လိုက်ရ၏။ အယူအဆ အစွဲအလမ်းမရှိဘူးဟု ပြောသော်ငြားလည်း ထိုငှက်သံကြီးက ကျက်သရေကင်းမဲ့လွန်းသည်ဟု သူ့စိတ်ထဲမှ အလိုလို

www.burmeseclassic.com



ထင်မိသည်။ ထို့ကြောင့် မရှိမဲ့ရှိမဲ့ အားလေးကို ယူပြီး မတ်တတ်ရပ်လိုက်၏။

ထိုအချိန်မှာပင် သူမြင်ကွင်းထဲသို့ တစ်စုံတစ်ယောက် တရွေ့ရွေ့ တိုးဝင်လာသည်။ လရောင်ကြောင့် မြင်ကွင်းက ရှင်းနေသည်။ သူ့အိမ်ခေါင်းရင်းဆီ ကပ်လာသူက လူမဟုတ်။ ဝါးဖြင့် ရက်လုပ်ထားသော စက္ကူရုပ်ကြီးပင် ဖြစ်လေ၏။ ပြီးပြည့်စုံအောင် မခြယ်ရသေးတာကြောင့် မျက်လုံးတစ်ဖက်သာရှိပြီး ကျန်မျက်လုံးတစ်ဖက်က ကန်းနေသလို ဖြစ်နေ၏။

ထိုတစ်လုံးတည်းသော မျက်လုံးကြီးဖြင့် ဦးဖိုးရင်ကို စိုက်ကြည့်နေသည်။ နေကောင်းခါစ လူမမာအဘိုးကြီးမို့ အရုပ်ကြီးကို တွေ့သည့်အခါ ရုတ်တရက် သွေးပျက်သလို ချောက်ချားသွားပြီး ..

''ဟင် .. အရုပ်ကြီး .. အရုပ်ကြီးက လူမပါဘဲ ဒီကို ဘယ်လိုရောက်လာတာလဲ''

အတွေးမဆုံးလိုက်ခင်မှာပင် အရုပ်ကြီးက ဦးဖိုးရင်ကို လှမ်းကိုက်ဆွဲတော့မည့် ဟန်မျိုးဖြင့် ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်း တိုးဝင်လာရာ ..

''ဂီး ..''

''အား ..''

ကျယ်လောင်စွာ အော်ဟစ်ပြီး နေရာမှာတင် ခွေလျက်သား လဲကျသွားတော့သည်။ အိပ်မောကျနေသော သိန်းအောင်တို့လင်မယားလည်း ဖြုန်းဆို လန့်နိုးသွားပြီး အတင်းလူးလဲထကာ ဦးဖိုးရင်ကို ပြေးပွေ့ကြ၏။





''ဟင် .. အဖေ ..''

''အဖေ ..''

သူတို့ရောက်သည့်အခါ ဦးဖိုးရင်ခမျာ လုံးဝ သတိမလည်တော့ပါချေ။ ခြေမ ချိုးသူ ချိုး၊ ယပ်တောင်ခတ်သူ ခတ်ပေး၊ နောက်ဆုံး ဦးဖိုးရင် နှာခေါင်းထဲသို့ မှုတ်ဆေး မှုတ်သွင်းလိုက်တော့မှ ဦးဖိုးရင် 'ဟင်း'ခနဲ သက်မချရင်း ခဏပြန်သတိလည်လာသည်။

သို့သော် သူ့သမီးနှင့် သမက်ကိုတောင် သဲသဲကွဲကွဲမမြင်တော့။ နှုတ်မှလည်း တစ်ချိန်လုံး 'အရုပ်ကြီး .. အရုပ်ကြီး ငါ့ဆီ လာနေပြီ' ဟုသာ ကရားရေလွှတ် တတွတ်တွတ်ရွတ်နေ၏။

သမက်ဖြစ်သူ သိန်းအောင်နှင့် သမီးဖြစ်သူတို့ကတော့ ဘာအရုပ်ကြီးကို ဆိုလိုမှန်း နားမလည်။ ဦးဖိုးရင်ကိုလည်း ဘာတစ်ခုမှ ရေရေရာရာ မေး၍မရ ဖြစ်နေတော့၏။

ထိုသို့ဖြင့် မနက်မိုးလင်းခါနီးအချိန်တွင် ဦးဖိုးရင်တစ်ယောက် ခြေမ လက်မတွေ ကုပ်ကွေးပြီး ကျောကို ထိုးကော့ကာ တက်သွားသည်။

အခုအခါတွင်တော့ ဦးဖိုးရင်တစ်ယောက် မျက်ဖြူလန်ကာ အသက်ပါ ထွက်သွားတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

နောက်တစ်နေ့ လင်းအားကြီးမှာပင် ကိုဖေသော်တို့ မျက်စောင်းထိုး အိမ်ရှေ့တွင်ကား လူစည်ကားနေလေ၏။ အကြောင်းကား ကာလသားခေါင်း ကိုလှအောင်နှင့် ဇနီးဖြစ်သူ မကျော့တို့၏ အိမ်တွင် မွေးထားသည့် ဝက်မဒန်းမသည် မည်သည့်ရောဂါမှ မည်မည်ရရမရှိဘဲ မနက်လင်းအားကြီးတွင် ဝက်ခြံထဲ ဒီအတိုင်း လဲသေနေသောကြောင့် ဖြစ်၏။

ရွာ၏ထုံးစံအတိုင်း အိမ်တွင် မွေးထားသည့် ဆိတ်၊ ဝက် အကောင်တစ်ကောင် သေပြီဆိုလျှင် အသားပေါ်ပြီး ရောင်းလေ့ရှိသည်။ ဟိုလူက ငါးဆယ်သားတစ်တွဲ၊ အစိတ်သားတစ်တွဲ ယူလေ့ရှိကြသည်။ အစိတ်သား မတတ်နိုင်သည့် အချို့ကတော့ အစိတ်သားတစ်တွဲကို တစ်ဆယ်သားစီ၊ ဆယ့်ငါးကျပ်သားစီ ခွဲယူကြသည်။





သင်းကြည်မလည်း လူစည်ကားနေသည့် အိမ်ရှေ့ဘက်ဆီသို့ ကြည့်ရင်း ဝက်သားမစားရတာ ကြာပြီမို့ သွားဝယ်လျှင် ကောင်းမလား ဟု စဉ်းစားနေမိ၏။ ဘဒွေးဖြစ်သူ ကိုဖေသော်လည်း အခုတစ်လော အစားအသောက်ပျက်နေသည်မို့ ဝက်သားလေးသာ ချက်လျှင် စားကောင်းမလား မသိဘူးဟု တွေးကာ မပေါက်စရှိရာ အနောက်ဘက်ဖိုရုံ တဲဆီသို့ သွားပြောဖို့ ဆုံးဖြတ်လိုက်သည်။

သွားသာ သွားပြောရမည်။ နည်းနည်းတော့ လန့်နေသည်။ ဟိုတစ်ခါလို အပြောခံရမည်စိုးသဖြင့် အနားသို့ သိပ်မသွားရဲဘဲ ခပ်လှမ်းလှမ်းမှ နေပြီး ..

"ဒွေးလေးရေ .. ဒွေးလေး",

အထဲမှ ဘာမှ တုံ့ပြန်ထူးသံ မကြားရ။

"ဟို .. ဟို အိမ်ရှေ့အိမ်မှာ အရီးကျော့တို့ ဝက်လေး သေလို့ ပေါ်နေတယ် ဒွေးလေးရဲ့။ အဲဒါ အစိတ်သားတစ်တွဲလောက် ခွဲရင် ကောင်းမလားလို့။ ဟို .. ဘဒွေးလည်း အခုတစ်လော အစားအသောက်ပျက်နေတယ်ဆိုတော့လေ .. အဲဒါ"

"ရှူး .. ရှူး .."

သင်းကြည်မစကား မဆုံးခင်မှာပင် အထဲမှ ဘာစကားမှ ပြန်မပြောဘဲ မှုးစေ့လေးစေ့သာ ပစ်ပေးလိုက်၏။ သင်းကြည်မက ခြေထောက်နားဆီသို့ ကျလာသည့် ပိုက်ဆံများကို ကပျာကယာ ကောက်ကာ အပြေးသုတ်ခြေတင်ရသည်။ သင်းကြည်မရောက်သွားသည့် အချိန်မှာပင် လူတွေက အလုအယက် တိုးဝယ်နေကြ၏။

"ဟဲ့ .. မိကျော့ .. ငါ့ကို အစိတ်သားတစ်တွဲပေးအေ"



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ကို အသားကောင်းကောင်းထဲက ငါးဆယ်သားပေး”

“လှမောင်ရေ ‥ ငါ့ကို ကလီစာအစိတ်သားတစ်တွဲနဲ့ ငါ့ဘိုးလေးက အူမကြီးတစ်ခုတည်း ဆယ့်ငါးကျပ်သားလောက် လိုချင်သတဲ့”

မိကျော့က မှာသည့်အသားတွဲဖိုးပိုက်ဆံတွေကို သိမ်းရင်း ‥

“ရမယ် ‥ ရမယ် ‥ အားလုံးရမယ်”

သင်းကြည်မလည်း မဝယ်သေးဘဲ ခဏစောင့်ကြည့်နေမိ၏။ ဝက်က အခုမှ ရေနွေးအိုးထဲမှ ဆယ်ပြီးခါစ အမွေးခြစ်ရုံပဲ ရှိသေးသည်။ ပိုင်ရှင်ဖြစ်သူ ကာလသားခေါင်း လှမောင်က ဝက်သားခုတ်ရန် ဓားကို ဓားသွေးကျောက်တွင် တမြှုမြှုသွေးနေ၏။ လှမောင်နှင့်အတူ ဝက်ကူပေါ် ပေးနေသည့် ကာလသား စံပကလည်း ဝက်အကောင်ကြီး ဖွေးနုစ်သွားအောင် ရေပုံးထဲကရေဖြင့် လောင်းလောင်းဆေးနေလေသည်။

“ဟဲ့ ‥ စံပတို့ရဲ့ မြန်မြန်လုပ်စမ်းပါတော် ‥ တကာတည်းမှပဲ။ ငါက ဝက်သားချက်ပြီး ဆွမ်းချိုင့်အမီ ဘုန်းကြီးကျောင်းပို့ရဦးမှာ”

“ရပါတယ် ‥ အရီးရယ် ‥ ဗိုက်ခွဲပြီးရင် ပြီးပါပြီ”

ထို့နောက် ကာလသားခေါင်းလှမောင်က ဝက်ကို စဉ်းတီတုံးပေါ် တင်ပြီး ရင်ဘတ်အောက်နားဆီကို ဓားတင်လိုက်သည်။ ပြီးနောက် ဖွခနဲနေအောင် ခွဲချလိုက်၏။ စံပက ဗိုက်သားကို လက်ဖြင့် ဆွဲခွဲလိုက်ရာ ‥

“ဟင် ‥”

“ဟာ ‥”





တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် လှမောင်၏ လက်ထဲမှ ဓားလွတ်ကျသွားသည်အထိ အံ့ဩသွားသည်။

“ဟဲ့ ‥ ခြော် ‥ မြန်မြန်လုပ်ပါဆိုနေ ‥ ဓားကို လွှတ်ချလိုက်တယ် ‥ တကယ်ပါပဲ ‥ အရင်လိုပါတယ်ဆိုနေမှ ‥ လုပ်လေ ‥ လိုးလေ လှမောင်ရဲ့ ‥”

“ဟာ ‥ အရီးမြကလည်း ‥ မသိဘဲနဲ့ လာပြောနေပြီ ‥ ဝက်ဗိုက်ထဲကိုလည်း လာကြည့်ပါဦးဗျ ‥”

လှမောင်အပြောကြောင့် အားလုံးက ခေါင်းချင်းဆိုင်ကာ ဝက်ကို ကြည့်လိုက်ကြသည်။

“ဟင် ‥”

“အို ‥”

“အံလိုလေး ‥”

အားလုံးဆီမှ အာမေဍိတ်သံများ တစ်ယောက် တစ်ပေါက် ထွက်သွားကြ၏။ သူတို့ တွေ့လိုက်ရသည်ကား ဝက်၏ ဝမ်းဗိုက်ထဲတွင် ကလီစာဟူ၍ လုံးဝမရှိဘဲ ဟောင်းလောင်းဖြစ်နေလေသည်။ တွေ့လိုက်ရသည့် လူတိုင်းက ရင်ဘတ်ကိုဖိကြပြီး ‥

“အံမယ်လေး ‥ တန်တော့ တန်တော့ ‥ မရိုးဘူးထင်တယ်”

“ဟုတ်ပ ‥ ဟုတ်ပ ‥ ဒီလို တစ်ခါမှ မတွေ့ဖူးပေါင်တော်”

ဟု ပြောကြရင်း အံ့ဩတကြီး ဝိုင်းအုံကြည့်နေမိကြ၏။ သင်းကြည်မလည်း အံ့ဩမှင်တက်သွားရင်း ဘာမဆိုင်ညာမဆိုင် မနေ့မနက်က ထိုဝက်မကာ ဒွေးလေးပေါက်စကို ပွတ်သီးပွတ်သပ်လုပ်သည့် မြင်ကွင်းအား ပြန်မြင်ယောင်မိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရွာလည်လမ်းမအတိုင်း ပြေးလာသည့် သာရင်က လူမောင်တို့အနား အရောက်တွင် ..

"ဟေ့ကောင်တွေ .. ဘာဖြစ်နေကြတာလဲ .. ဘာလို့ ဝက်သေကောင်ကြီးကို ဝိုင်းအုံကြည့်နေကြတုန်းကွ"

"မ .. မဟုတ်ဘူး .. ဒီဝက်က"

"အဲဒီဝက် ဘာဖြစ်ဖြစ် ခဏထားဦး .. ဟိုမှာ သိန်းအောင်ယောက္ခထီးကြီး ဘိုးလေးသာရင် ဆုံးလို့တဲ့ကွ"

"ဟင် .."

"ဟဲ့ .. ဘယ်လိုဖြစ်တာတုန်း .. ငါ မနေ့ကတင် လူနာသတင်းမေးတော့ ထူထူထောင်ထောင်နဲ့ စားဟယ် သောက်ဟယ် ဖြစ်နေပါပြီ .."

"ကဲ .. ကဲ လာကြဦးကွ .. ဟိုမှာ သိန်းအောင်တစ်ယောက်တည်း .. မလုပ်တတ်မကိုင်တတ်နဲ့ .. အသုဘကိစ္စ ဝိုင်းကူဦးမှ ဖြစ်မှာပေါ့"

"အေး .. ဟုတ်တယ် .. ဟုတ်တယ် .. သွားကြဦးမှ ဖြစ်မယ်"

ထိုသို့ဖြင့် လူတွေ၏ အာရုံက ဝက်သေကောင်ဆီကနေ ဦးဖိုးရင်၏ အသုဘဆီသို့ ရောက်သွားကြသည်။

တိုက်ဆိုင်လွန်းသောအဖြစ်များကြောင့် သင်းကြည်မလည်း ပါးစပ်အဟောင်းသားဖြင့် မူးစေ့လေးစေ့ကို ကိုင်ပြီး ယောင်တောင်တောင် ရပ်ငေးနေမိတော့၏။

■





ဦးဖိုးရင်၏ အသုဘချပြီး ၂ ရက်အကြာတွင်တော့ ထော်ပုံရွာလေးက လူတွေလည်း အုန်းအုန်းကျွက်ကျွက်မဖြစ်တော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ဦးဖိုးရင်မသေခင် ကယောင်ကတမ်းရေရွတ်သွားသည့် 'အရုပ်ကြီး .. အရုပ်ကြီး ငါ့ဆီလာနေပြီ'ဆိုသည့် ပဟေဠိကိုတော့ မည်သူကမှ မဖော်ထုတ်နိုင်ကြချေ။

ထိုအသုဘအတောအတွင်း မပေါက်စတစ်ယောက်လည်း ဖိုရုံတဲဆီမှ အပြင်သို့ လုံးဝမထွက်ဘဲ ဆေးဖော်နေရာက ကိုဖေသော်အတွက် နောက်ဆေးတစ်ခွက် ထပ်ရလာ၏။

ထို့ကြောင့် ထုံးစံအတိုင်း ဆေးတစ်ဖုံကို ယွန်းခွက်ထဲ ထည့်ကာ ကိုဖေသော့်ကို ဆေးတိုက်သည်။ သင်းကြည်မလည်း ရေသွားခပ်ပေးထူပေးရ တွဲပေးရနှင့် အနားတွင် ရှိနေ၏။ ကိုဖေသော်ကတော့ ဇနီးဖြစ်သူ မပေါက်စကျေနပ်အောင် ဆေးသောက်ဖို့ ခေါင်းညိတ်ရပေမဲ့ သူ့သဘောအတိုင်းဆို ထိုဆေးကို လုံးဝမသောက်ချင်။

ဆေးက အဝင်ဆိုးသည့်အပြင် ဆေးနံ့မတူဘဲ တခြား မသတီစရာ အရည်တစ်ခုကို မျိုချနေရသလို ပုပ်အဲ့အဲ့နှင့် အနံ့ပါ ဆိုးသေး၏။ ကိုဖေသော်က မိုတ်ကြိတ်ပြီး မော့သောက်ဖို့ ပြင်လိုက်ရာ မခံနိုင်ဘဲ ပြန်ချထားလိုက်ရပြန်၏။

မပေါက်စက ..

"ဘာဖြစ်လဲ ကိုဖေသော် .. မော့သောက် မော့သောက် .. ကျိုက်ခနဲ အားလုံးကုန်အောင် မော့သောက်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း မပေါက်စက ကိုဖေသော့်လက်ထဲက ဆေးခွက်ကို ပါးစပ်နားသို့ အတင်းတွန်းလိုက်၏။

ကိုဖေသော် ရှုံ့ရှုံ့မဲ့မဲ့နှင့် မျိုချရသည်။ မျက်ရည်များပင် ဝိုင်းသွား၏။ ဘေးမှ သင်းကြည်မကတော့ ဘဒွေးဖြစ်သူကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။ ရေခွက်ကို အမြန်ကမ်းပေးလိုက်ရာ ကိုဖေသော်က ယူပြီး အားရပါးရ မော့သောက်ဖို့ ပြင်လိုက်၏။

သို့သော် ရေက တစ်ငုံလောက်ပဲ သောက်နိုင်ပြီး ပြန်ထွက်ကျလာသည်။

"ကုန်အောင်သောက်လိုက်လေ ဘဒွေးရဲ့"

"တော်ပါပြီ သင်းကြည်မရယ် . . ဘာကြောင့်လဲ မသိဘူး . . ရေကို ငါ မျိုချလို့ မဝင်ဘူးဟယ် . ."

"ဟုတ်တယ် . . အခုတစ်လော ဘဒွေး ထမင်းလည်း အစားနည်းလာတယ် ဒွေးလေးရဲ့ . . ဘာဖြစ်လဲလို့ ကြည့်ပေးပါဦးလား"

သင်းကြည်မက မပေါက်စကို မရဲတရဲ ပြောပြလိုက်၏။

မပေါက်စက . .

"ညည်း ဝင်ဝင်မရှုပ်စမ်းပါနဲ့အေ . . ကိုဖေသော်က ဘာမှ မဖြစ်ဘူး . . ဒါက ဆေးနဲ့ ရောဂါ တွေ့နေချိန်ဆို ဒီလိုပဲ။ ဆေးဒဏ်ခံရတာလည်း ပါတာပေါ့အေ . . မပူနဲ့၊ မပူနဲ့ . . ရောဂါအမြင့်ဆုံးထကြွလာတဲ့အချိန်မို့လို့ ဖြစ်နေတာ . . တဖြည်းဖြည်း သက်သာလာရင် စားလွန်းလို့ ညည်း ဆန်တစ်ပြည်ချက်တောင် လောက်မယ်မထင်ဘူး . . ဟင်း ဟင်း"





ဟု ရယ်သလို မောသလိုဖြင့် ပြောလိုက်သည်။

"အေးပါကွာ . . အေးပါ . . မင်းပြောသလို ဖြစ်မယ်ဆိုတော့လည်း ငါ သည်းခံပြီး သောက်မှာပေါ့ . . ဩော် ဒါနဲ့ ပေါက်စရေ . . မင်း ဦးဖိုးရင် အသုဘသွားလိုက်သေးလား"

"အံမယ်လေး . . မသွားနိုင်ပေါင်တော် . . ကိုယ့်အလုပ်နဲ့ကိုယ်တောင် မအားဘူး . . လူသေတာများ ဘာထူးဆန်းလို့လဲတော် . ."

"မဟုတ်ဘူးလေ . . လူမှုရေးကလည်း ရှိသေးတယ် မဟုတ်လား . . တစ်ရွာတည်းနေတော့ မျက်နှာနာစရာတွေ ဖြစ်ကုန်မှာပေါ့ . . နို့ဆို ငါသွားပါတယ်ဟာ . . မသန်မစွမ်း ဒုက္ခိတဆိုတော့ ငါ့ကြောင့် အလကား ဒုက္ခများကုန်မှာစိုးလို့ပါ။ ကဲ ထားပါလေ . . ရက်လည်ကျရင်တော့ သွားလိုက်ဦး . . ကြားလား"

ကိုဖေသော့်အပြောအကြောင့် မပေါက်စက မျက်နှာပျက်သွားရင်း . .

"တော်ကလည်း . . သင်းကြည်မကို သွားခိုင်းလိုက်ပါလား။ ကျုပ်က ဆေးဖော်နေရင် အမဲလာရှောင်ရတယ်။ နေဝင်တဲ့အချိန်ကစပြီး နောက်တစ်နေ့ အရုဏ်မတက်မချင်း ဖိုရုံထဲမှာပဲ နေရတယ် . . အိမ်ဝင်းစက်မြိတ်အောက်ထဲ မဝင်ရဘူး . . ဆေးက စည်းကမ်းတွေတော့ အများသားတော့်"

မပေါက်စက သူ့ပြောချင်ရာပြောပြီး ထထွက်သွားတော့သည်။ ညဘက်ရောက်တော့ ကောင်းကောင်းနေမကောင်းချင်သည့်

www.burmeseclassic.com



ဘခွေးဖြစ်သူ ကိုဖေသော်ကို သင်းကြည်မက နှင်းနှိပ်ပေးသည်။ အစား မဝင်တာ ကြာပြီမို့ ကိုဖေသော်၏ ခန္ဓာကိုယ်က အရိုးပေါ်အရေတင် နေပြီ ဖြစ်သည်။

ပြတင်းပေါက် မပိတ်ရသေးတာကြောင့် အပြင်ဘက်ဆီသို့ အမှတ်တမဲ့ အကြည့်ရောက်သွားစဉ် ပုဆိုးစလွယ်သိုင်းနှင့် လူငယ် တစ်ယောက်ကို တွေ့လိုက်ရ၏။ ချက်ကြီးများလားဟု စိတ်က ထင်သွား မိသေး၏။

'သြော် ‥ ချက်ကြီးက လပွတ္တာသွားပြီး သူ့အမေကို ရှာနေ တာပဲလေ ‥ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ'

သင်းကြည်မလည်း ဘခွေးဖြစ်သူကိုဖေသော်ကို နှင်းပေးပြီး နောက် ခြေလက်ဆေးကာ အိပ်ရာဝင်လိုက်သည်။ အိပ်ပျော်တော့မည့် ဆဲဆဲတွင် ဘာကြောင့်မှန်းမသိ။ စိတ်ထဲ ဘုရားဝတ်ပြုချင်စိတ် ပေါ်လာ တာနှင့် မြှုံထားသည့် စောင်ကို ခွာကာ အိပ်နေရာမှ ထလိုက်၏။

ထို့နောက် ဘုရားစာလည်း များများစားစား မရတာကြောင့် 'အရဟံ'ကိုသာ ၁၉ ခေါက် ရွတ်ဖတ်ဦးချပြီး စောင်ခေါင်းမြီးခြုံကာ ပြန်အိပ်လိုက်သည်။

အရင်ကဆိုလျှင် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသော မျက်လုံးက အခုမှ တော်တော်နှင့်အိပ်မပျော်နိုင် ဖြစ်နေသည်။ အတင်း မျက်လုံးကို ဖွတ်မှိတ်ထားလိုက်ရာ မှေးခနဲ အိပ်ပျော်သွားသည်။

ထို့နောက် မှေးခနဲဖြစ်သွားပြီးမှ တစ်ခါ ပြန်နိုးလာသည်။ ဘာကြောင့်များ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်တာလဲဟု တွေးနေမိ၏။ ထိုအချိန်မှာပင် ‥





"ကျွီ ‥ ကျွီ ‥ ကျွီ ‥"

"ဟင် ‥ ဘာသံပါလိမ့်"

အိမ်ရှေ့က သံချက်ပြုတ်နေသည့် သစ်သားလှေကားခုံပေါ် သို့ တစ်စုံတစ်ယောက် တက်လာတာကြောင့် တကျွီကျွီမြည်သည်ကို သဘောပေါက်လိုက်၏။

"ဘုရား ‥ ဘုရား ‥ သူခိုးများလား ‥ ဒုက္ခပါပဲ ‥ သူခိုး ဆိုရင် ငါ့ကို သတ်သွားမှဖြင့် ခက်ပြီ ‥ အိမ်ပေါ်မှာ ဘခွေး ကလည်း မသန်မစွမ်းနဲ့ ဘာမှလုပ်နိုင်တာ မဟုတ်ဘူး"

သင်းကြည်မက စိတ်ထဲမှ ပြောနေမိ၏။

ကြောက်ပင် ကြောက်သော်ငြားလည်း မည်သူမည်ဝါဆိုသည် ကို သိချင်သေးတာကြောင့် စောင်လေးကို အသာမပြီး ကြည့်လိုက်၏။ ပထမဆုံးတွေ့လိုက်ရသည်က ဘာရောင်မှန်း သဲသဲကွဲကွဲ အမည်တပ် ၍ မရသည့် မီးရောင်က အိမ်ထဲတွင် ဖျာကျနေသည်။

ထို့နောက် လက်ထဲတွင် ဖယောင်းတိုင်ကိုင်ပြီး တက်လာသည့် မပေါက်စကို တွေ့လိုက်ရ၍ သင်းကြည်မ အံ့ဩသွားသည်။ ပိုပြီး ထူးဆန်းသည်က မပေါက်စ၏ မျက်နှာက တစ်မျိုးကြီးဖြစ်နေပြီး ပါးစပ် ကလည်း ရွဲ့သလိုလို စောင်းသလိုလိုနှင့်။

သင်းကြည်မတစ်ယောက် ကြက်သီးမွေးညင်းထမတတ် ကြောက်ရွံ့သွားမိသည်။ တစ်ပြိုင်နက်တည်း နေ့လယ်က ဒွေးလေး ပြောခဲ့သည့် 'ဆေးဖော်နေစဉ် ယောက်ျားသနားရှိသည့် အိမ်၌ တစ်မိုး အောက်ထဲ နေလို့မရဘူး၊ နေဝင်ချိန်ကနေစပြီး အရုဏ်တက်ချိန်ထိ ဗိုက်ရုံထဲက ထွက်လို့မရဘူး'ဆိုသည့် စကားတွေကို ပြန်ကြားယောင်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မသိုးမသန့် ဖြစ်သွားသည်။

သင်းကြည်မလည်း မပေါက်စ ဘာဆက်လုပ်မည်ကို သိချင်တာကြောင့် အသံမပေးဘဲ ငြိမ်ငြိမ်လေး လှဲနေလိုက်သည်။ မပေါက်စက သူမ လှဲနေသည့် ဘေးနားမှ ဖြတ်သွားပြီး ခေါင်းရင်းဘက်မှာ အိပ်နေသည့် ကိုဖေသော့်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် အိပ်နေသည့် ကိုဖေသော့်အပေါ်သို့ လက်နှစ်ဖက်ဆန့်ပြီး ခေါင်းကနေ ခြေဆုံးထိ သပ်ချနေ၏။ ပါးစပ်မှလည်း တစ်စုံတစ်ခုကို တတွတ်တွတ်ရွတ်ဆိုနေသည်။

ကိုဖေသော်က အသေနှံသားကြီး ဖြစ်နေပြီး နိုးလည်း မနိုးချေ။ ထို့နောက် မပေါက်စက ကိုဖေသော်၏ မျက်နှာကို စိုက်ကြည့်လိုက်ပြီး မီးတိုင်ကိုကိုင်ကာ ပြန်ထသွား၏။ သင်းကြည်မအိပ်နေသည့် ဘေးမှ ဖြတ်သွားရာ စောင်ထဲမှ လှမ်းကြည့်လိုက်သည့်အခါတွင် မပေါက်စ၏ ခြေထောက်ကို မြင်ရသည်။ တစ်ဆက်တည်း ခြေဖမိုးပေါ်ကျနေသည့် ထဘီအထက်ဆင့် အနီရောင်စကိုပါ တွေ့လိုက်ရာ သင်းကြည်မ လန့်သွားသည်။

"ဟင် .. ဒွေးလေး ထဘီဝတ်ထားတာလည်း ဇောက်ထိုးကြီးပါလား"

စိတ်ထဲမှာလည်း အန္တအသက် မကောင်းသလို ခံစားရ၏။ ထိုနေ့ည တစ်ညလုံး သင်းကြည်မက တောင်တွေး မြောက်တွေးနှင့် အိပ်မပျော်တော့ဘဲ ဝုတ်တုတ်မိုးလင်းသွားသည်။

■





အခန်း (၁၀)

ညဘက်တွင် အရုပ်ဆွမ်းချက်ဖို့ ပြင်ဆင်ရဦးမည် ဖြစ်သောကြောင့် ကာလသားခေါင်း လှမောင်က ဓမ္မာရုံဘက်ဆီသို့ ခပ်သုတ်သုတ်လျှောက်လာလိုက်၏။ လက်ထဲတွင်လည်း ဓမ္မာရုံစားဖိုဆောင် သော့တစ်ချောင်းလည်း ကိုင်ထားသည်။

ဆွမ်းကို ဓမ္မာရုံမှာပင် ချက်ရမည်ဆိုသော် ဘာမှ မဖြစ်ပေမဲ့ ဆရာတော်ကြီးက သူ့ကျောင်းထဲမှာပင် ဆွမ်းချက်ကြဖို့ အမိန့်ချထားသည်မို့ ခက်နေချေ၏။ ကာလသားတို့၏ ထုံးစံအတိုင်း စုပြီး ဆွမ်းချက်ကြသည့်အခါ အရက်ကလေးလည်း ပါချင်သည်။ အမြည်းလေးတစ်ဖဲ့တစ်ဆုပ်လည်း ဝါးချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုကြားသိသော ရွာဦးဆရာတော်က သူ့ကျောင်းဝန်းထဲမှာသာ ခွင်းချက်ရမည်ဟု တစ်ချက်လွှတ်အမိန့် ထုတ်လိုက်သည်မို့ အရက် မသောက်ရတော့မှာ သေချာနေလေပြီ။ ချက်ပြုတ်စရာ အိုးခွက်များကို မွှာရုံထဲမှ ဘုန်းကြီးကျောင်းဝန်းဆီ သယ်ယူရမည်မို့ ဖွင့်လိုက် ပိတ်လိုက်နှင့် အခေါက်ခေါက်အခါခါ မဖြစ်ရအောင် လူတစ်ယောက်ကို အစောင့်ထားဖို့ လှမောင် ဆုံးဖြတ်လိုက်သည်။

ဒီနေ့ကျမှ မွှာရုံစောင့်ကြီး ဦးသူတော်ကလည်း မြို့တက်သွားသည်။ ထို့ကြောင့် မွှာရုံ၏ ခပ်လှမ်းလှမ်းတွင် တဲထိုးပြီး တစ်ကိုယ်တည်း နေသော ဦးသံချောင်းကို အစောင့်အဖြစ် ထားမည်ဟု စဉ်းစားထားသည်။ ဦးသံချောင်းက ရွာထဲတွင် အုန်းပင်အငှားတက်၊ ကွမ်းသီးပင် အငှားတက် စသဖြင့် လုပ်ပြီး အသက်မွေးသူ ဖြစ်သည်။ ပြီးတော့ သူက အသက်သာ ၅၀ ကျော်ပေမဲ့ စိတ်က လူငယ်စိတ်မို့ ကာလသားတွေနှင့်လည်း ရှယ်တူအလား ပေါင်းလို့ သင်းလို့ ကောင်း၏။

"ဗျို့ .. ဦးလေးသံချောင်း .. ဦးလေးသံချောင်း ရှိသလားဗျို့"

လှမောင်က တဲထဲသို့ လှမ်းအော်ပြီး မေးလိုက်သည်။ ဦးသံချောင်းက တဲထဲမှ အသံပြုရင်း ထွက်လာ၏။

"အေး .. ရှိသလေကွာ .. ဘယ်သူများတုန်း .. ဩော် လှမောင်ကြီးပဲ .. ပြော အုန်းသီးခူးခိုင်းမလို့လား"

"မဟုတ်ဘူး ဦးလေး .. ဒီည ကျွန်တော်တို့ မနက်ဖြန်မနက် စောစော အရှဏ်ဆွမ်းကပ်ဖို့ ဆွမ်းချက်ကြမလို့ .. အဲဒါ ဆရာတော်က ပုံမှန်ချက်နေကျအတိုင်း မွှာရုံမှာ မချက်ရဘဲ သူ့ကျောင်းဝန်းထဲမှာပဲ ချက်ရမယ်လို့ အမိန့်ချထား





လို့ဗျို့ .. ချက်စရာ ပြုတ်စရာ ပန်းကန်ခွက်ယောက်တွေက မွှာရုံထဲမှာပဲဆိုတော့ လိုတာလာယူတဲ့အခါ အဆင်သင့် ယူလို့ရအောင် ဦးလေးသံချောင်းက မွှာရုံမှာ ဒီည စောင့်အိပ် ပေးပါဦး .. ဦးသူတော်ကလည်း မြို့တက်သွားလို့လေ .."

"ဘာများလဲလို့ .. ရတာပေါ့ကွာ .. အပန်းမကြီးပါဘူး .. ရတယ် .. ငါ စောင့်ပေးမယ်"

"ကျေးဇူးတင်တယ်ဗျို့ .. ကျွန်တော်တို့ ကာလသားအင်အားကလည်း နည်းနေတယ်လေ .. သိန်းအောင်ယောက္ခမကြီး အသုဘလည်း ရက်လည်သေးတာ မဟုတ်တော့ တချို့က လည်း အဲဒီမှာ သွားဝိုင်းကူနေရသေးတာကိုး"

"အေးပါကွာ .. အတော်ပဲ .. ငါ့မှာ ချက်အရက် ဦးရည် တစ်ပုလင်း ရထားတယ် .. ဟိုတစ်လောကတင် ငါ့မိတ်ဆွေ တစ်ယောက် ပေးထားတဲ့ တောကြောင်တစ်ခြမ်းလည်း ရှိတယ်။ ညကျရင်တော့ကွာ မွှာရုံစောင့်ရင်း အူစုံသဲစုံဟင်းလေးနဲ့ မြည်းရသေးတာပေါ့ကွာ .. မင်းတို့လည်း လာဝိုင်းလေကွာ"

"ဟာ .. တော်ပြီ .. တော်ပြီ .. ဆရာတော့်ကြိမ်လုံးနဲ့ တွေ့နေလိမ့်မယ် .. ကဲ ဒါဆို ကျွန်တော်သွားပြီ .. ညနေကျရင် ဆက်ဆက်စိတ်ချမယ်နော် .. ရော့ .. ဒီမှာက မွှာရုံ စားဆို ရုံသော့ .. ဦးလေးသံချောင်း ယူထားလိုက်ဦး"

"အေး .. အေး"

www.burmeseclassic.com

www.burmeseclassic.com



နေဝင်သွားပြီးသည့်နောက်တွင်တော့ ကျေးရွာတို့၏ ထုံးစံ အတိုင်း အမှောင်ကျတာ ပိုမြန်နေသလိုပင်။ နဂိုကတည်းက သစ်ရိပ် ဝါးရိပ်တို့ဖြင့် အရိပ်ကောင်းလှသဖြင့် နေလုံးကွယ်သွားပြီးသည့်အခါ တွင် တစ်ရွာလုံး အမှောင်ရိပ်တို့ဖြင့် လွှမ်းခြုံသွားတော့သည်။

ဘုန်းကြီးကျောင်းဝန်းထဲတွင်တော့ ချက်သံ၊ ပြုတ်သံ၊ အိုးခွက် ပန်းကန်သံတွေနှင့် ဆူညံနေလေ၏။ ဦးသံချောင်းတစ်ယောက်ကတော့ မှော်ရုံနောက်ဘက်က စားဖိုရုံတွင် မီးဖိုပြီး တောကြောင်သား အူစုံကို မဆလာနိုင်နိုင်ဖြင့် ချက်နေသည်။ ထို့နောက် အားလုံးကျက်သွားသည့် နောက် ဟင်းပန်းကန်လေးကိုင်ကာ မှော်ရုံရှေ့သို့ ထွက်လာပြီး မန်ကျည်း ပင်အောက် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။

ပြီးနောက် ဦးရည်ပုလင်းထဲက အရက်များကို ဒန်ရေနွေး ကရားထဲသို့ လောင်းထည့်လိုက်၏။ ဦးသံချောင်းက ဦးရည်ကို ရေနွေး သောက်သည့် မတ်ခွက်ထဲသို့ ငှဲ့ထည့်ပြီး တစ်ကျိုက်မော့သောက်လိုက်၊ တောကြောင်သားတစ်ဖတ် မြည်းလိုက်နှင့် ဇိမ်ကျနေသည်။

ထိုသို့သောက်ရင်းနှင့် ပုလင်းကလည်း တစ်ဝက်နီးပါး ကျိုးလု လာပြီ။ လူကလည်း သရိုးသရီလေး ဖြစ်လာ၏။ ကာလသားခေါင်း လှမောင်တို့အုပ်စုကို မျှော်တော့လည်း တစ်ယောက်မှ ပေါ်မလာ။

"ငါ့လခွီးကွာ . . တစ်ယောက်တည်း သောက်ရတာ ပျင်းလိုက် တာ"

ထိုစဉ် မှော်ရုံဘေးနံရံတွင် ထောင်ထားသည့် ဦးရှေ့ရိုးရုပ်ကြီး ကို မျက်လုံးထောင့်တွင် လှမ်းမြင်လိုက်ရာ . .

"ဟော့ကောင်ကြီး . . ငါနဲ့အတူ သောက်ဖို့ အဖော်မရှိလို့ . .





မင်း ငါနဲ့အတူ လာသောက်လှည့်ကွာ . . ရော့ ဒီမှာ အမြည်း လည်း ရှိတယ် . . မင်းကြိုက်သလောက် အဝစားကွာ"

ဦးသံချောင်းက ထွေထွေလေးဖြစ်လာသည်မို့ ပါးစပ်က ပေါက် ကရတွေ လျှောက်ပြောတော့သည်။ ထို့နောက် အရက်ကို တစ်ငုံနှစ်ငုံ ထပ်သောက်လိုက်ပြီး ခဏအကြာတွင် အပေါ့သွားချင်လာတာကြောင့် မှော်ရုံနောက်ဘက် အိမ်သာဆီသို့ ထသွားလိုက်သည်။

ပြန်လာသည့်အခါ သူ့ကြောင်သားဟင်းပန်းကန်က သူထား သည့်နေရာတွင် မရှိတော့။ ကွပ်ပျစ်အစွန်းဘက်တွင် ပြုတ်ကျတော့မည့် တဲတဲလေး ဖြစ်နေသည်။

သူ့စိတ်ထဲ အကောင်တစ်ကောင်ကောင် ဝင်တိုးသွားသလား ဟု ထင်လိုက်၏။

ထို့နောက် ဦးသံချောင်းက တစ်ခွက်ထည့် ငှဲ့သောက်လိုက် ပြန်၏။ အမြည်းကို ကောက်ဝါးဖို့ လုပ်သည့်အခါမှ အမြည်းက တစ်ဖတ် နှစ်ဖတ်သာ ကျန်တော့သည်ကို သတိထားလိုက်မိသည်။

"ဟာ . . ငါ့လခွေးတဲ့မှပဲ . . ဘယ်ကောင်က ငါ့အမြည်းတွေ လာစားသွားတာလဲကွ . . ဟော . . တောက် . . အရက်သောက် ရတာ ဇိမ်ပျက်တယ်ကွာ"

ဦးသံချောင်းက မူးမူးနှင့် ဖျစ်တောက်ဖျစ်တောက် ပြောနေ၏။ ထိုစဉ် သူ့နောက်ဘက်က ခြေသံကြားလိုက်ရသည်။ သူက သစ်ပင်ကို ပတ်ပြီး ကြည့်လိုက်ရာ မပေါက်စဖြစ်နေ၏။

"ဟင် . . မိပေါက်စ . . ဘာလုပ်နေတာလဲ . . ဒီဘုန်းကြီး ကျောင်းဝန်းထဲမှာ ချက်နေပြုတ်နေကြတယ်လေ . .

www.burmeseclassic.com

www.burmeseclassic.com



နင် မသွားဘူးလား''

မပေါက်စက ဘာမှပြန်မပြောဘဲ ကွပ်ပျစ်ပေါ် ဝင်ထိုင်သည်။

''ဟဲ့ .. မိပေါက်စ .. ညကြီးမိုးချုပ် မီးမပါ ဘာမပါနဲ့ .. နင် ဒီကို ဘာလာလုပ်တာလဲ''

''ကျုပ် .. ဆာလို့''

မပေါက်စက ဦးသံချောင်းကို မကြည့်ဘဲ တစ်ခွန်းတည်း ပြန်ဖြေလိုက်၏။

''ဟောဗျာ .. နင်က ဆာလို့ ဒီကိုလာရအောင် ဒီမှာ ဘာရှိမှာမို့လို့လဲဟ .. ဘုန်းကြီးကျောင်းထဲက ဆွမ်းချက်တဲ့ဆီမှာ တစ်လုတ်တစ်ဆုပ်သွားတောင်းစားလေဟာ .. နင့်ကိုကျွေးမှာပေါ့ .. သွား .. သွား''

''ရှင် .. ကျုပ်ကို ခေါ်ပြီး ဘာလို့ ဝအောင် မကျွေးတာလဲ''

''ဟင် .. ငါ မခေါ်မိပါဘူး .. ဒုက္ခပါပဲ ပေါက်စရယ် .. နင်က မှူးဘဲ ငါ့ကို လာရစ်နေတာလား .. ဒါမှမဟုတ် အိပ်နေရင်း ယောင်နေတာထင်တယ် .. ဟဲ့ ပေါက်စ .. ပေါက်စ''

ဦးသံချောင်းက မပေါက်စ၏ လက်မောင်းအရင်းကို ပုတ်နိုး သလို လုပ်လိုက်သည်။

''ဖယ်စမ်း .. ကျုပ်ကို လာမထိနဲ့''

မပေါက်စက ပြောရင်း ဦးသံချောင်း၏ လက်ကို ပုတ်ထုတ် လိုက်၏။

ဦးသံချောင်းက ..





''အေးပါဟာ .. ကဲ .. သွားတော့ .. သွားတော့ .. နင့် ယောက်ျား ဖေသော် စိတ်ပူနေလိမ့်မယ်''

''မသွားဘူး .. ကျုပ်ကို ကျွေးလို့ ပြောနေတယ်နော် .. ရှင် မကျွေးရင် ရှင့်ပါးစပ်ထဲက ဟာကို လုယူပြီး စားမှာပဲ .. အခု ရှင့်ပါးစပ်ဟ .. ဟဆို ဟစမ်း''

မပေါက်စက ပြောလည်းပြောရင်း ရုတ်တရက် ဦးသံချောင်း၏ ပါးစောင်နှစ်ဖက်ကို ဖျစ်လိုက်ပြီး ပါးစပ်ထဲက လျှာကို နှိုက်ယူလိုက်၏။

''ကဲ .. ဟာ''

''အံမယ်လေးဗျ .. သေပါပြီ .. သေပါပြီ''

ဦးသံချောင်းက လန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ အိပ်မက် မက်ပြီး ယောင်အော်နေသည်ကို သတိထားလိုက်မိ၏။

''ဟူး .. ငါ အိပ်မက်မက်နေတာပဲ .. တော်ပါသေးရဲ့ .. အိပ်မက်ကြီးကလည်း ဘာမှန်းမသိဘူး''

အပေါ့သွားပြီး ပြန်လာပြီးကတည်းက မှေးခနဲ အိပ်ပျော်သွား တာဖြစ်မည်ဟု တွေးလိုက်မိသည်။ အရက်ထည့်ထားသည့် ဒန်ရေနွေး ကရားကို ကြည့်လိုက်ရာ အရက်က လက်သုံးလုံးခန့်ပင် ရှိတော့၏။ 'အပြတ်ဖြတ်ပြီး အိပ်တာပဲ ကောင်းမယ်ထင်တယ်'ဟု စဉ်းစားလိုက် သည်။ မြည်းစရာလည်း ဘာမှမရှိတော့တာကြောင့် ဦးသံချောင်းက စားဖိုရုံနောက်ဘက်ထဲသို့ ထပ်ဝင်သွားလိုက်ပြီး ရှာဖွေလိုက်ရာ လက် နှစ်ဆစ်သာသာခန့်ရှိသည့် ဝက်အူချောင်းသုံးလေးတောင့်ကို တွေ့သည်။ ထိုဝက်အူချောင်းကိုပဲ ဆီအနည်းငယ်ထည့်ကာ မီးဖိုပေါ်တင်ပြီး ကြော်လိုက်၏။ ထို့နောက် မှုံးမှုံးနှင့် ဆီအိုးထဲက ဝက်အူချောင်းဖတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ယူပြီး ပါးစပ်ထဲသို့ ထည့်ကာ သွားဖြင့် ကိုက်လိုက်သည်။

''ဟ ‥ ပူလိုက်တာကွာ''

ရုတ်တရက်အပူလောင်သွားသဖြင့် ချက်ချင်း ကမျာကယာ ထွေးထုတ်လိုက်ရာ သူ့ပါးစပ်ထဲမှ ဝက်အူချောင်းဖတ်အပြင် ပန်းရောင် နီနီလွှမ်းနေသော ပျော့စိစိအသားဖတ်ကြီးတစ်ဖတ်ပါ ထွက်ကျလာ၏။

''အား ‥''

''ဒါ ‥ ဒါ ‥ ငါ့လျှာကြီးများလား''

'ဒုက္ခပါပဲ'ဟု တ သော်လည်း စကားသံက မထွက်တော့။ သူ ထိတ်ခနဲဖြစ်သွား၏။ ထိုစဉ် ခွေမာရုံ့ စားဖိုတဲအတွင်းသို့ လူရိပ် တစ်ရိပ် လှမ်းမြင်လိုက်သည်။ သူလှမ်းကြည့်လိုက်တော့ ‥

''ဟင် ‥''

ထိုအရိပ်သည် လူမဟုတ်။ စောစောက မွှေရုံ့နံရံဘေးတွင် ထောင်ထားသည့် အရုပ်ကြီးဖြစ်နေ၏။ လူမပါဘဲ အရုပ်ကြီးက စားဖို ရုံထဲသို့ ငုံ့ဝင်လာသည်ကို တွေ့လိုက်ရလေရာ ‥‥

''အား ‥ အံမယ်လေး''

ဦးသံချောင်းက ကြောက်လန့်တကြား အော်ဟစ်ပြီး နောက်သို့ ခြေလှမ်းဆုတ်လိုက်ရာ မီးဖို ဖိုခနောက်ခုံကို တိုက်မိကာ ပက်လက်လန် လဲကျသွားသည်။ ဖိုခနောက်ခုံနှင့် ခေါင်းကို ရိုက်မိပြီး နေရာမှာတင် ပွဲချင်းပြီး အသက်ထွက်သွားလေတော့သည်။ မီးဖိုထဲမှ မီးကျီးခဲတွေက ဦးသံချောင်း၏ ကိုယ်ပေါ်သို့ ပြန့်ကျဲလျက်။

■





အခန်း (၁၁)

ကိုဖေသော်က ညကတည်းက တောင်တွေးမြောက်တွေးနှင့် အိပ်မပျော်တာကြောင့် ဒီနေ့မနက်စောစောရောက်တော့ လူက ငြိုးစိစိ ဖြစ်နေတာနှင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်း ထိုင်နေမိ၏။

ထိုစဉ် ကိုဖေသော်တို့ အိမ်ရှေ့မျက်စောင်းထိုးတွင် နေသည့် ကာလသားခေါင်းလှမောင်က အိမ်ရှေ့က ဖြတ်သွားရင်း ကိုဖေသော့်ကို နှုတ်ဆက်လိုက်သည်။

''ဘယ်လိုလဲ ဦးလေး ‥ နေကောင်းရဲ့လား''

''အေး ‥ ဒီလိုပါပဲကွာ ‥ ရင်ထဲမှာ ကျပ်တပ်တပ်ကြီး ဖြစ်တာနဲ့ ထွက်ထိုင်နေတာ''

''ဒေါ်လေးပေါက်စရဲ့ဆေးကရော မသက်သာဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"သက်တော့ သက်သာသလိုပါပဲကွာ . . မပေါက်စဖော်တဲ့ ဆေးတွေတော့ သောက်နေတာပဲလေ . . မင်းရော ဘယ့်နှယ့်လဲ . . ကထိန်နီးပြီဆိုတော့ အလုပ်များနေကြမှာပေါ့"

"ကထိန်ကိစ္စလည်း ရှုပ်တော့ ရှုပ်တာပေါ့။ အခု ပိုရှုပ်နေတာက ဦးလေးသံချောင်းကိစ္စ"

"ဟေ . . ဖိုးသံချောင်းကြီးက ဘာဖြစ်လို့တုန်းကွ"

"ဦးလေးဖေသော် သတင်းမကြားသေးဘူး ထင်တယ် . . ဦးသံချောင်းတစ်ယောက် မနေ့ညက ဆုံးသွားလို့ဗျို့"

"ဟင် . . ဟုတ်လား . . ဘယ်လိုဖြစ်တာတုန်းကွာ"

"မနေ့က ခမ္မာရုံမှာ အရက်မူးပြီး ချော်လဲတာ . . ခေါင်းနဲ့ ဖိုခနောက်ခုံ ရိုက်ပြီး ပွဲချင်းပြီးဆုံးသွားတာပဲ။ အင်း . . ကျွန်တော်တို့ရွာလည်း အခုတစ်လော ဘယ်လိုဖြစ်နေလဲ မသိဘူး . . လူတွေ ဆုံးတာကို ဟောတစ်ယောက် ဟော တစ်ယောက်ပဲ"

"အေးကွာ . . ငါလည်း စိတ်မကောင်းပါဘူး . . အသုဘ အတွက် ဘာလိုသေးလဲ . . ငါ ဘာကူညီရမလဲ၊ ပြောသာ ပြောတာပါကွာ . . ငါလည်း ဒုက္ခတဆိုတော့ စွိတ်သွားတိုင်း ကိုယ်မပါနိုင်ပါဘူး ဟင်း . ."

"ဟာ . . ရပါတယ် . . ဦးလေးဖေသော်ရယ် . . ဦးလေးသာ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက် . . ဟုတ်ပြီလား . . ကဲ ကျွန်တော် သွားပြီနော်"





ကာလသားခေါင်း လှမောင်က ပြောပြီး ငိုက်စိုက်ငိုက်စိုက်ဖြင့် ထွက်သွားတော့၏။ ထိုစဉ် သင်းကြည်မက အိမ်အပေါက်ဝမှ လှမ်းပြော လိုက်၏။

"ဘဒွေးရေ . . ပဲပြုတ်ထမင်းကြော်လေး ရနေပြီ . . စားတော့ မလား"

"အေး . . စားတာပေါ့ . . ဒီကို ခဏလာဦး . ."

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

သင်းကြည်မက ပြောပြောဆိုဆိုနှင့် အိမ်အောက်သို့ ဆင်းလာ လိုက်သည်။ ကိုဖေသော်က . .

"သင်းကြည်မ . . ညည်းရဲ့ဒွေးလေးကို သွားခေါ်ချေ။ ဆေး သောက်ဖို့အချိန် ရောက်နေပြီလို့ပြော ကြားလား"

သင်းကြည်မက ခေါင်းညိတ်ပြီး နောက်ဘက်တဲလေးဆီသို့ လျှောက်လာခဲ့၏။ အမှန်တကယ်ဆိုရင် ကိုဖေသော်က ဆေးကို သိပ်ပြီး သောက်ချင်လှသည်မဟုတ်။ 'ဆေးသောက်မယ်' ဟု အကြောင်းပြမှသာ မပေါက်စ တဲထဲမှ ထွက်လာမှာဟု သူ ထင်နေ၏။

သူ့စိတ်ထဲတွင် မပေါက်စ အခုလိုမျိုး သီးသန့်နေနေသည်ကို သိပ်မကြိုက်လှ။ အရင်လို မိသားစု စည်းစည်းလုံးလုံးနှင့် တစ်မိုးအောက် ထဲတွင်သာ နေချင်မိသည်။ သို့သော် မပေါက်စကို မည်သို့ ပြောရမည် မှန်း မသိ။

ကိုဖေသော်က သက်ပြင်းတစ်ရှိုက် မသိမသာ ရှိုက်လိုက်မိ၏။

သင်းကြည်မလည်း ဘဒွေးဖြစ်သူက သွားခေါ်ခိုင်း၍ လာခဲ့ ရသည်။ စိတ်ထဲတွင်တော့ မဝံ့မရဲဖြစ်နေ၏။ ဟိုတစ်ရှုညက သူမ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည့် မြင်ကွင်းကို ယခုထိ မျက်စိထဲက ထုတ်၍မရသေး။ ဘဒွေးဖေသော်ကို ဖွင့်ပြောလိုက်လျှင် ကောင်းမည်လားဟုလည်း အကြိမ်ကြိမ် စဉ်းစားနေမိ၏။ သို့သော် ဘဒွေးဖြစ်သူ စိတ်ဆင်းရဲမည်ကိုလည်း စိုးရိမ်ပြန်သည်။

ထိုသို့ ဒွိဟအတွေးများနှင့် လျှောက်လာရင်း မပေါက်စ၏ ဖိုရုံတဲရှေ့ ရောက်လာ၏။

''ဒွေးလေးရေ . . ဒွေးလေး''

အထဲမှ ပြန်ထူးသံမကြားရ။ ဒါနှင့် သင်းကြည်မလည်း တံစက်မြိတ်အောက်ထဲသို့ အနည်းငယ်တိုးဝင်ပြီး ထပ်ခေါ်လိုက်ပြန်သည်။

''ဒွေးလေးရေ . .''

ပကာတိ ငြိမ်သက်တိတ်ဆိတ်လျက်။ ဘာသံမှ မကြားရ။ သင်းကြည်မက ဟိုတစ်ခါ ဒွေးလေးပြောထားသည်ကို ပြန်ကြားယောင်ရင်း အထဲဝင်ဖို့ နည်းနည်းတော့ လန့်သည်။ သို့သော် ကလေးပီပီ စူးစမ်းချင်စိတ်ကလေးကလည်း ရှိတာကြောင့် အရဲစွန့်ပြီး တဲအတွင်းသို့ အနည်းငယ် ဝင်သွားလိုက်သည်။

''ဟင် . . ဟိုပန်းကန်ပြားကြီးထဲက ဘာတွေပါလိမ့်''

တွေးရင်း သေသေချာချာကြည့်လိုက်တော့ တိရစ္ဆာန်၏ အူတွေလိုလို၊ လူ၏ အူတွေလိုလို သွေးသံရဲရဲနှင့် ဖိတ်တချို့ စင်တချို့ ဖြစ်နေမှန်း တွေ့ရသည်။ အနံ့ကလည်း ညှီစို့စို့ ပုပ်အဲ့အဲ့နှင့်။

''ဝေါ့ . . ရွံစရာကောင်းလိုက်တာ''

သင်းကြည်မက ဖျို့တက်လာသည့် အန်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။





''ဘယ်လိုက ဘယ်လို ဒါတွေ ရောက်နေရတာလဲ . . ဒွေးလေးလည်း တစ်ခါမှ 'ဈေးမသွားပါဘူး''

သင်းကြည်မက လူ့အူလား၊ တိရစ္ဆာန်အူလား ခွဲခြားသိချင်တာကြောင့် ဘေးတွင်ရှိသော နှီးတစ်ချောင်းဖြင့် အူတွေကို ထိုးကော်ကြည့်ဖို့ ပြင်လိုက်စဉ် . .

''ဟဲ့ . . သင်းကြည်မ . . အဲဒါ ဘာလုပ်နေတာလဲ''

''အံမယ်လေး . . ဘုရားကြီးငုတ်တုတ်''

အသံကြားရာဆီသို့ အလန့်တကြား လှည့်ကြည့်လိုက်သည့်အခါ အိမ်သာဘက်က ထွက်လာသော ဒွေးလေးပေါက်စကို တွေ့လိုက်ရ၏။ သင်းကြည်မ လန့်သွားသည်။ လက်ထဲက နှီးချက်ကို ဒွေးလေးမမြင်အောင် အလန့်တကြား လွှင့်ပစ်လိုက်ပြီး . .

''ဟို . . ဟို ဘဒွေးက ဆေးသောက်ဖို့ . . အဲ . . အဲဒါ ဒွေးလေး ဆေးလာတိုက်ပါဦးတဲ့ . .''

''သွား . . ရှေ့က သွားနှင့် . . ငါ ဆေးယူပြီး လိုက်လာခဲ့မယ်''

မပေါက်စက မျက်နှာထားတည်တည်ကြီးနှင့် ပြောလိုက်ရာ သင်းကြည်မလည်း ထိုနေရာမှ ကပျာကယာပြေးထွက်လာခဲ့တော့သည်။

အိမ်ထဲပြန်ရောက်သည့်တိုင် ရင်တုန်တာက မပြေပျောက်သေး။ ဘာကြောင့်မှန်းမသိ။ သူမစိတ်ထဲတွင် ဒွေးလေးပေါက်စကို မနှစ်မြို့သလိုကြီး ခံစားလာရ၏။

ခဏအကြာတွင် မပေါက်စက ထုံးစံအတိုင်း ဆေးခွက်လေးကိုင်ကာ ကိုဖေသော် ထိုင်နေသည့် ကွပ်ပျစ်ပေါ်တွင် လာထိုင်၏။

''ကဲ . . ရော့ ကိုဖေသော် . . သောက်လိုက်ဦး''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . သောက်တာပေါ့ ပေါက်စရယ်။ မင်းမလည်း အပြင်လေ။ ဘာလေး ထွက်ပါဦး ငါ့အတွက် ဒီလောက် အပင်ပန်းခံပြီး ဆေးဖော်မနေပါတော့နဲ့။ ငါ့ဘဝက ဆုံးနေ ပါပြီ။ မသေခင်လေးမှာ မိသားစု စည်းစည်းလုံးလုံးလေးပဲ နေချင်ပါတယ်ဟာ"

"အို . . ရှင်ကလည်း . . သေစကား မပြောပါနဲ့ . . အခု ဘယ့်နှယ့်နေလို့တုန်း"

"ဒီလိုပါပဲကွာ . . အစားစားရင် များများမဝင်တော့ဘူး။ အစား မဝင်ပေမဲ့ လူကတော့ ကျန်းမာသလိုပဲ . . နောက်ဖေးလည်း မသွားတာ တော်တော်ကြာနေပြီ . . ငါ့ဗိုက်ထဲ အူတွေမှ ရှိသေးရဲ့လား မသိပါဘူးကွာ"

"အို . . ကိုဖေသော်ကလည်း . . ကျိုဖော်တဲ့ဆေးတွေက အာဟာရသိဒ္ဓိဝင်တဲ့ ဆေးတွေပါနေလို့ မဆာတာပေါ့ရှင်။ အဲဒါ ရှင် အနာနဲ့ဆေး တည့်တဲ့ သဘောပေါ့ရှင်"

"ဒါဆိုလည်း ပြီးတာပါပဲကွာ . . ဪ ဒါနဲ့ ရွာထိပ်က အုန်းပင် တက်တဲ့ ကိုသံချောင်းတစ်ယောက် ဆုံးလို့တဲ့ကွ . . အဲဒါ မင်း အသုဘအိမ်သွားပြီး သတင်းလေး၊ ဘာလေး သွား မေးမြန်းပါဦး။ ရွာကို ပြန်ရောက်လာပြီးကတည်းက မင်းလည်း ဖိုရုံထဲက မထွက်ဘူး မဟုတ်လား . . အဲဒါကြောင့် စိတ်ပြေ လက်ပျောက်ဖြစ်အောင် အသုဘအိမ်သွားပြီး မိန်းမဖော်တွေ နဲ့ ချက်ရင်းပြုတ်ရင်း စကားစမြည်သွားပြောပါလား"





ကိုဖေသော့်စကားကြောင့် မပေါက်စက စိတ်ဆိုးသွားဟန်ဖြင့် စိုက်ကြည့်လိုက်ပြီး . .

"ရှင်ကလည်းလေ . . လျှာတော်တော်ရှည်တယ် . . ဆေးဖော် နေလို့ အဲဒီ အမင်္ဂလာအိမ်တွေကို သွားလို့မရဘူးလို့ ပြော ထားတာ ဘယ်နှခါရှိနေပြီလဲ"

ဟု ဒေါသတကြီး ပြောလိုက်သည်။ တစ်ခါမှ သူ့ကို ဒီလို ခံ မပြောဖူးသဖြင့် ကိုဖေသော် အံ့သြမှင်တက်သွား၏။

ထိုစဉ် အိမ်ထဲမှ နီးပြီးနားထောင်နေသော သင်းကြည်မက ပြေးထွက်လာပြီး . .

"ဟုတ်သားပဲ ဘအေးရယ် . . မွှေးလေးက သွားလို့မရဘူးလေ။ ဘအေး စိတ်မပူနဲ့ . . သမီး ကူငွေလေး ဘာလေး သွားပေး ရင်း သတင်းမေးလိုက်ပါ့မယ်"

ဟု ပြေရာပြေကြောင်း ဝင်ပြောလိုက်သည်။

မပေါက်စက . .

"ဟဲ့ . . သင်းကြည်မ ရော့ . . ဒီဆေးကို ညည်းဘအေးကို ဝင်အောင်တိုက်လိုက်ချေ . . ငါ ဆေးမြစ်သွားထပ်ရှာလိုက်ဦး မယ်"

ဟု ပြောရင်း ထိုင်နေရာမှ ဝေါက်ခနဲ ထထွက်သွားတော့၏။ ခဏအကြာတွင် သင်းကြည်မလည်း ကူငွေပေးရမည့် မတ်စေ့ငါးစေ့ ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အသုဘအိမ်သို့ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com



အသုဘအိမ်ရောက်တော့ ထုံးစံအတိုင်း ချက်သူ ချက်၊ ပြုတ်သူ ပြုတ်၊ ကြက်သွန်နွှာသူ နွှာနှင့် အားလုံး အလုပ်ရှုပ်နေကြ၏။ ဦးသံချောင်းလို မျက်နှာမွဲအသုဘဆိုသော်လည်း ချစ်စရာကောင်းသည့် ရွာဓလေ့အတိုင်း ဝိုင်းဝန်းလိုက်ရာ စည်စည်ကားကားလေးတော့ ဖြစ်သွားသည်။

သင်းကြည်မလည်း ရောက်သွားသည်နှင့် ကူငွေထည့်ပြီး ချက်ပြုတ်နေသည့် ရွာသူတစ်သိုက်ဆီသို့ သွားကာ ..

''ဘာကူလုပ်ပေးရမလဲ အရီးကျော့''

''ဟေ .. သင်းကြည်မပါလား .. လာလေ လာ .. ထိုင်။ ဘမှတော့ လုပ်စရာ သိပ်မရှိတော့ပါဘူးဟယ် .. စကားလေး ဘာလေး ပြောရတာပေါ့ .. ထိုင်ပါဦး''

သင်းကြည်မလည်း မိန်းမသူတွေကြားထဲ တိုးထိုင်လိုက်ရင်း နွှာလက်စ ကြက်သွန်ဖြူဗန်းကို မယူကာ ကြက်သွန်ခွဲ သင်ဖို့ ပြင်လိုက်သည်။ ရွာသူ မအေးဘုံက ကြက်သွန်နွှာဖို့ ဓားပါးလေးတစ်လက် ကမ်းပေးရင်း ..

''ဒါနဲ့ သင်းကြည်မ .. ညည်းကြီးဒေါ်ပေါက်စတစ်ယောက်ရော နေထိုင်ကောင်းရဲ့လား .. အေ့။ ဟိုတစ်ခေါက် ဆေးကုပြီး





ပြန်လာတယ်ဆိုကတည်းက တစ်ခါမှ မျက်နှာချင်းမဆိုင်ရသေးဘူး .. သူ့အနာဆိုတာကရော ပျောက်သွားပြီလားအေ့''

ဟု မေးလိုက်ရာ သင်းကြည်မက အထစ်ထစ်အငေါ့ငေါ့ဖြင့် ..

''ဟို .. ဟို .. ပျောက်သွားပါပြီ မအေးဘုံရဲ့ .. ဟိုဟာလေ ဒွေးလေးက အပြင်သိပ်မထွက်တာ ဘဒွေးရောဂါအတွက် ဆေးဖော်နေလို့ပါ''

ဟု မလုံမခြုံ ပြန်ဖြေလိုက်သည်။ မိကျော့က စပါးလင် စဉ်းနေရင်း ..

''အေးဟာ .. ဦးလေးဖေသော်တစ်ယောက်လည်း သနားပါတယ် .. သူ့ခမျာ သွားမရ လာမရနဲ့ ဒုက္ခရောက်ရှာတယ် .. သူ့ကြည့်ရတာ အခုတစ်လော ပိန်ပိန်လာသလိုပဲ .. ဟိုတစ်လောက ကျုပ်အိမ်ကလူ ကိုလှမောင်ပြောတာ ဦးလေးဖေသော်ကို ကြည့်ရတာ သိပ်အားမရဘူးတဲ့ .. ကျုပ်ကို သတင်းလေး၊ ဘာလေး သွားမေးပါဦးလို့ ပြောနေတယ်''

''အင်း .. ဂရုစိုက် .. ဂရုစိုက် သင်းကြည်မရေ .. အခုတစ်လော ကျုပ်တို့ရွာ ဘာကပ်ဆိုက်နေတယ် မသိဘူး .. ဟောတစ်ယောက် ဟောတစ်ယောက် သေနေကြတာ တဖြုတ်ဖြုတ်ပါပဲလား .. သေတဲ့သူတွေမှန်သမျှကလည်း ထူးထူးဆန်းဆန်းချည်းပဲ .. ရွာထဲမှာ မကောင်းဆိုးဝါး အပမှီနေသလား မသိပါဘူးဟယ် ..''

မအေးဘုံ အပြောကြောင့် သင်းကြည်မတစ်ယောက် မျက်နှာ ကွက်ခနဲ ပျက်သွားမိသည်။ ဒါကို ရိပ်မိလိုက်သော မိကျော့က ..

www.burmeseclassic.com



“ဟဲ့ . . အေးဘုံ . . ဘာတွေ လျှောက်ပြောနေတာလဲ . . ဟိုမှာ သင်းကြည်မကို အားနာစရာအေ . . ဟိုမှာ လူမမာရှိပါတယ် ဆိုနေမှ . . တကတည်းမှပဲ . . ကဲ ကဲ မြန်မြန်ထက်ထက် လုပ်ဟေ့ . . ဟိုမှာ မီးဖိုပေါ်က ငါးပြုတ်အိုးကြီးက ဆူနေပြီ”

ထိုသို့ဖြင့် အားလုံး ပြီးသလောက်ဖြစ်သွားသည့်အချိန်တွင် သင်းကြည်မက နှုတ်ဆက်ကာ အသုဘအိမ်ထဲမှ ပြန်ထွက်လာခဲ့၏။

ဘာကြောင့်မှန်းမသိ။ သူမစိတ်တွေက လေးလံတင်းကျပ်နေသည်။ အိမ်ကိုလည်း မပြန်ချင်။ ထို့နောက် သူမခြေလှမ်းတွေက အလို အလျောက်ပင် ရွာတောင်ဘက်တံတားဆီသို့ ဦးတည်ရွေ့လျားသွားတော့သည်။ တံတားအောက်တွင် စီးဆင်းနေသည့် ချောင်းရေတွေကို အဓိပ္ပာယ်မဲ့ ထိုင်ငေးကြည့်နေမိ၏။ မည်မျှကြာသွားသည်မသိ။ သတိ ထားလိုက်မိချိန်တွင် ကောင်းကင်က နေလုံးကြီးက ဝင်လုဝင်ခင် တဲတဲ လေး ဖြစ်နေပြီ။

ရုတ်တရက် အိမ်တွင် တစ်ယောက်တည်း ကျန်နေရစ်ခဲ့သည့် ဘထွေးဖြစ်သူကို သတိရသွားပြီး ပြန်မှပဲဟု စဉ်းစားကာ ထိုင်ရာမှ ထ လိုက်စဉ် သူမနှင့် မျက်နှာချင်းဆိုင်ဘက်မှ တရွေ့ရွေ့လျှောက်လာနေ သည့် ချက်ကြီးကို တွေ့လိုက်ရ၏။

“ဟင် . . ချက်ကြီးပါလား”

သင်းကြည်မက ရှေ့သို့ အနည်းငယ်တိုးသွားလိုက်သည်။

“ဟဲ့ . . ချက်ကြီး . . ပြန်လာပြီလား”

ချက်ကြီးက နဖူးကစီးကျလာသည့် ချွေးကို လက်ခုံဖြင့် သုတ် လိုက်ရင်း . .





“အေး . . အခုပဲ ပြန်လာတာဟ”

“ကဲ . . ပြောစမ်းပါဦး . . လပွတ္တာက နင့်အမေသတင်း ဘာကြားတုန်းဟဲ့”

သင်းကြည်မအမေးကြောင့် ချက်ကြီး မျက်နှာက ညှိုးငယ်သွား ပြီး လေသံတိုးတိုးဖြင့် . .

“အေး . . ကြားခဲ့တယ် . . ငါ့အမေက လှေမှောက်ပြီး ဆုံး သွားပြီဟ”

“ဟင် . . ဘုရား . . ဘုရား . . ဘယ်လိုဖြစ်တာတုန်း ချက်ကြီး ရဲ့ . . ဘယ်တုန်းက ဆုံးသွားတာလဲတဲ့”

“လွန်ခဲ့တဲ့ လေးလလောက်က ငါ့အမေက ဒေါ်လေးပေါက်စ ခေါ်နေတဲ့ လပွတ္တာကို သွားတော့ ကန်ကြီးတို့ ဒုတ်ကန် တို့ဘက်ကနေ ကူးတို့လှေနဲ့ လပွတ္တာဘက်ကို အကူး . . လှေ မှောက်ပြီးတော့ ငါ့အမေအပါအဝင် လူ ၃ ယောက် ဆုံးတယ်။ လပွတ္တာမှာက ငါ့အမေကို သိတဲ့သူကလည်း မရှိတော့ တာဝန် ရှိသူတွေက ‘မဲလေးမသာ’ဆိုပြီး လပွတ္တာသင်္ချိုင်းမှာပဲ မြှုပ် လိုက်ကြတယ်တဲ့ . .”

“ဟယ် . . ဖြစ်မှဖြစ်ရလေ ချက်ကြီးရယ် . . ငါ စိတ်မကောင်း လိုက်တာဟာ။ ငါ့ခွေးလေးနောက်ကို လိုက်သွားရင်း ဖြစ်ရ တာဆိုတော့ ငါတို့ယောက မကောင်းသလိုတောင် ဖြစ်နေပြီဟာ”

“ဟာ . . မဟုတ်တာ . . နင်တို့နဲ့ မဆိုင်ပါဘူး။ လူဆိုတာ ဖြစ်ဖို့ကံပါလာရင် ဖြစ်ကို ဖြစ်ရမှာပဲ ဥစ္စာ။ ငါ နားလည်ပါ တယ်ဟာ”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သင်းကြည်မက စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်ရင်း . .

"အေးပေါ့ဟာ . . သေတဲ့သူကလည်း သေသွားပြီပဲ။ ကျန်နေတဲ့ ငါတို့ကပဲ ကြီးကြီးစိန်အတွက် ကောင်းမှုကုသိုလ်လေး လုပ်ပေးကြတာပေါ့"

ချက်ကြီးက . .

"ငါလည်း လပွတ္တာမှာတုန်းက ဘုန်းကြီးကျောင်းသွားပြီး အမေ့အတွက် သက်ပျောက်ဆွမ်း ကပ်ခဲ့သေးတယ်။ အခု ရွာမှာလည်း ထုံးစံရှိတဲ့အတိုင်း ထပ်လုပ်ကြတာပေါ့"

"အေး အေး . . ကောင်းတာပေါ့ဟာ . . ကဲ . . ဒါဆို လာလေ ချက်ကြီး ငါတို့ သိပ်မမှောင်ခင် ရွာထဲပြန်ဝင်ရင်း ရွာဦးဆရာတော်ဆီ အကျိုးအကြောင်း လျှောက်တင်ကြရအောင်"

ထိုသို့ဖြင့် နှစ်ယောက်သား အတူလမ်းလျှောက်လာခဲ့ကြ၏။

"ဒါနဲ့ သင်းကြည်မ . . နင်က တစ်ယောက်တည်း ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူးဟာ . . စိတ်ရှုပ်ရှုပ်ရှိလို့ လာထိုင်နေတာပါ . . အခုတလော အိမ်မှာ နေရတာ တစ်မျိုးကြီးပဲ . . ငါ့ ကြီးဒေါ်ကလည်း သူ့ဖိုရုံထဲမှာပဲ နေပြီး အမြဲလိုလို ဆေးဖော်နေတော့တာပဲဟာ . . ဟို . . ဘယ်လိုပြောရမလဲ၊ အရင်လို တူဝရီးသုံးယောက် နွေးနွေးထွေးထွေးမရှိတော့သလို ငါ့ စိတ်ထဲမှာ ခံစားရတယ်"

"သင်းကြည်မ . . ငါနင့်ကို သတင်းတစ်ခု ပြောစရာရှိတယ်"





"အင်း . . ပြောလေ . . ဘာလဲ"

"ငါလပွတ္တာကိုရောက်တော့ ငါ့အမေဆုံးပြီလို့ ပြောတဲ့လူတွေက ငါ မယုံမှာစိုးလို့ဆိုပြီး သချိုင်းထဲက ငါ့အမေရဲ့ မြေပုံကို လိုက်ပြကြတယ်။ အဲဒီ ငါ့အမေမြေပုံရဲ့ ခပ်လှမ်းလှမ်းမှာ နင့်အဒေါ် ဆေးသွားကုတဲ့ ဆရာမကြီး ဒေါ်အောင်ကြည်ရဲ့ မြေပုံကိုပါ ငါတွေ့လိုက်ရတယ် . . နည်းနည်းပါးပါး မေးစမ်းကြည့်တော့ အဲ့ဒီဒေါ်အောင်ကြည်က လွန်ခဲ့တဲ့ ၅ လ လောက်ကတည်းက အိမ်မီးလောင်ပြီး အစိမ်းသေ သေသွားပြီတဲ့ဟ။ အဲဒါ ဒေါ်လေး မပေါက်စက ဟိုတစ်လောလေးကမှ ဒေါ်အောင်ကြည် သူ့ကို ဆေးကုပေးလိုက်တယ်ဆိုတာကို ငါ့ စိတ်ထဲ ဟို . . ဟို ဘဝင်မကျဘူးဟာ"

"ဟင် . . ဘယ်လို . . ဘယ်လို။ နင့်ဟာက သေချာရဲ့လား ချက်ကြီးရယ်"

"သြော် . . သေချာသမှ သိပ်ကို သေချာတာပေါ့။ ဟောဒီ ငါ့မျက်စိကြီးနဲ့ကို မြင်ခဲ့တာ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ အခု ငါပြောတဲ့အကြောင်းတွေကို နင့်လေးလေးဖေသော်ကို နည်းနည်းတော့ ပြောပြထားသင့်တယ်ဟ"


ချက်ကြီး၏ အပြောကြောင့် သင်းကြည်မတစ်ယောက် နဂိုကတည်းက ရှုပ်နေသည့်စိတ်က အခုဆို သပွတ်အူထက်တောင် ဆိုးသွားသည်။ ဘဒွေးဖြစ်သူ ကိုဖေသော်အတွက်လည်း စိုးရိမ်သွားပြီး အိမ်ကို ရောက်ချင်ဇောဖြင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

သင်းကြည်မက ချက်ကြီးပြောပြသည့် အကြောင်းတွေကို ဘဒွေးဖြစ်သူ ကိုဖေသော်ကို ပြန်ပြောပြလျှင် ကောင်းပါ့မလားဟု ချိန်ဆနေမိသည်။ ချက်ကြီးပြောသမျှထဲတွင် လက်ဆုပ်လက်ကိုင်ပြစရာ အကြောင်းကလည်း မည်မည်ရရတော့ မရှိ။

ကိုဖေသော်က ဇနီးဖြစ်သူ မပေါက်စကို ဘယ်လောက်ချစ်သည်ဆိုတာ သင်းကြည်မ အသိဆုံးမို့ မိမိစကားမှားသွားလျှင် ဘဒွေးဖြစ်သူ စိတ်ဆိုးမည်ကိုလည်း သူမ ကြောက်နေမိသည်။

ထို့သို့ဖြစ်၍ အချိန်တို့ဆိုင်းနေရင်း ဦးသံချောင်း၏ ရက်လည်တွင် ချက်ကြီးနှင့် တစ်ခါ ထပ်တွေ့ပြန်သည်။

''သင်းကြည်မ ..ငါပြောတဲ့ကိစ္စ လေးလေးဖေသော်ကို ပြောပြပြီးပြီလား''





''မပြောရသေးဘူးဟ''

''ပြောပြလိုက်တော့လေဟာ ..နင်ကလည်း ..ဘာတွေ စဉ်းစားနေတာလဲ''

''အေးပါ ..ငါ ပြောမှာပါ ..ဒီတစ်ခါ ဒွေးလေးပေါက်စ တောထဲ ဆေးမြစ်သွားတူးတဲ့အချိန်ကျရင် ဘဒွေးကို ငါ ပြောပြလိုက်မယ် ..ပြီးတော့ နင်မသိသေးတဲ့ ဒွေးလေး ပေါက်စအကြောင်း နောက်တစ်ခု ရှိသေးတယ်''

''ဟင် ..ဟုတ်လား ..ဘာလဲ''

သင်းကြည်မက ဘေးဘီဝဲယာသို့ ဟိုဒီ စောင်းငဲ့ကြည့်လိုက်ပြီး လေသံကို နှိမ့်ကာ ..

''နင် ..ဘယ်သူ့ကိုမှ လျှောက်မပြောရဘူးနော်''

''အေးပါ ..ပြောမှာဖြင့် ပြောစမ်းပါဟာ''

''ဒီလိုဟ ..''

သင်းကြည်မက ညကြီးမင်းကြီး မပေါက်စအိမ်ပေါ်တက်လာပြီး ကိုဖေသော့်ကို လက်အစုံဖြင့် သပ်ကာ တစ်စုံတစ်ခုရွတ်ဆိုနေသည့် အကြောင်း ပြောလိုက်သည်။

ချက်ကြီးလည်း အံ့သြသွားသည်။

''ငါတို့ လူကြီးသူမတစ်ယောက်ယောက်နဲ့ တိုင်ပင်ရင် ကောင်းမလား မသိဘူးနော် ..''

''မကောင်းပါဘူးဟာ ..ကိုယ့်အိမ်တွင်းရေးကို သူများကို ပေးမသိစေချင်ပါဘူး ..တော်ကြာ ..စကားတွေ ပွကုန်မှာပေါ့ဟ ..ငါ တစ်ခုခုတော့ ကြံပါဦးမယ်ဟာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ပြောဆိုကြရင်း နောက်ဆုံး အဖြေမထွက်တဲ့ စကားစ ပြတ်သွား၏။ သင်းကြည်မက အိမ်သို့ ပြန်လာခဲ့သလို ချက်ကြီးကလည်း ဘေးဘက်ကာလသားဝိုင်းဆီသို့ လှည့်သွားသည်။ ကာလသားဝိုင်းမှ ကာလသားခေါင်း လှမောင်နှင့် ဘိုးလေးစိန်သောင်း၏ သားဖြစ်သူ ထွန်းခင်တို့ နှစ်ယောက်သား တန်ဆောင်တိုင် ကထိန်အတွက် စီစဉ်ထားသည်များကို ပြောနေကြသံ ကြားရသည်။

ကထိန်အတွက် အလှူခံသည့်အခါ ကမည့် လူ၊ အိုးစည်ဒိုးပတ် ငှားရမ်းဖို့ကိစ္စ၊ ကထိန်တွင် သင်္ကန်းစည်းမည့် မောင်ရင်လောင်းတွေကို ဘယ်နေ့နောက်ဆုံးထားပြီး စာရင်းပေးဖို့ စသဖြင့် ပြောဆိုတိုင်ပင်နေကြ၏။

ဦးသံချောင်းက ခွေးမရှိ မြီးမရှိ တစ်ကောင်ကြွက်မို့ သူ့အသုတ အိမ်တွင် ငိုမည့်သူ မရှိ။ ကာလသားတွေ ဆူဆူညံညံ အော်ပြောနေကြတာကြောင့် ပျော်စရာလိုတောင် ဖြစ်နေကြသည်။

■





ကိုဖေသော်က အိမ်ရှေ့ကွပ်ပျစ်ပေါ်ထိုင်ရင်း အလှူခံလှည့်သည့် အဖွဲ့တွေကို ငေးကြည့်နေလေ၏။ ဦးရွှေရိုးအရုပ်ကြီးထဲ လူဝင်ပြီး 'က' သူက 'က'၊ အနောက်မှ သိန်းအောင်တို့၊ လှမောင်နှင့် ထွန်းခင်တို့က အိုးစည်ဒိုးပတ်တီးသူတီးနှင့် ရွာလယ်လမ်းအတိုင်း လှည့်နေကြသည်ကို ကြည့်ရင်း သူလည်း သန်သန်မာမာဆိုလျှင် ရပ်ရေးရွာရေးကို အခုဆို တစ်တပ်တစ်အား လုပ်ပေးနိုင်မလား မသိဘူးဟု တွေးနေ၏။

ဒိုးပတ်အဖွဲ့နှင့် အတူပါလာသည့် ချက်ကြီးက ကိုဖေသော်တို့ အိမ်ရှေ့ရောက်တော့ အလှူခံအဖွဲ့နှင့်အတူ ဆက်မလိုက်သွားတော့ဘဲ ကိုဖေသော်တို့ ခြံဝိုင်းထဲသို့ ဝင်လာ၏။

"ဦးလေးဖေသော် . . သင်းကြည်မ ရှိလား"

"အေး . . ရှိသကွာ . . မင်းနှမ မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေလေရဲ့ . . ဝင်သွားလေကွာ"

ချက်ကြီးလည်း မီးဖိုချောင်ဆီသို့ လိုက်သွား၏။ သင်းကြည်မကို တွေ့တော့ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"သင်းကြည်မ . . ဟိုကိစ္စ နင့်ဘဒွေးဖေသော်ကို ပြောပြီးပြီလား"

www.burmeseclassic.com



"ဟင့်အင်း ‥ ငါ မပြောရသေးဘူး ‥ ပြောသင့် မပြောသင့် စဉ်းစားနေတာ"

"နင်ကလည်း သင်းကြည်မရယ် ‥ ဘာစဉ်းစားစရာလိုလဲ ‥ ငါ တွေ့တဲ့အတိုင်း နင့်ဘခွေးကို ပြောပြလိုက်ပေါ့ ‥ အခု ဒေါ်လေးပေါက်စလည်း အိမ်မှာ မရှိဘူး မဟုတ်လား"

"ဟို ‥ ဟို ‥ ငါက နောက်မှပဲ အေးအေးဆေးဆေးပြောပြရင် ကောင်းမလားလို့"

"နောက်တော့ လုပ်မနေနဲ့ ‥ အခုပဲ ငါနဲ့အတူ နင့်ဘခွေးကို သွားပြောပြကြမယ် ‥ ဖွဟဲ့ မပြောကောင်း မဆိုကောင်း ‥ တစ်ခုခုဖြစ်ပြီး အချိန်လွန်သွားမှဆိုရင် ဘာမှမတတ်နိုင်ဘူး။ လာပါဟာ ‥ ငါတို့ စကားလေး တောက်ကြည့်ကြသေးတာပေါ့"

ချက်ကြီး၏ တွန်းတွန်းတိုက်တိုက်အပြောကြောင့် သင်းကြည်မလည်း အိမ်ရှေ့သို့ ထွက်လာခဲ့လိုက်၏။

အိမ်ရှေ့သို့ရောက်သည့်အခါ ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်ကြရင်း ချက်ကြီးက ‥

"လေးလေးဖေသော် ‥ နေကောင်းရဲ့လား"

ဟု အဦးဆုံး နှုတ်ဆက်လိုက်၏။

"အေး ဒီလိုပါပဲကွာ ‥ ထူးပြီး သက်သာတယ်လို့တော့ မရှိပါဘူး။ မင်းဒေါ်လေးပေါက်စ ဖော်တဲ့ ဆေးတော့ သောက်နေတာပဲလေ၊ မတ်တတ်တော့ ခပ်ကြာကြာလေး ရပ်နိုင်လာသလိုပါပဲကွာ"





"စားလို့ သောက်လို့ရော ကောင်းလား ‥ လေးလေး"

"စားလို့ကတော့ သိပ်ကောင်းလှတယ် မဟုတ်ဘူး ‥ ငါ့ဗိုက်ထဲက အူတွေ၊ အသည်းတွေလည်း သိပ်မကောင်းတော့ဘူး ထင်ပါရဲ့လေ"

ကိုဖေသော့်အပြောကြောင့် ချက်ကြီးက မျက်နှာတစ်ချက် ပျက်သွား၏။ သို့သော် ပြန်ထိန်းလိုက်ပြီး ဆက်မေးသည်။

"ဒါနဲ့ ‥ ဦးလေး။ ဒေါ်လေးပေါက်စက ဘယ်တုန်းကများ ဆေးတွေ၊ ဘာတွေ ဖော်တတ်သွားရတာလဲဟင်။ ဘယ်သူ သင်ပေးလိုက်တာတဲ့လဲ လေးလေး"

"အေးကွာ ‥ ငါ့ကိုတော့ သူ့ဆရာမကြီး ဒေါ်အောင်ကြည်ဆိုလား၊ ဒေါ်အောင်မြင့်ဆိုလား သင်ပေးတယ်ပြောတာပဲ။ ဆေးဆရာ အရင့်အမာကြီးတော့ ဟုတ်ဟန်မတူပါဘူး။ တစ်မည်ကောင်း နှစ်မည်ကောင်း ထင်ပါရဲ့"

ကိုဖေသော့်စကားဆုံးတော့ ချက်ကြီးက သက်ပြင်းတစ်ချက် ခပ်ဖွဖွချလိုက်ပြီး သင်းကြည်မကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည်။ သင်းကြည်မမျက်နှာတွင် စိုးရိမ်မှုတွေက အတိုင်းသား ပေါ်နေ၏။ ချက်ကြီးက ‥

"ဦးလေးရေ မပြောမပြီးဆိုသလိုပဲ ပြောရဦးမယ်။ တကယ်တော့ ဒေါ်လေးပေါက်စပြောတဲ့ ဆရာမကြီးဒေါ်အောင်ကြည်ဆိုတာ လွန်ခဲ့တဲ့ ၅ လလောက်ကတည်းက သေတာ ကြာပြီဗျ။ သေတာမှ မီးလောင်ပြီးတော့ကို အစိမ်းသေ သေသွားတာ။ ဒေါ်လေးပေါက်စပြောသလို ပြီးခဲ့တဲ့လအထိ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးဖော်တဲ့ပညာ သင်ပေးနေတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး ဦးလေး ․․ အဲဒါ ကျွန်တော် အသေအချာပြောရဲတယ်''

''ဟင် ․․ ဘယ်လို ․․ ဘယ်လို''

ထိုသို့ဖြင့် ချက်ကြီးက သူ့အမေအကြောင်း သတင်းစုံစမ်းရင်း သိလာသမျှ အကြောင်းစုံကို ပြောပြလိုက်တော့သည်။ ချက်ကြီး စကားအဆုံးတွင် ကိုဖေသော်တစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားရင်း ခေါင်းကိုသာ တသွင်သွင်ခါယမ်းနေပြီး ․․

''မင်းတို့ကလည်းကွာ ․․ ဟိုကလူတွေပြောတဲ့ စကားတစ်ခုတည်းနဲ့ ယိုးစွပ်လို့ ဘယ်ရမလဲ ․․ သွားကွာ ․․ သွား ․․ မဟုတ်တာတွေ ငါ့လာမပြောနဲ့''

ဟု လေသံမာမာဖြင့် အော်ပြောလိုက်သည်။

''မဟုတ်ပါဘူး ဦးလေးရယ် ․․ ကျွန်တော်က စိုးရိမ်လို့ သတိပေးတာပါ''

''တော်ပါကွာ ․․ မင်း သတိပေးတာ ကျေးဇူးတင်ပါတယ် မောင်ရာ။ ဒါပေမဲ့ မပေါက်စက ငါ့ကျေးဇူးရှင်။ အခုထိလည်း သူ ကျွေးတဲ့ထမင်းကို ငါ စားနေရတုန်းပဲကွ။ ငါ့ကျေးဇူးရှင်ကိုတော့ ငါ ပြန်ပြီး မစော်ကားပါရစေနဲ့''

လေသံတုန်တုန်၊ မျက်ရည် စို့တို့တို့ဖြင့် ပြောနေသော ကိုဖေသော်ကို ကြည့်ရင်း ချက်ကြီးနှင့် သင်းကြည်မတို့ အလွန်တရာ စိတ်မကောင်းဖြစ်သွားကြသည်။ ကိုဖေသော်တစ်ယောက် ဇနီးဖြစ်သူ မပေါက်စကို ဘယ်လောက်ချစ်သလဲဆိုတာ သိသဖြင့် မျက်နှာပူ အားနာပြီးတော့ ယို့ယို့လေး ပြန်ထွက်လာခဲ့ကြ၏။





သင်းကြည်မကတော့ ဘာအွေးဖြစ်သူနှင့် မျက်နှာချင်းပင် မဆိုင်ဝံ့တော့ဘဲ တစ်နေ့လုံး မီးဖိုချောင်ထဲတွင် တကုပ်ကုပ်လုပ်ရင်း ထွက်မလာတော့ချေ။

ကိုဖေသော်တစ်ယောက်ကတော့ ကွပ်ပျစ်ပေါ်မှာ ထိုင်နေလိုက်တာ ညနေမိုးချုပ်သည်အထိပင်။ ထုံးစံအတိုင်း နေဝင်ရီတရောအချိန်မှာတော့ ဆေးမြစ်သွားတူးသည့် မပေါက်စက ပြန်လာ၏။ ကွပ်ပျစ်ပေါ်တွင် မလှုပ်မယှက် ထိုင်နေသော ကိုဖေသော်ကို မြင်တော့ ․․

''တော့် ကိုဖေသော် ․․ အထဲဝင်နေတော့လေ။ အပြင်မှာ ဘာလုပ်နေသလဲ ․․ အအေးမိဦးမယ် ․․''

ကိုဖေသော် ဘာမှ ပြန်မပြောမိ။ စိုးရိမ်စိတ်ကဲနေသော မပေါက်စ၏ စကားသံကို ကြားလိုက်ရတော့ တစ်ခုခုကို ပိုပြီး ခံစားရသည်။ မျက်ရည်များပင် ဝိုင်းလာ၏။

စဉ်းစားရင်းနှင့် မှောင်သည်အထိ ထိုင်နေရာမှ ကိုဖေသော် မထဖြစ်သေး။ မိုးချုပ်စအချိန်မှာတော့ ရွာတောင်ပိုင်းက ဘိုးလေးစိန်သောင်းတစ်ယောက် မီးအိမ်ကိုင်ကာ အိမ်ရှေ့မှ ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

ဘိုးလေးစိန်သောင်းက ․․

''မောင်ဖေသော် ․․ မိုးကြီးချုပ်နေပြီ ․․ အိမ်ထဲ မဝင်သေးဘူးလား''

''ဘိုးလေးကရော ညကြီးမိုးချုပ် ဘယ်သွားမလို့တုန်း''

''မင်းတူ ထွန်းခင်လေကွာ လုပ်ချလာတာ ․․ နွားသိမ်းတော့ တစ်ကောင် ပျောက်ကျန်ခဲ့လို့ သွားရှာမလို့''



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလေးစိန်သောင်းက ပြောပြီး ငိုက်စိုက်ငိုက်စိုက်ဖြင့် ထွက်သွားသည်။

ကိုဖေသော်ကလည်း မပေါက်စလာတိုက်သည့် ဆေးတစ်ဖုံ သောက်ပြီး အိမ်ထဲပြန်ဝင်လာကြ၏။ မပေါက်စက ကိုဖေသော့်ကို တွဲပြီး ပို့တာကြောင့် ကိုဖေသော့်စိတ်ထဲ ကြည်နူးသွားမိသည်။ ထိုနေ့ည တစ်ညလုံး ကိုဖေသော်တစ်ယောက် ဟိုအတွေး၊ ဒီအတွေးများဖြင့် အိပ်မပျော်နိုင်ဘဲ မိုးစင်စင်လင်းခဲ့သည်။

မနက်အရုဏ်ဆွမ်းစားဖို့ တုံးမောင်းခေါက်သံကြားမှ မှေးခနဲ အိပ်ပျော်သွားသည်။ ကိုဖေသော် ပြန်နိုးလာသည့်အချိန်မှာ အိမ်ထဲတွင် မည်သူမျှ မရှိ။ ချောင်းတစ်ချက် ဟန့်ရင်း သင်းကြည်မကို ခေါ်ကြည့်သည်။ သို့သော် ပြန်ထူးသံ မကြားရ။

ထို့ကြောင့် ဖင်ရှေ့ဖင်ရှေ့ဖြင့် သွားပြီး အိမ်ရှေ့ ရာဝင်အိုးထဲက ရေကို ခပ်ကာ မျက်နှာသစ်လိုက်ရသည်။ ထိုစဉ် အပြင်မှပြန်လာသည့် သင်းကြည်မကို လှမ်းမြင်လိုက်၏။

"ဟဲ့ ‥ သင်းကြည်မ ‥ ညည်းက ဘယ်တွေသွားနေတာတုန်း"

"ညက ဘိုးလေးစိန်သောင်း တောထဲမှာ သရဲအခြောက်ခံရလို့တဲ့ ‥၊ ချောင်းဘေးမှာ သတိလစ်ပြီး လဲနေတာ တွေ့လို့ အိမ်ပြန်သယ်လာကြတယ် ဘဒွေးရဲ့။ အဲဒါ သွားကြည့်နေတာ"

"ဟေ ‥ ဟုတ်လား ‥ အခုရော ဘယ်လိုနေသေးလဲ"

"အဖျားကြီးပြီး တက်နေတယ်။ အရုပ်ကြီး လာနေပြီ ‥ အရုပ်ကြီး လာနေပြီလို့ ကယောင်ကတမ်း ညည်းနေရှာတယ် ‥ ဘာသဘောလဲတော့ မပြောတတ်ဘူး ဘဒွေးရဲ့"

သင်းကြည်မပြောကြောင့် ကိုဖေသော်တစ်ယောက် ငိုင်ပြီး စဉ်းစားသွားသည်။ ထိုအချိန်မှာပင် ရွာလည်လမ်းမအတိုင်း ပြန်လာသော သိန်းအောင်နှင့် ကာလသားခေါင်း လှမောင်တို့၏ ဟောင်ဖွာ ‥ ဟောင်ဖွာ ပြောဆိုနေကြသံကို ကြားလိုက်ရသည်။

"ဒီမယ် ကိုရင်လှမောင်ရဲ့ ‥ ကျုပ်ယောက္ခမကြီး ဆုံးတုန်းကလည်း 'အရုပ်ကြီး ငါ့ဆီ လာနေပြီ ‥ ငါ့ဆီ လာနေပြီ'လို့ ကယောင်ကတမ်း အော်ပြီး ဆုံးသွားတာ ‥ အခုလည်း ဘိုးလေးစိန်သောင်း ဖြစ်ပြန်ပြီဆိုတော့ စဉ်းစားစရာပဲဗျာ"

ကာလသားခေါင်း လှမောင်က ‥

"လူကြီးတွေ နလုံးသည်းခြေမ ကောင်းတာလည်း ပါမှာပေါ့ကွာ။ ဘာအရုပ်များ မြင်လို့ စိတ်စွဲသွားတယ် မပြောတတ်ဘူး။ ဪ ‥ ဒါနဲ့ အရုပ်ဆိုလို့ မနေ့ညက ငါတောင် ဦးလေးဖေသော်တို့အိမ်နောက်မှာ အလှူခံတဲ့ ဦးရွှေရိုးအရုပ်ကြီးကို မြင်လိုက်ရသေးတယ် ‥ ကလေးတွေ ဝင်ပြီး ဆော့ပြန်ပြီထင်တယ်။ အဲဒါကြီးကို ဓမ္မာရုံထဲမှာ သွားသိမ်းထားစမ်းပါ သိန်းအောင်ရာ ‥ ကြားလား"

"ဟုတ်ကဲ့ ‥"

■





www.burmeseclassic.com

နောက်သုံးရက်အကြာမှာတော့ ဘိုးလေးစိန်သောင်း အပြင်းဖျားရောကနေ သတိပြန်လည်မလာတော့ဘဲ အနိစ္စရောက်သွားပြီဆိုသော သတင်းကို ကြားလိုက်ရသည်။

ထိုနေ့တစ်နေ့လုံး ကိုဖေသော်တစ်ယောက် တစ်စုံတစ်ရာကို တွေးပြီး မျက်စိမျက်နှာပျက်နေ၏။ ထို့ကြောင့် နေ့လယ်ကျတော့ သူ့အတွက် ထမင်းပွဲပြင်ပေးနေသော သင်းကြည်မကို ခေါ်ပြီး ခပ်တိုးတိုးလေး မေးရသည်။

"ဟိုနေ့က ချက်ကြီးပြောသွားတဲ့ စကားတွေက အမှန်ပဲလား။ ညည်းကရော ဘယ်လို သဘောရလဲ သင်းကြည်မ"

"ဟို . . ဟိုဒင်း"

"ရဲရဲပြောစမ်းပါဟာ . . ငါ စိတ်မဆိုးဘူး"

သင်းကြည်မလည်း သက်ပြင်းတစ်ချက် မသိမသာချလိုက်ရင်း ဟိုတစ်နေ့ညက ဒွေးလေးပေါက်စတစ်ယောက် ညကြီးအချိန်မတော်





လုံချည်ခေါက်ထိုးကြီးကို ရင်လျားပြီး အိမ်ပေါ် တက်လာကြောင်း၊ ပြီးတော့ ဘဒွေးအိပ်နေသည့်အပေါ်ကို ခြေဆုံးခေါင်းဆုံး လက်ဖြင့် သပ်ချပြီး တစ်စုံတစ်ခုကို ခပ်တိုးတိုးရွတ်ဖတ်နေကြောင်း စသဖြင့် သူမ တွေ့ရသည်များကို တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။

သင်းကြည်မစကားအဆုံးတွင် ကိုဖေသော်တစ်ယောက် ငိုင်ကျသွားတော့၏။ ထိုနေ့က ထမင်းတစ်လုတ်မှ မစားမိ။ ထမင်းဝိုင်းကို အရာမယွင်းဘဲ ပြန်သိမ်းလိုက်ရသည်။

ထိုသို့ဖြင့် တစ်နေကုန်ပြီး ညအချိန်ကို ရောက်လာပြန်လေပြီ။ မပေါက်စလည်း သူလုပ်နေကျအတိုင်း ကိုဖေသော်ကို ဆေးလာတိုက်ပြန်၏။ ကိုဖေသော်က ဆေးမသောက်သေးဘဲ အဝေးကို ငေးမောနေဟန်ဖြင့် စကားစလိုက်သည်။

"ပေါက်စရေ . . ငါတို့ အိမ်ထောင်ပြုခါစအချိန်တုန်းက သဖန်းချောင်ဘုရားပွဲမှာ ဆရာသက် ရုပ်သေးသွင်းတယ်ဆိုလို့ သွားကြည့်ကြတာ မှတ်မိသေးလား"

"မှတ်မိတာပေါ့တော် . ."

"အဲဒီတုန်း အပြန်ကျတော့ မင်းခြေထောက်ကို ပြောင်းငုတ် ထိုးမိလို့ လမ်းမလျှောက်နိုင်တော့ဘူးလေ . . ၊ အဲဒါနဲ့ ငါက ကုန်းပိုးပြီး ပြန်ရသေးတယ်လေ။ မောလို့ဆိုပြီး သဖန်းချောင် ထိပ်က တံတားလေးမှာ တစ်ခါ၊ ရွာစွန်ဇရပ်မှာ တစ်ခါ မောမောနဲ့ နားရသေးတယ်လေ။ အဲဒီတုန်းက လကလည်း သာလိုက်တာ . . မှတ်မှတ်ရရ အဲဒီတုန်းက တန်ဆောင်တိုင် လပြည့်ညကြီး ထင်ပါရဲ့။ အခုလည်း တန်ဆောင်တိုင် နီးလာ

www.burmeseclassic.com



ပြန်ပြီနော် ‥ ဟိုတစ်ချိန်တုန်းကလိုမျိုး ဘဝလေး ပြန်လို ချင်လိုက်တာ ပေါက်စရယ် ‥''

''အို ‥ ကိုဖေသော်ကလည်းရှင်''

မပေါက်စက ဆွဲဆွဲငင်ငင်လေး ပြောရင်း ခဏကြာအောင် ဘာမှဆက်မပြောဘဲ ငေးငိုင်သွားသည်။ ပြီးတော့မှ ‥

''ရှင် ဆန္ဒရှိရင် နေကောင်းလာတဲ့အခါ ရုပ်သေးပွဲကြို့ရင် ကျုပ်တို့နှစ်ယောက် တစ်ခေါက်သွားကြည့်ကြသေးတာ ပေါ့တော် ‥ ကဲပါလေ ‥ ညဥ့်လည်း နက်နေပြီ ‥ ဆေး သောက်ပြီး အိပ်လိုက်တော့နော်''

အခုတစ်ခါတော့ ကိုဖေသော်တစ်ယောက် မပေါက်စ တိုက်သည့်ဆေးကို မျက်နှာတစ်ချက် မရှုံ့ဘဲ ကျေကျေနပ်နပ်ကြီး သောက်ချလိုက်၏။ ထို့နောက် မီးခွက်ကို မှုတ်ပြီး အိပ်ရာဝင်သွားသည်။ စောင်ခေါင်းမြီးခြုံထားသည့် အောက်က သူ့မျက်လုံးများကတော့ ပွင့်လျက်သာ။ သို့သော် တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာဖြင့်မျှော်နေလေ၏။

မျှော်လင့်ထားသည့်အတိုင်းပင်။ သန်းခေါင်ကြက်တွန်ပြီး ထမင်းအိုးတစ်အိုးအကျက်ခန့်အကြာတွင် အိမ်ပေါ်သို့ ဖွဖွနင်းတက်လာသည့် ခြေသံကို ကျောဘက်ဆီမှ ကြားလိုက်ရသည်။ မပေါက်စပဲဟု သူ အတပ်သိသည်။ ကိုဖေသော် လှည့်မကြည့်။ ထိုအတိုင်းပင် ဆက်လှဲနေသည်။





ထို့နောက် မပေါက်စက သူ ကျောပေးထားသည့်နောက်တွင် ဝင်ထိုင်လိုက်၏။ ပြီးနောက် မပေါက်စ၏ ရှုတ်ဖတ်သံခပ်တိုးတိုးကို လည်း ကြားနေရသည်။ ဘာရယ်ဟုတော့ သဲသဲကွဲကွဲ မသိ။

ရှုတ်ဖတ်နေရင်း ခဏအကြာတွင် ထိုအငွေ့အသက်က သူ့ကို မူးသလို မိုက်သလို ဖြစ်စေသည်။ ပြီးနောက် တစ်ဆက်တည်း နှွင်းနံ့ လိုလို၊ ဘာလိုလိုနှင့် အမည်တပ်ရခက်သည့် စိမ်းရွှေရွှေနံ့ကြီးကို ရလိုက်စဉ် သတိလစ်မလို ဖြစ်သွားသဖြင့် မနည်းအားတင်းထားလိုက် ရ၏။

မပေါက်စ၏ဘေးတွင် ချထားသည့် မီးခွက်မှ မီးစာက လေအဝေ့တွင် တလှုပ်လှုပ်နှင့် ကိုဖေသော့်အိပ်ရာနှင့် မျက်နှာချင်းဆိုင် နံရံတွင် ထောင်ထားသော မှန်ချပ်ကြီးတွင် အရိပ်လာထင်နေ၏။ ထိုမီးအလင်းရောင်ကြောင့် ကိုဖေသော်က မှန်ထဲကို လှမ်းကြည့်မိ လိုက်သည့်အခါ မှန်သားမျက်နှာပြင်မှာထင်ဟပ်နေသော မပေါက်စ၏ ရုပ်ပုံလွှာအစစ်ကို မြင်လိုက်ရလေတော့သည်။

''ဟင် ‥ အလို ‥ ဘုရား ‥ ဘုရား''

ကိုဖေသော်တစ်ယောက် မအော်မိအောင် မနည်းထိန်းလိုက် ရသည်။ မှန်ထဲတွင် မြင်နေရသည့် မပေါက်စက အပြင်မှာလို မဟုတ်။ နဖူးမှ မေးစေ့ထိ မျက်နှာတစ်ခြမ်းလုံး မရှိတော့။ မီးလောင်ခံထားရသလို အရိုးစငေါ်ငေါ်တွေ ထိုးထွက်နေ၏။ မျက်လုံးက ပေါက်ပြီး တွဲလောင်း ကျနေသည်။ မျက်နှာတစ်ခြမ်းသာ အကောင်းပကတိ ရှိသည်။

အကောင်းပကတိ မျက်နှာတစ်ခြမ်းမှ မျက်လုံးလည်း သွေးကြောများဖြင့် ရဲရဲနီပြီး အပြင်ကို စူထွက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်းအားကြီးတာကြောင့် ရင်ထဲက နှလုံးခုန်သံ မမှန်တော့။ ခြေဖဝါးတွေ အေးစက်တောင့်တင်းလာသည်။ ဘာကြောင့်မှန်းမသိ။ ဝမ်းနည်းပြီး ကြေကွဲအော်ပစ်လိုက်ချင်စိတ်တွေကလည်း လည်ချောင်းဝမှာ ဆို့ဆို့တစ်တစ် ဖြစ်နေ၏။

တစ်ခါမှ မကြုံဖူးသော အကြောက်တရားနှင့် ဝမ်းနည်းခြင်းတွေက ကိုဖေသော်ကို ကျောက်ရုပ်တစ်ရုပ်လိုဖြစ်အောင် ပြုစားထားသလိုပင်။

ကိုဖေသော် ကြိုးစားပြီး အသက်ကို မှန်မှန်ရှူနေရ၏။ သူ့၏မျက်လုံးအိမ်ထဲက မျက်ရည်တစ်စက်ကတော့ တိတ်ဆိတ်စွာဖြင့် တလိမ့်လိမ့် စီးကျလာလေတော့သည်။

■



## အခန်း (၁၃)

နောက်တစ်နေ့မနက်စောစော အမှောင်မပြယ်ခင်အချိန်မှာ ကိုဖေသော်တစ်ယောက်တည်း ကွပ်ပျစ်ပေါ်တွင် ထိုင်နေ၏။ သူက တစ်စုံတစ်ခုကို နက်နက်နဲနဲ တွေးတောဟန်ဖြင့် မှိုင်မှိုင်တွေတွေလေး ငေးငိုင်နေလေသည်။ တစ်ချက်တစ်ချက်တွင်တော့ ခေါင်းမကိုက်ပါဘဲ လက်ညှိုးနှင့် လက်မကို နဖူးအစပ်နား ခွထောက်ပြီး ခေါင်းကို ငိုက်စိုက် ချထားမိ၏။

ဆို့တက်လာသည့် မျက်ရည်များကို မသိမသာ ဆုပ်ပြီး မျက်လုံးကို ပုတ်ခတ်လုပ်ကာ 'ဟီး'ချ ငိုချင်စိတ်ကို ဖြေဖျောက်နေရလေသည်။ လူ့ဘဝတွင် လူဖြစ်ကြသည့် မည်သူမဆို မည်သို့ တော်သည်ဖြစ်စေ တစ်နေ့ အပြီးခွဲရမည့် တရားသဘောကို သူ နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုခွဲခွာခြင်းသည် သူ့အတွက် စောလွန်းလှသည်ဟု သူ ထင်နေမိ၏။ ဒါသည်ပင် ကံတရား၏ စီရင်ချက်တစ်ခုမို့ သူ ဘာမှတော့ မတတ်နိုင်ပါချေ။

ထိုစဉ်ခဏမှာပင် ဟိုးအရင်တစ်ချိန်ကာလများဆီက ဇနီးဖြစ်သူ မပေါက်စနှင့် လက်ရည်တစ်ပြင်တည်း ကြည်နူးပျော်ရွှင်ခဲ့သည့် ပုံရိပ်များကို သူ့မျက်လုံးထဲ တရေးရေး ပြန်မြင်ယောင်လာမိသည်။ မည်သို့ပင် အော်ငေါက်ခဲ့ကြ၊ စကားများခဲ့ကြ၊ ဆူပူမိခဲ့ကြသည်ဖြစ်စေ ဇနီးဖြစ်သူ မပေါက်စက သူ့အပေါ် သံယောဇဉ်ကြီးသည်ကိုတော့ ကိုဖေသော် အကြွင်းမဲ့ယုံသည်။

"ဟင်း . ."

ကိုဖေသော်က စဉ်းစားရင်း သက်ပြင်းခပ်လေးလေးတစ်ချက် ချလိုက်မိသည်။ ထိုအချိန်မှာပင် မဆီမဆိုင် တစ်ခုတွေးမိလိုက်သည်က သေသူနှင့် ရှင်သန်နေသူကြားထဲက 'ခွဲခွာခြင်း' ဆိုတာ သေသူက ရှင်သူကို ခွဲခွာသွားတာလား . . သို့မဟုတ် ရှင်သန်နေသူက သေသူကို ခွဲခွာသွားတာလားဟု ကိုဖေသော် စဉ်းစားလိုက်မိ၏။

ထိုစဉ် သူ့ခြေထောက်ပေါ်သို့ ခြင်တစ်ကောင် လာနားသည်ကို မြင်လိုက်ရ၏။ ရိုက်လိုက်ဖို့ လက်ရွယ်လိုက်စဉ်မှာပင် ဘာကြောင့်မှန်း မသိ။ မရိုက်ဖြစ်တော့ဘဲ ခြေထောက်ပေါ်က ခြင်ကို ဒီအတိုင်း ကြည့်နေမိသည်။

"ဩော် . . ငါကရော . . ဟောဒီ ငါ့ခြေထောက်တွေ မလှုပ်ရှား နိုင်မှတော့ သေလူနဲ့ ဘာထူးတော့မှာလဲ"

ကိုဖေသော် မခိုးမခန့် မဲ့ပြုံးပြုံးလိုက်မိ၏။ ထိုသို့ ပြုံးလိုက်မိစဉ်





ခဏမှာတော့ ကိုဖေသော်က တစ်စုံတစ်ခုအတွက် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တော့သည်။

ထိုစဉ် အိမ်ထဲမှထွက်လာသည့် ခြေသံကို ကြားလိုက်ရ၏။ သင်းကြည်မပဲ ဖြစ်မည်ထင်သည်။ ကိုဖေသော် လှည့်မကြည့်ဖြစ်။ သင်းကြည်မက . .

"ဘထွေး . . ထမင်းစားရအောင်လေ . . သမီး အားလုံးပြင် ပြီးပြီ"

"ငါမစားချင်ပါဘူး သင်းကြည်မရယ် . ."

"ဟာ . . ဘထွေးကလည်း မစားလို့ ဘယ်ဖြစ်မလဲ . . မနေ့ ကလည်း ဘထွေးဘာမှ မစားဘူး . . ဒီအတိုင်းဆိုရင် ဘထွေး တစ်ယောက်တော့ အားပြတ်ပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲ တော့မှာပဲ"

"ငါ ဘယ်တော့မှ လဲမယ်မထင်တော့ပါဘူး သင်းကြည်မရယ်။ ကဲ . . ဒါဆို ထမင်းတော့ မစားချင်တော့ဘူး . . ဒါပေမဲ့ ငါ ရေနွေးကြမ်းခါးခါးလေးကို ဒီနေ့ အဝသောက်သွားချင်တယ်။ အဲဒါ သွားယူခဲ့ . . ပြီးရင် ရေနွေးကြမ်းနဲ့စားဖို့ ထန်းလျက်ကို နမ်းထောင်းလေးပါ ဖြူးပေး . . ကြားလား"

"ဟုတ်ကဲ့ . . ဘထွေး"

ခဏအကြာ ကိုဖေသော်က သင်းကြည်မ ယူလာသည့် ရေနွေးကြမ်းကို အားရပါးရသောက်သည်။ ရေနွေးကြမ်းလေး တစ်ငုံသောက်လိုက်၊ ထန်းလျက်နမ်းဖြူးလေး တစ်တို့လောက် လျက်လိုက်နှင့် လူ့လောကစည်းစိမ်ကို အပြည့်အဝ ခံစားနေသည့်နှယ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရေခွေးကြမ်းတစ်အိုး ကုန်သွားသည့်အခါ ကိုဖေသော်က အိမ်ထဲကို လှမ်းကြည့်လိုက်ပြီး . .

"သင်းကြည်မရေ . . သင်းကြည်မ"

ဟု လှမ်းအော်ခေါ်လိုက်သည်။

'ရှင်'ဟူသော ထူးသံနှင့်အတူ သင်းကြည်မ ရောက်လာသည်။

"ဘဒွေး . . ဘာလိုချင်လို့လဲဟင်"

"ဘာမှ မလိုချင်ပါဘူး။ ဒါနဲ့ . . ညည်းဒွေးလေးရော ဘယ်သွားလဲ"

"ဒွေးလေးက ထုံးစံအတိုင်း ဆေးမြစ်သွားတူးတယ်လေ ဘဒွေးရဲ့။ ဘဒွေး ဘာလုပ်ချင်လို့လဲ . . ပြောလေ . . သမီး လုပ်ပေးမှာပေါ့"

"သွား . . ချက်ကြီးကို ခဏသွားခေါ်စမ်း . . ပြီးရင် ညည်းနဲ့ ချက်ကြီး ငါ့ကို တွဲပြီး လိုက်ပို့စမ်းပါ . . ငါ ရွာထဲကို တစ်ခါလောက် လှည့်ကြည့်ချင်တယ်"

ထူးထူးဆန်းဆန်းပြောနေသော ဘဒွေးဖြစ်သူ၏ စကားများကြောင့် သင်းကြည်မ အံ့သြသွားမိသည်။ သို့သော် ဘာမှတော့ ထပ်မမေးတော့။

ခဏအကြာ ချက်ကြီးကိုခေါ်ပြီး သင်းကြည်မ ပြန်လာသည်။ ထို့နောက် ကိုဖေသော်ကို ချက်ကြီးက တွဲမပေးပြီး သင်းကြည်မက ဘေးမှ ထိန်းပေးထားရင်း ရွာလယ်လမ်းမတစ်လျှောက် လှည့်ကြည့်ကြ၏။





ထိုသို့ လှည့်ကြည့်နေသော ကိုဖေသော်၏ မျက်လုံးအစုံက ရီဝေမှုန်မှိုင်းနေသည်။ ဟိုလူ့ကို တွေ့ နှုတ်ဆက်၊ ဒီလူ့ကို တွေ့ နှုတ်ဆက်နှင့်။ ရွာထဲက လူတွေကလည်း တစ်ခါမှ မထွက်စဖူး အပြင်ထွက်လာသော ကိုဖေသော့်ကို တအံ့တသြ ဝိုင်းကြည့်ကုန်ကြ၏။

သို့သော် ဘာမှတော့ မမေးကြ။

ညနေ ၄ နာရီခန့်လောက်ရောက်တော့ သင်းကြည်မက . .

"ဘဒွေး ပြန်ကြရအောင်လေ . . ညနေတောင် စောင်းတော့မယ်"

"ငါ မပြန်ချင်သေးဘူး . . ညည်းနဲ့ ချက်ကြီး ငါ့ကို ရွာထိပ်ညောင်ပင်ဘေးက ဇရပ်ကို လိုက်ပို့စမ်းပါဦး"

သင်းကြည်မက 'ဘာလုပ်မလို့ ဘဒွေး'ဟု မေးဖို့ ဟန်ပြင်လိုက်စဉ် ချက်ကြီးက မမေးဘဲ လိုက်ပို့ဖို့ အချက်ပြတာကြောင့် သင်းကြည်မ နှုတ်ဆိတ်နေလိုက်၏။

ဇရပ်ကို ရောက်တော့ . .

"ကဲ . . ညည်းတို့နှစ်ယောက် ပြန်ပေတော့ . . ငါ ဒီဇရပ်မှာ ထိုင်နေလိုက်ဦးမယ်"

ဒီတစ်ခါတော့ သင်းကြည်မ မပြောဘဲ မနေနိုင်တော့။

"ဟာ ဘဒွေးကလည်း . . ဘာလို့ တစ်ယောက်တည်း ထိုင်နေမှာလဲ . . ဘဒွေးထိုင်နေချင်တယ်ဆိုရင် သမီးတို့ပါ အတူနေပေးမှာပေါ့"

"မဟုတ်ဘူး . . ငါတစ်ယောက်တည်း နေချင်တာ။ ကဲပါ . . ငါပြောတာ နားထောင် . . သွား ညည်းတို့ ပြန်ကြတော့"

www.burmeseclassic.com



နောက်ဆုံးတော့ သင်းကြည်မနှင့် ချက်ကြီးတို့ ကိုဖေသော့်ကို ထားခဲ့ကာ ပြန်လာခဲ့ရ၏။

သင်းကြည်မစိတ်ထဲတွင်တော့ မတင်မကျနှင့်။ ကိုဖေသော်ကတော့ ဖရပ်ထဲ ထိုင်ရင်း လောကကြီးကို နောက်ဆုံးနှုတ်ဆက်နေသလို တိတ်တဆိတ် ငေးကြည့်နေလေ၏။ ငှက်ကလေးများ ပျံဝဲရာ ကောင်းကင်လမ်းတစ်လျှောက် လိုက်ကြည့်နေမိ၏။

လေတိုက်သည့်အခါ ညောင်ပင်မှ ညောင်ရွက်လေးများ အချင်းချင်း ထိခတ်လှုပ်သံသည် ဂီတသံတစ်ခုလို သူ့နားထဲ နားဝင်ပီယံ ချိုလှ၏။

ဟိုးခပ်ဝေးဝေး ဓာတ်စက်ဆီမှ လေထဲတွင် လွင့်ပျံလာ၏။ ကထိန်အလှူက ဖွင့်နေတာပဲဖြစ်မည်ဟု သူ တွေးလိုက်သည်။ ထိုစဉ် မြောက်ပြန်လေတစ်သုတ် ဝှေ့ခနဲ တိုက်သွား၏။ သူ အနည်းငယ် အေးသလို ဖြစ်သွားသည်။ ဟိုရှေ့တူရူ လယ်ထဲမှ လယ်တဲစောင့်၏ သံစဉ်စည်းချက်မကျ ရွတ်ဆိုလိုက်သော 'အောင်ပါစေ'သီချင်းသံကို ကြားလိုက်ရ၏။ သူ အနည်းငယ် ပြုံးချင်ချင် ဖြစ်သွားသည်။

ထိုစဉ် ကျီးကန်းတစ်အုပ်က တအာအာအော်ရင်း အိပ်တန်းပြန်သွားကြ၏။ မကြာခင် နေဝင်တော့မည်။ လိမ္မော်ရောင် နေလုံးကြီးက မိုးကုပ်စက်ဝိုင်းအစွန်းတွင် မေးတင်ကာ ငုပ်လျှိုးဖို့ တာစူနေလေပြီ။ လေတိုက်ရာဆီသို့ မျက်နှာကို မော့ထားစဉ် ညနေခင်း လေအေးများက တဟူးဟူး တိုက်ခတ်လာ၏။ ကိုဖေသော်က မျက်စိမှိတ်ထားလိုက်သည်။

ထိုစဉ် ကိုဖေသော်၏ နှာခေါင်းထဲသို့ အနံ့တစ်ခု တိုးဝင်လာ၏။ သူ ထိုအနံ့ကို မှတ်မိစွာဖြင့် မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ကြည့်





လိုက်သည်။ သူထင်သည့်အတိုင်းပင်။ သူ့ရှေ့တွင် ရပ်နေသူက ဆေးခြောက်တူးပြီး ပြန်လာသည့် မပေါက်စ။

''ကိုဖေသော် ‥ ရှင် ဒီမှာ တစ်ယောက်တည်းထိုင်ပြီး ဘာလုပ်နေတာတုန်း ‥ လာလေ ‥ ပြန်ကြမယ်''

ကိုဖေသော်က ဘာမှပြန်မပြောဘဲ မပေါက်စကို ပြုံးယောင်ယောင်လေးဖြင့် ကြည့်လိုက်၏။

''ပေါက်စ ‥ လာ ‥ ငါ့ဘေးမှာ ခဏလာထိုင်ဦး ‥ ငါ ပြောစရာရှိလို့''

ကိုဖေသော်က ပြောလည်း ပြောရင်း မပေါက်စ၏ လက်ကို ဆွဲပြီး သူ့ဘေးတွင် ဝင်ထိုင်ခိုင်းလိုက်သည်။ ကိုဖေသော်၏ အမူအရာကြောင့် မပေါက်စတစ်ယောက် နားမလည်နိုင် ဖြစ်နေ၏။

''ဘာတုန်းတော့ ‥ တော်ကလည်း''

''ငါတို့နှစ်ယောက် အိမ်ကို ဘယ်တော့မှ မပြန်တော့ဘူး''

''အလိုတော် ‥ ရှင် ဘာတွေပြောနေတာလဲ ‥ လာပါတော် ရှင် ဆေးသောက်ချိန် လွန်သွားပါဦးမယ် ‥''

''ဆေးသောက်ချိန် ဟုတ်လား''

ကိုဖေသော်က ဆက်မပြောဘဲ မပေါက်စကို စိုက်ကြည့်နေလိုက်သည်။ ကိုဖေသော်၏ အဓိပ္ပာယ်ပါသည့် မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်သည့်အလား မပေါက်စက စိတ်မလုံ့စွာဖြင့် တစ်ဖက်သို့ လှည့်သွား၏။

ကိုဖေသော် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါပြောတာ မင်း သေချာနားထောင်နော် .. မင်း ဘာလဲဆိုတာ ငါ သိနေပါပြီ ပေါက်စရယ် .."

"ရှင် .."

"ဟုတ်တယ် .. မင်း ငါ့ကို ချစ်လို့ပဲ ဖြစ်ဖြစ်၊ မုန်းလို့ပဲ ဖြစ်ဖြစ် ငါ့အသက်ကို မင်း လိုချင်နေတယ် မဟုတ်လား။ အေးပါ .. ကိစ္စမရှိပါဘူး။ ငါ့အသက်ကို ငါ မစိုးရိမ်ပါဘူး ပေါက်စရယ်။ မင်းကိုပဲ စိတ်ပူမိတာပါ။ ရွာက တခြားလူတွေကို ဒုက္ခမပေးပါနဲ့ကွာ .. မင်းအကြောင်းကို ရွာက ကာလသားတွေက ရိပ်မိစ ပြုနေကြပြီ ပေါက်စရဲ့ .. မကြာခင် မင်းကို ဒုက္ခပေးကြတော့မယ်"

မပေါက်စက ဘာမှ ပြန်မပြောဘဲ တွေဝေငေးငိုင်သွားရင်း မျက်ရည်များသာ တလိမ့်လိမ့်စီးကျနေတော့သည်။

"ပေါက်စရယ် .. မငိုပါနဲ့ .. မင်းနဲ့ ငါက ငယ်လင်ငယ်မယားတွေပဲ။ ငါ နေမကောင်းတဲ့တစ်လျှောက်လုံး မင်းရှာကျွေးတဲ့ ထမင်းကို စား၊ မင်းရှာပေးတဲ့ငွေနဲ့ ဆေးကုရင်း ငါက အသက်ရှင်နေခဲ့ရတာပါဟာ .. အဲဒီလို မင်းပေးထားတဲ့ အသက်ကို မင်းလိုချင်ရင် ပြန်ပေးဖို့ ငါက ဝန်မလေးပါဘူး။ တခြားလူတွေကို လုပ်သလိုမျိုး ပိုးစိုးပက်စက်မလုပ်ရက်လို့ ဆေးတွေဝါးတွေနဲ့ ဖြည်းဖြည်းချင်း စီရင်နေစရာလည်း မလိုပါဘူးဟာ။ မင်းပါးစပ်ကနေ 'ကျုပ်တော့ တမလွန် ရောက်နေပြီ .. ဒါကြောင့်မို့ ရှင်လည်း လိုက်ခဲ့ရမယ်'လို့ ဖွင့်ပြောရင် ငါက ချက်ချင်း မဆိုင်းမတွလိုက်မယ့်သူပါ"





ကိုဖေသော်၏ အပြောကြောင့် မပေါက်စတစ်ယောက် မျက်ရည်များက တားမရ ဆီးမရ ကျလာပြီး တသိမ့်သိမ့် လှုပ်ခါပြီး ငိုပါတော့သည်။ ရှိုက်သံမထွက်အောင် နှုတ်ခမ်းကို ဖိကိုက်ထားသည် ကလည်း ပြတ်လုမတတ်။

"မငိုနဲ့ ပေါက်စ .. မငိုနဲ့၊ ငါလည်း အိမ်ကို မပြန်တော့ဘူး။ မင်းနဲ့ငါ .. ဘယ်သူမှမသိတဲ့ တောထဲမှာ အတူတူ ဘဝဇာတ်သိမ်းကြတာပေါ့ဟာ။ ဒါမှ မင်းလည်း လူသူလေးပါး အကဲ့ရဲ့ ခံရမယ့်ဘဝက လွတ်မယ်။ ကဲ ကဲ့ .. မငိုနဲ့ .. ထိတ် လာပါ ကွယ် .. သွားကြပါစို့"



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုဆဲဆဲ နေလုံးနီနီက အနောက်ဘက်ကောင်းကင်ယံတွင် မိုးကုပ်စက်ဝိုင်းဆီသို့ နိမ့်သထက် နိမ့်ဆင်းလာလေသည်။ တိမ်တွေက ဆည်းဆာရောင်ပြွန်းဟပ်ပြီး လိမ္မော်တစ်လှည့်၊ ပြာတစ်လှည့်ဖြင့် မှိုင်းကာ တစ်ချို့၊ ရီကာ တစ်သွယ်၊ ရောင်ခြယ်အုံ့ဆိုင်းနေကြသည်။

သစ်ပင်ကိုင်းထက်မှ ရွှယ်ယယ်ရွက်ဖူးတို့သည်လည်းကောင်း၊ အရွက်ပြားပြားဖတ်ဖားလျားတို့သည်လည်းကောင်း အိပ်စက်ရန် ခိုတွဲကျနေတော့၏။ အေးမြသောလေပြေက တသိမ့်သိမ့် တသုန်သုန် ဝေ့ဝဲလာသည်။ လေငွေ့ထဲတွင် လေးတွဲ့အုပ်ဆိုင်းသော မှိုင်းမှိုင်းမှုန်မှုန် အဆွေးအရိပ်တွေ ရစ်ဆိုင်းခြုံကာ ပါလာ၏။

ဝန်းကျင်ခပ်သိမ်းတွင် အရာရာသည် အမှောင်ဆီသို့သာ ဦးညွတ်နေကြလေကုန်၏။

သစ်ကြီးဝါးကြီးတို့ အကိုင်းအခက် လက်ချင်းယှက်ရာ တောအုပ်ထဲတွင်ကား အိပ်တန်းဝင်ငှက်တို့၏အသံမှတစ်ပါး တိတ်ဆိတ်ခြောက်သွေ့နေသည်။ မုဆိုးခြေသွားလမ်းမျှသာ ရှိသော လျှိုမြောင်လေး အတိုင်း လူသားနှစ်ဦးကတော့ တဖြည်းဖြည်းချင်း ရွေ့လျားနေကြသည်။



နှစ်ဦး တူစုံလျှောက်လှမ်းလာခြင်းတော့ မဟုတ်။ ဇနီးဖြစ်သူက ခြေထောက်မသန်ရှာသော ခင်ပွန်းသည်ကို ကျောပေါ်တင်၍ ကုန်းပိုးကာ လေးလေးပင်ပင် လှမ်းနေရရှာခြင်း ဖြစ်သည်။

ဘယ်ဆီဘယ်ဝယ်မသိသော လမ်းဆုံးဆီ သွားနေကြသည့် သူတို့ဇနီးမောင်နှံ၏ခရီးကား ကြေကွဲစရာ ကောင်းလှသည်။ ယောကျ်ားဖြစ်သူ၏ မျက်လုံးထဲမှာ မျက်ရည်တွေ စီးကျနေသလို၊ အမျိုးသမီးကလည်း မျက်လုံးတွေ နီရဲသည်အထိ ငိုကြွေးထားလေသည်။

သို့သော် သူတို့၏နှုတ်ခမ်းတွေက အားတင်းပြီး ယုံ့ယုံ့ပြုံးနေကြသည်။

လောကဆင်းရဲခြင်း၏ကြမ္မာဆိုးဒဏ်ကို ဝဋ်ရှိသရွေ့ ခံရဦးမည်ဟု နှလုံးသွင်းထားသော သူတို့နှစ်ဦးသည်ကား ဤကမ္ဘာမြေပြင်၏ တစ်နေရာဆီသို့ တရွေ့ရွေ့ လှမ်းသွားကြလေတော့သတည်း။

သဘိုးတောစ

*15.11.2014*



www.burmeseclassic.com